ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့၊ (1-2-2016) (၈၄၆၃)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
တေံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

## စည်ပင်ဖွံ့ဖြိုး အလှတိုး သာယာရှင်ပျော် နေပြည်တော်



နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို နံ့သာထည်ဝါစွာတွေ့ရစဉ်။ (သတင်းစဉ်)

# ကုက္ကိုင်းခုံးကျော်တံတားပေါ်မှ ယာဉ်ဖြတ်သန်းခွင့်ပြု



သတင်း-စနိုး
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်တွင် တည်ဆောက်ထားသော ကုက္ကိုင်းခုံးကျော်တံတားပေါ်မှ ယာဉ်များမောင်းနှင်ဖြတ်သန်းခွင့်ကို ယနေ့မှ စတင်၍ ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

အဆိုပါ တံတားသည် ယခုနောက်ပိုင်းတည်ဆောက်နေသော ခုံးကျော်တံတားများအနက် ဆောလျင်စွာ ယာဉ်ဖြတ်သန်းခွင့်ပေးနိုင်ခြင်းဖြစ်သကဲ့သို့ မကြာမီ ရှစ်မိုင်လမ်းဆုံ၌ တည်ဆောက်နေသော ခုံးကျော်တံတားမှာလည်း ပြီးစီးတော့မည်ဖြစ်သည်။ ထိုကုက္ကိုင်းခုံးကျော်တံတားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် Capital Construction ကုမ္ပဏီလီမိတက်က တည်ဆောက်ခြင်းဖြစ်သည်။

"ခုံးကျော်တံတားပေါ်ကနေ ယာဉ်တွေကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုလိုက်တော့ ယာဉ်ကြောပိတ်ဆို့မှုတွေ တော်တော်လေးရှင်းလင်းသွားတယ်။ သွားလာရတာ အများကြီးအဆင်ပြေသွားပါတယ်"ဟု ယင်းလမ်းကြောပေါ်မှ နေ့စဉ်ဖြတ်သန်းမောင်းနှင်နေသော ခရီးသည်တင်ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။ မော်တော်ယာဉ်များကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုသော်လည်း အသေးစိတ်အချောသပ်လုပ်ဆောင်နေသည့်လုပ်ငန်းများလည်း ရှိနေသေးကြောင်း အဆိုပါကုမ္ပဏီမှ လုပ်သားတစ်ဦးကပြောပြသည်။

တံတားတည်ဆောက်ထားသော ကုက္ကိုင်းလမ်းဆုံထောင့်ရှိ ဗဟန်းမြို့နယ်အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက "ကလေးတွေအတွက်တော့ အရင်ကထက်စာရင်ယာဉ်အန္တရာယ်ပိုကင်းဝေးစေပါတယ်။ တံတားအောက်ကဖြတ်သန်းတဲ့ယာဉ်တွေက အရင်လိုတော့သိပ်မများတော့ပါဘူး။ ဒါပေမယ့် ကျောင်းဆင်းချိန်မှာတော့ ကျောင်းဂိတ်ပေါက်တစ်ခုပဲသုံးစွဲနိုင်တော့မှာဖြစ်တဲ့အတွက် သွားလာရတာ အခက်အခဲတွေရှိလာတယ်"ဟု ရှင်းပြသည်။

**စာမျက်နှာ ၃ ကော်လံ ၆ သို့ ✱**



ကြေးမုံ စာတည်းရှုထောင့် ၁-၂-၂၀၁၆၊ တနင်္လာနေ့

# စာရိတ္တယဉ်ကျေးမှု

မြန်မာနိုင်ငံကဲ့သို့ ဗုဒ္ဓဘာသာကို လူအများစုကိုးကွယ်သော နိုင်ငံအဖို့ လူတိုင်းလိုက်နာကျင့်သုံးရမည့် စာရိတ္တသည် ဘာသာရေးကို အခြေခံထားသည်။ စာရိတ္တဟူသည် ဘာသာရေးတွင်သာမက လူမှုဘဝတစ်ခုလုံးနှင့် သက်ဆိုင်သဖြင့် ကျယ်ဝန်းနက်ရှိုင်းသိမ်မွေ့သည်။ ထို့ကြောင့် ဘာသာစာရိတ္တယဉ်ကျေးမှုဟု ခေါ်ထိုက်သည်။

ယဉ်ကျေးမှုဟူသည်မှာ တိုင်းပြည်နိုင်ငံနှင့် လူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံနှင့် အမျိုးမျိုးသော အတတ်ပညာများကို ယဉ်ကျေးမှုဟုခေါ်သည်။ သို့ရာတွင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသောအခါတွင် ကိုယ်အမူအရာယဉ်ကျေးခြင်း (ကာယကံယဉ်ကျေးမှု)၊ တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာတွင် သိမ်မွေ့နူးညံ့ခြင်း(ဝစီကံ ယဉ်ကျေးမှု)၊ ဖြူစင်မြင့်မြတ်သော စိတ်ထားရှိခြင်း(မနောကံယဉ်ကျေးမှု)ထိုသုံးမျိုးမှာမူ ဘာသာရေးကိုအခြေခံသော "စာရိတ္တယဉ်ကျေးမှု" ဟု ခေါ်ဆိုရမည်ဖြစ်သည်။

အကြောက်တရားဖြင့် နေထိုင်ခဲ့ရသည့်ရှေးကာလများက ဘာသာစာရိတ္တယဉ်ကျေးမှုများ မပါးလျားသေးဟု ဆိုနိုင်သည်။ မြန်မာလူမျိုးတို့ဓလေ့ထုံးစံမှာ အမိအဖကို ကြောက်ရခြင်း၊ ဆရာသမား၊ ဦးကြီးဒေါ်ကြီး၊ အစ်ကိုအစ်မကြီးနှင့် မိမိတို့ကိုးကွယ်ဆည်းကပ်သော ဘုန်းတော်ကြီးစသည့် ကြောက်သင့်ကြောက်ထိုက်သူတို့ကို ကြောက်ရခြင်းမှာ အနိုင်ကျင့်ခြင်း၊ ဖိနှိပ်ခြင်းဟူသည့် ကြောက်ရခြင်းမျိုးမဟုတ်ချေ။ ရိုသေလေးစားဂါရဝတရားဖြင့် အဆုံးအမ ခံယူခြင်းဖြစ်သည့် ကြောက်ရွံ့ခြင်းသာဖြစ်သည်။

ထိုအကြောက်တရား၏ အကျိုးကျေးဇူးကြောင့်ပင် မိမိတို့အချိန်တန်အရွယ်ရောက် လူလားမြောက်အချိန်ကာလ၌ အထက်ဖော်ပြပါ "စာရိတ္တယဉ်ကျေးမှု" ကြွယ်ဝသူများအဖြစ် လောကအလယ်တွင် တင့်တယ်ခံ့ညားစွာ ရပ်တည်နေထိုင်နိုင်သည်ကိုတွေ့ရသည်။ ဆရာသမားမိဘတို့၏ ရိုက်နှက်ဆုံးမမှုကိုခံရမည်ကို ကြောက်ရွံ့ခဲ့ခြင်းသည်ပင် မိမိတို့ဘဝအတွက် ယဉ်ကျေးသော လူ့အသိုက်အဝန်းကိုဖြစ်စေခဲ့သည်။ ဆရာသမားမိဘတို့မှာလည်း အဆုံးအမ ခံထိုက်လောက်သည့် ဂုဏ်ရည်များရှိခဲ့သဖြင့် ၎င်းပုဂ္ဂိုလ်တို့အား ကြောက်သင့်ကြောက်ထိုက်ပေသည်။

မျက်မှောက်ကာလတွင် ခေတ်ကာလ၏တောင်းဆိုမှုအရ လွတ်လပ်မှုကို အပြည့်အဝရယူနိုင်သော ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရောက်ရှိလာသည်။ ဆုံးမထိုက်သည့် ဆရာသမားမိဘများနှင့် အဆုံးအမခံထိုက်သည့် ငယ်ရွယ်သူများအကြား ရောထွေးယှက်တင်မှုနှင့် ကွာဟမှုများရှိလာခြင်းအပြင် မှန်ကန်သည့်အကြောက်တရားနှင့် မှန်ကန်သည့်အဆုံးအမ နည်းလာသောအခါ စာရိတ္တယဉ်ကျေးမှု ကွယ်ပျောက်လာသည်ကို မြင်တွေ့လာရသည်။

စာရိတ္တယဉ်ကျေးမှုသည် လူမှုဘဝနယ်ပယ်တွင်သာမက တိုင်းပြည်ကြီးပွားတိုးတက်ရေးတွင်လည်း အလွန်အရေးကြီးသည့် လိုက်နာကျင့်ကြံရမည့် အချက်ဖြစ်ပါသည်။ လူမှုဘဝနယ်ပယ်တွင် အမြင်မတင့်ဖွယ်ရာများနှင့် စက်ဆုပ်ဖွယ်ရာများမှာ ထိုယဉ်ကျေးမှု ခေါင်းပါးလာသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် မိမိထက်အသက်အရွယ် ဂုဏ်သိက္ခာဝါကြီးမြတ်သောသူများကို ကြောက်ရွံ့ရိုသေရန်မဆိုနှင့် ထိုသူများရှေ့တွင်ပင် အရက်သေစာသောက်စားကြပြီး မူးယစ်နေသောလူငယ်များကို မြင်တွေ့လာရသည်။ အထူးသဖြင့် လုံးဝပြုမူခြင်းမပြုသင့်သည့် အမျိုးသမီးငယ်အချို့ပင် အများသူငါလာရောက်ကြသော စားသောက်ဆိုင်တို့တွင် အရက်သေစာသောက်စားတတ်သည်ကို မြင်တွေ့လာရပေရာ များစွာဝမ်းနည်းဖွယ်ကောင်းလှသည်။

စာရိတ္တယဉ်ကျေးမှုမှာ မိမိတို့ကိုယ်ကျင့်တရား၊ မိမိတို့ပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဆက်နွယ်မှုရှိသည်။ မှတ်သားစရာ ဆုံးမစကားတစ်ခုတွင် "စာရိတ္တသည် ဉာဏ်ပညာ၏ချို့ယွင်းမှုကွက်လပ်ကို မကြာခဏဖြည့်ပေးနိုင်သော်လည်း ဉာဏ်ပညာက စာရိတ္တကွက်လပ်ကို တစ်သက်တာ ဖြည့်မပေးနိုင်ပါ"ဟူသတည်း။ ထို့ကြောင့် မိမိသည် မည်မျှပင်ထူးချွန်ထက်မြက်နေသော်လည်း စာရိတ္တမကောင်းလျှင် အချည်းနှီးပင်ဖြစ်သည်။

စာရိတ္တကောင်းသူသာလျှင် မိမိဘဝ၊ မိမိပတ်ဝန်းကျင်ကို အကောင်းဆုံးဖန်တီးနိုင်မည့်အပြင် ယဉ်ကျေးသော မိမိနိုင်ငံ၊ တိုးတက်သောမိမိနိုင်ငံကို အကောင်းဆုံးတည်ဆောက်နိုင်မည်ဖြစ်၍ စာရိတ္တယဉ်ကျေးမှု ကောင်းမွန်အောင် ဦးစွာကြိုးပမ်းအားထုတ်ကြရန် လိုအပ်နေပြီဖြစ်ပါသတည်း။ ။




## ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများအား ဗီယက်နမ် BIDV ဘဏ်မှ စတုတ္ထအကြိမ်မြောက် ပညာသင်ဆုပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံတွင် လာရောက်ဆောင်ရွက်နေသောဘဏ်များမှ ပညာသင်ဆုများ ပေးအပ်လျက်ရှိရာတွင် ဗီယက်နမ်နိုင်ငံ၊ BIDV(Bank For Investment and Development of Vietnam) ဘဏ်မှ စတုတ္ထအကြိမ်မြောက်အဖြစ် ပညာသင်ဆုများ ပေးအပ်ခဲ့ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ သိရသည်။

BIDV ဘဏ်မှ ပညာသင်ဆု ပေးအပ်ခြင်းမှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုများ ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ၁၀၀နှုန်းဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀ အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

"နိုင်ငံတကာနဲ့ပူးပေါင်းပြီးတော့ မာစတာပရိုဂရမ်တွေ၊ ပညာတော်သင်တွေ၊ စကောလားရှစ်တွေကိုလည်းပဲ ကျောင်းသား ကျောင်းသူတွေရော ဆရာ ဆရာမတွေပါ လွှတ်ပြီးတော့ ပညာရေးပြုပြင်ပြောင်းလဲမှုအနေနဲ့ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ထားတာရှိပါတယ်။ နိုင်ငံတကာနဲ့ချိတ်ဆက်ထားတဲ့တက္ကသိုလ် ၂၉ ခုရှိပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ရောက်ရှိနေတဲ့ဘဏ်တွေ တော်တော်များများက စကောလားရှစ်ပေးထားပါတယ်။ ဂျပန်ကနေလည်း ကျောင်းသူလေးဦး စကောလားရှစ်ရပါတယ်။ ချင်းမိုင်တက္ကသိုလ်နဲ့လည်း မာစတာပရိုဂရမ်တွေ ဖွင့်ထားသလို ဟိုမှာသွားပြီးတက်ဖို့ စီစဉ်ထားပြီး ဂုဏ်ထူးတန်းက ကျောင်းသား ကျောင်းသူတွေ မာစတာဘွဲ့ယူဖို့ တက်နေပါတယ်။ Ph.D ပရိုဂရမ်တွေအတွက် ဘန်ကောက်မှာ သွားတက်နေတဲ့ ဆရာ ဆရာမတွေလည်း ရှိပါတယ်"ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦးက ပြောသည်။

အဆိုပါ ပညာသင်ဆု ပေးအပ်ချီးမြှင့်ပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E Mr. Pham Thonh Dung ၊ BIDV ဘဏ်မှ Chief of Representative Mr. Ngo Duy Viet နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်နိုင်ဦး၊ ဒုတိယပါမောကချုပ် ဒေါက်တာထွန်းအောင်၊ နိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူနှင့် ပညာသင်ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၀၀၁)**

## ကလေးများကူးရေးရန်ခက်ခဲမည့် ဗျည်းရှစ်လုံးကို စာသင်နှစ်နောက်ဆုံးသုံးလတွင် သင်ကြားပေးမည်

**မန္တလေး ဇန်နဝါရီ ၃၁**

ဘက်စုံဖွံ့ဖြိုးမှုကို အခြေခံသော ပညာရေးဖြစ်စေရန် ပြုစုထားသည့် KG (သူငယ်တန်း)ကို သင်ရိုးသစ်ဖြင့်၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ KG (သူငယ်တန်း) ဆရာ ဆရာမများ လေ့ကျင့်သင်တန်းပေးရေး ဗဟိုအဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

"သာမန် ကျောင်းဖွင့်ချိန်အတိုင်းဖြစ်ပြီး ဖွံ့ဖြိုးမှုလုပ်ငန်း လုပ်ဆောင်ချိန် ၄ နာရီ သတ်မှတ်ထားပါတယ်။ ဗျည်းအက္ခရာ ၃၃ လုံးအနက် ရှစ်လုံးလုံးကို ဖယ်ထုတ်ခြင်းကိစ္စဟာ နားလည်မှု လွဲခြင်းဖြစ်ပါတယ်။ ဒီ KG သင်ရိုးအစပြုဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၈ ခု ကိုကိုယ်စားပြုထားတဲ့ မြို့ကြီး ၁၀ မြို့မှာ အသိပေးဆွေးနွေးပွဲတွေ ပြုလုပ်ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။ KG (သူငယ်တန်း)သင်ရိုးသစ်မှာ ဗျည်း ၃၃ လုံးရဲ့ အသံနဲ့အမည်ကို အရင်သင်ကြားပေးမယ်။ ကလေးတွေကူးရေးတဲ့အခါ ခက်ခဲမယ့် ဗျည်းရှစ်လုံးကို ခေတ္တချန်ထားပြီး စာသင်နှစ်နောက်ဆုံး သုံးလဖြစ်တဲ့ နိုဝင်ဘာ၊ ဒီဇင်ဘာနဲ့ ဇန်နဝါရီလတွေမှာတော့ နောက်အတန်းကို ကူးပြောင်းဖို့အတွက် လေ့ကျင့်တဲ့အနေနဲ့ ကူးရေးနည်းတွေကို သင်ကြားပေးမှာဖြစ်ပြီး သင်ရိုးညွှန်းတမ်းအတိုင်း ဆက်လက် သင်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်အများမြင်နေသလို ဗျည်း ၃၃ လုံးကို ဖျက်လိုက်ခြင်း မဟုတ်ပါဘူး"ဟု ၎င်းက ပြောသည်။

ယခုသင်ရိုးသစ်ကို၂၀၁၃ ခုနှစ်မှ စတင်ရေးဆွဲရန် စီစဉ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံသင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့၊ မြန်မာစာအဖွဲ့ဦးစီးဌာနနှင့် ပြည်တွင်း ပညာရှင်များချိတ်ဆက်ရေးဆွဲထားခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံတက္ကသိုလ် သင်ရိုးညွှန်းတမ်းပညာရှင်၏ တည်းဖြတ်အကြံပြုချက်များဖြင့် ပြုစုရေးဆွဲထားခြင်း ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ ဗဟိုအဆင့်နည်းပြသင်တန်းအား တစ်နိုင်ငံလုံးရှိအခြေခံပညာကျောင်းများမှ ဆရာ ဆရာမပေါင်း ၅၀၀ တက်ရောက်ခဲ့ပြီး သူငယ်တန်းသင်ရိုးညွှန်းတမ်းပြုစုရေးအဖွဲ့ ဆရာ အတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊အခြေခံပညာဦးစီးဌာန၊မိတ်ဖက်အဖွဲ့အစည်းများပါဝင်သော နည်းပြပေါင်း ၆၇ ဦးနှင့် သင်တန်းကြီးကြပ်သူ ၁၀ ဦးတို့က ဇန်နဝါရီ ၂၉ မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ မန္တလေးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းတို့တွင် လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


## ကွမ်းခြံကုန်းမြို့နယ်၌ သောက်ရေကန်များ ပြုပြင်

**ကွမ်းခြံကုန်း ဇန်နဝါရီ ၃၁**

ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရေကန်များအား ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဦးစီးဌာနရန်ပုံငွေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာမှ သောက်ရေကန် ကိုးကန်အား ရေကန်စည်းရိုးများ ကာရံပေးခြင်း၊ ရေတိုင်ကင်များ တပ်ဆင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ကော့ခနိမ်ကျေးရွာနှင့် ထင်းပုံကျေးရွာတို့တွင် စက်ရေတွင်းများ တူးဖော်ပေးခဲ့ကြောင်း သိရသည်။

**သရဖီ(ကွမ်းခြံကုန်း)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းတောင်ဓာတ်အားခွဲရုံနှင့် ငပြေမဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားများ ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ၆၆/၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ငရုတ်ကောင်းတောင် ဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အဆိုပါ ဓာတ်အားခွဲရုံနေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစောမြသိန်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ငရုတ်ကောင်းတောင်ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးတို့က ဓာတ်အားခွဲရုံ မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ငရုတ်ကောင်းတောင် ဓာတ်အားခွဲရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ဓာတ်အားစနစ်မှ ဓာတ်အားမရောက်ရှိသေးသည့် ငရုတ်ကောင်းမြို့၊ ဟိုင်းကြီးကျွန်းမြို့၊ ငွေဆောင်ဒေသ၊ ချောင်းသာဒေသနှင့် ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် ပုသိမ်(ကန်ကြီးထောင့်) ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်းတောင်-ငပြေမဓာတ်အားလိုင်း ၇၆ ဒသမ ၅ မိုင်အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ယူတည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ပြီးစီးခဲ့ပြီး အောက်တိုဘာ ၁၀ ရက်တွင် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ ပုသိမ် ပင်မဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်းတောင်-ငပြေမဓာတ်အားလိုင်းသို့ ဓာတ်အားစမ်းသပ်ပို့လွှတ်ခဲ့ပြီး အောက်တိုဘာ ၁၂ ရက်တွင် ငရုတ်ကောင်းတောင်ကျေးရွာအား ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငပြေမ ၆၆/၃၃/၁၁ကေဗွီ (၂၀+၅)အမ်ဗွီအေ ငပြေမ ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ငပြေမကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးတို့က ဓာတ်အားခွဲရုံမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဓာတ်အားခွဲရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဓာတ်အားခွဲရုံ Switch Yard နှင့် ဓာတ်အားခွဲရုံအတွင်း ဓာတ်အားပို့လွှတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ ငပြေမဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကျုံကူးဓာတ်အားခွဲရုံတည်ဆောက်ခဲ့ပြီး ကျုံကူးကျေးရွာ၊ ပျဉ်းမကွင်းကျေးရွာ၊ ရဲခေါင်ကြီး(တောင်)ကျေးရွာ၊ ရဲခေါင်ကြီး(မြောက်)ကျေးရွာ၊ ရေကျော်ကျေးရွာတို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ငပြေမဓာတ်အားခွဲရုံအနီးရှိ စန်းနားစုကျေးရွာ၊ အပေါ်စုကျေးရွာ၊ အောက်စုကျေးရွာများ ဓာတ်အားရရှိရေး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဟိုင်းကြီးကျွန်းမြို့နယ်အတွင်း ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းဘုရားနှင့် ဇီးချိုင့်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ငပြေမ-ရေနောက်အိုင်-မော်တင်စွန်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၃ ဒသမ ၄ မိုင်၊ ဇီးချိုင့်-ရေနောက်အိုင်-ဟိုင်းကြီးကျွန်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၈ မိုင်အား တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဓာတ်အားစတင်ပို့လွှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# စဉ်းစားတွေးခေါ်နိုင်မှုနှင့် လက်တွေ့ဖွံ့ဖြိုးမှုများပါ လေ့ကျင့်ပေးသော ဝိဇ္ဇာ၊ သိပ္ပံပွဲတော် ကလေးများအတွက် ပြုလုပ်ပေး

သတင်း-စန္ဒီ
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)




**ရန်ကုန် ဇန်နဝါရီ ၃၁**

ကျောင်းသား ကျောင်းသူကလေးအရွယ်မှစတင်ကာ စဉ်းစားတွေးခေါ်တတ်ခြင်း၊ မှန်ကန်သည့်ဆုံးဖြတ်ချက်များကို လက်တွေ့နယ်ပယ်၌ ချမှတ်နိုင်ခြင်းနှင့် စိတ်စွမ်းအင်ဖွံ့ဖြိုးမှုရင့်သန်စေရန် လေ့ကျင့်လုပ်ဆောင်ပေးသည့် ဝိဇ္ဇာ၊ သိပ္ပံပွဲတော်ကို ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ILBC ကျောင်းအားကစားရုံ၌ ယနေ့ကျင်းပသည်။ **(ယာပုံ)**

သိပ္ပံဘာသာရပ်များသာမက ဝိဇ္ဇာဘာသာရပ်များကိုပါ အချိုးညီစွာ တတ်မြောက်စေရန်ရည်ရွယ်၍လည်း ပြုလုပ်သည့် အဆိုပါပွဲတော်သည် ယခုနှစ်ဆိုလျှင် (၁၀)ကြိမ်မြောက်ရှိလာခဲ့ပြီဖြစ်သည်။ မူလက ၂၀၀၆ ခုနှစ်တွင် သိပ္ပံပြပွဲအဖြစ် ပြုလုပ်ခဲ့ရာမှ ဝိဇ္ဇာပညာရပ်များကိုပါ ပေါင်းစပ်၍ ယခုကဲ့သို့ နှစ်စဉ်ကျင်းပနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ "ဒီနှစ်ရဲ့ ထူးခြားချက်က ဘာသာရပ်လိုက်ကနေ Division အလိုက် ပြသတာဖြစ်ပါတယ်"ဟု အဆိုပါကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးလွင်က ပြောသည်။

ကျောင်းသား ကျောင်းသူများ ဝိဇ္ဇာ၊ သိပ္ပံပညာနှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်မှုရင့်သန်စေခြင်း၊ ပညာရပ်အသီးသီးကို လက်တွေ့အကောင်အထည်ဖော်ရာတွင် စာတွေ့အရ တွက်ချက်လေ့လာပြီးမှ ပြုလုပ်စေခြင်း၊ ပညာရပ်အသီးသီးကို လေ့လာရာတွင်လည်း စာတွေ့အပြင် လက်တွေ့နှင့် ပူးတွဲလေ့ကျင့်မှသာလျှင် အောင်မြင်နိုင်မည်ဟု ယုံကြည်ခြင်း၊ လက်တွေ့ပြုလုပ်ရာတွင်လည်း စာတွေ့ကိုအခြေခံ၍ ကောင်းသည်ထက်ကောင်းအောင် တီထွင်ကြံဆစေလိုခြင်း၊ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်စီးပွားရေး ရွေးချယ်ရာတွင် စက်မှုအတတ်ပညာများ အသုံးချကာ စီးပွားရေးရွေးချယ်မှုများ ရရှိလာစေရန်ရည်ရွယ်၍ ပြုလုပ်သော ယင်းပြပွဲတွင် ပြခန်း ပြကွက်ပေါင်း ၁၅၄ ကွက်ပါဝင်ခဲ့ကြသည်။

"ဒီပြပွဲက အများကြီး စိတ်ဝင်စားဖို့ကောင်းတယ်။ ကိုယ်ပြသတဲ့ ပြကွက်နဲ့ပတ်သက်ပြီးလည်း လေ့လာသူတွေ သိနားလည်အောင် ရှင်းပြနိုင်စွမ်းရှိကြပါတယ်။ အဲဒါကြောင့်လည်း နှစ်တိုင်းလေ့လာဖြစ်ပါတယ်" ဟု အခြေခံပညာ အထက်တန်းကျောင်းသုဝဏ္ဏမှ ကျောင်းဆရာမတစ်ဦးက ပြောသည်။ ထိုပြပွဲတွင် ပါဝင်ပြသကြသော ကျောင်းသား ကျောင်းသူများ၏ မိဘများသာမက ပြင်ပရှိ အခြားသော ကျောင်းအသီးသီးမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ဝင်တစား လေ့လာသူများစွာလည်း အများအပြားရှိခဲ့သည်။

"ကလေးတွေရဲ့ Intelligence ကို ပြုစုပျိုးထောင်ပေးပါတယ်။ လူတိုင်းမှာတော့ Intelligence တွေပါပေမယ့် စနစ်တကျ ပျိုးထောင်ပေးတဲ့အခါ သူတို့စိတ်ဝင်စားတဲ့အပိုင်းမှာ ထူးချွန်သွားကြတယ်" ဟု ကျောင်းအုပ်ဆရာမကြီးက ရှင်းပြသည်။ သင်ကြားသော ဆရာ ဆရာမများက သင်ကြားပေးခဲ့သည့် သင်ခန်းစာများအနက်မှ မိမိနှစ်သက်သော သင်ခန်းစာ၏ အစိတ်အပိုင်းကို လက်တွေ့ Project ပြုလုပ်၍ ပြသခဲ့ခြင်းဖြစ်သလို တက္ကသိုလ်ပညာ ဆက်လက်သင်ယူရန်အတွက်လည်း မိမိတို့၏ ဝါသနာပါသော ဘာသာရပ်ကို ရွေးချယ်ဖော်ထုတ်နိုင်ခြင်း၊ လူမှုပတ်ဝန်းကျင်လောကအတွင်း၌ မှန်ကန်သော တွေးခေါ်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း စသည်ဖြင့် အကျိုးရှိစွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ လုပ်ဆောင်မှုသည် ကျောင်းသား ကျောင်းသူအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ လက်တွေ့ Project တစ်ခု လုပ်ဆောင်သည့်အခါ ကြုံတွေ့ရသော အခက်အခဲများကို သိမြင်လာစေခြင်း၊ မိမိ၏ အားနည်းချက်၊ အားသာချက်များကို ကိုယ်တိုင်သိမြင်လာစေခြင်း၊ အနာဂတ်ရည်မှန်းချက်များအပေါ် လက်တွေ့ဆောင်ရွက်ရာတွင်လည်း ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချနိုင်၍ မှန်ကန်သည့် ရွေးချယ်မှုများကို ပြုလုပ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိစေခဲ့သည်။

"ဘယ်ဟာမျိုးကို မလုပ်နဲ့၊ ဘယ်ဟာမျိုးပဲ လုပ်ဆိုပြီးတော့ ကန့်သတ်ထားတာမျိုး မရှိဘူး။ ကျောင်းတက်ရက် ၁၈၀ ရှိလို့ရှိရင် ဘယ်လောက်လေ့ကျင့်ပြီးလဲဆိုတာ သိနိုင်ပါတယ်။ တချို့ကျတော့ နှစ်စကသင်တဲ့ သင်ခန်းစာတွေကို Project လုပ်တာမျိုးတွေရှိပေမယ့် တချို့ကျတော့လည်း အခုလေးတင်မှ သင်ကြားပြီးတဲ့ သင်ခန်းစာတွေကို လုပ်တာတွေလည်းရှိပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီးက ဆက်လက်ရှင်းပြခဲ့သည်။ ပြပွဲ၌ ပါဝင်ပြသရန်အတွက် အချို့သော Project များသည် လပေါင်းများစွာ ပြင်ဆင်ထားရခြင်းများရှိကြောင်း သိရသည်။

ထိုကျောင်းတွင် သင်ကြားရေးပိုင်းဆိုင်ရာ အရည်အသွေးမြင့်မားစေရန် ဆရာ ဆရာမများကိုလည်း မွမ်းမံလေ့ကျင့်သင်ကြားမှုများ ပြုလုပ်လျက်ရှိပြီး သူငယ်တန်း(KG)အရွယ်မှစ၍ Lower Primary, Upper Primary, Lower Secondary, Upper Secondary စသည်ဖြင့် ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူ ၁၆၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

**✱ ရွှေဖုံးမှ**

ထိုကျောင်းတွင် ဂိတ်ပေါက်နှစ်ခုရှိပြီး ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် ယင်းဂိတ်ပေါက်နှစ်ခုအနက် တစ်ခုကိုသာ သုံးစွဲနိုင်တော့မည်ဖြစ်သည့်အတွက် ရေရှည်တွင် ဂိတ်ပေါက်အသစ်တစ်ခု လုပ်ဆောင်ရန် လိုအပ်လာကြောင်း၊ လက်ရှိတွင် နှစ်ချိန်ကျောင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူပေါင်း ၁၃၀၀ ခန့် ပညာသင်ယူနေလျက်ရှိရာ ကျောင်းဆင်းချိန်များတွင် အခက်အခဲများကြုံလာနိုင်ကြောင်း၊ ဂိတ်ပေါက်အသစ် ထပ်မံဖောက်လုပ်ရန်မှာလည်း ကျောင်း၏ အသုံးစရိတ်ဘတ်ဂျက်အရ လောက်ငမှုမရှိသေးသည့်အတွက် ခက်ခဲမှုများရှိနေခြင်းဖြစ်ကြောင်း ယင်းပုဂ္ဂိုလ်က ဆက်လက်ရှင်းပြခဲ့သည်။

ထိုခုံးကျော်တံတားအောက်တွင်ရှိ လွတ်နေသော နေရာများတွင် ကျောင်းကြို/ပို့ယာဉ်များသာ ရပ်တန့်ခွင့် သီးသန့်နေရာတစ်ခုအဖြစ် လတ်တလော သတ်မှတ်ပေးနိုင်ပါက ကျောင်းအဆင်းအတက် ကြို/ပို့ယာဉ်များ စနစ်တကျရပ်တန့်နိုင်မည်ဖြစ်သလို ကျောင်းသား ကျောင်းသူများအတွက် လတ်တလော အခက်အခဲကို ကုစားရာရောက်စေနိုင်ကြောင်း တက္ကသိုလ်ရိပ်သာလမ်းသစ်အတွင်း နေထိုင်သူတစ်ဦးက အကြံပြုပြောကြားခဲ့သည်။

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်

**လှိုင်းဘွဲ့ ဇန်နဝါရီ ၃၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီက လှိုင်းဘွဲ့မြို့ အထကကျောင်း ပန်းဝတ်မှုံပညာခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြန်မာနိုင်ငံ စာကြည့်တိုက်များအသင်း နာယက ဦးသိန်းလွင်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျပန်း၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကိုလှူဒါန်းကြရာ ကရင်ပြည်နယ်အစိုးရအဖွဲ့က စာအုပ် ၅၀၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ် ၄၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် သရုပါစာကြည့်တိုက်တို့က စာအုပ် ၂၀၀၊ ပြည်နယ်အာမခံဦးစီးဌာနက စာအုပ် ၁၀၀ အသီးသီး ပေးအပ်လှူဒါန်းကြရာ လှိုင်းဘွဲ့မြို့နယ်ပညာရေးမှူး ဦးမောင်ထွန်းက လက်ခံရယူသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ပြင်သစ်တွင် နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာထားမှုရုပ်သိမ်းရန် တောင်းဆို




**ပါရီ ဇန်နဝါရီ ၃၁**

ပြင်သစ်နိုင်ငံတစ်ဝန်းမြို့များရှိ လမ်းမများတွင် လူထောင်ပေါင်းများစွာက လွန်ခဲ့သည့်နှစ် နိုဝင်ဘာလတွင် ပါရီမြို့အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ထုတ်ပြန်ကြေညာထားသည့် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာထားမှုကို အဆုံးသတ်ရုပ်သိမ်းရန် တောင်းဆိုလှုပ်ရှားခဲ့ကြသည်။

အရေးပေါ်အခြေအနေ ရုပ်သိမ်းရန် တောင်းဆိုသူများက ဇန်နဝါရီ ၃၀ ရက်တွင် မြို့ပေါင်း ၇၀ ခန့်၌ ချီတက်ဆန္ဒပြလှုပ်ရှားခဲ့ကြပြီး ပါရီမြို့၌ လူ ၅၀၀၀ ကျော်ခန့်က မိုးရွာထဲမှာပင် ဆန္ဒပြလှုပ်ရှားခဲ့ကြသည်။

အကြမ်းဖက်သမားများက ပါရီမြို့ကို တိုက်ခိုက်မှုကြောင့် လူ ၁၃၀ သေဆုံးခဲ့ရပြီးနောက် ပြင်သစ်အစိုးရက နိုင်ငံတော်အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ အဆိုပါထုတ်ပြန်ကြေညာမှုသည် ဖေဖော်ဝါရီလတွင် ကုန်ဆုံးမည်ဖြစ်သော်လည်း နောက်ထပ်သုံးလ ထပ်မံတိုးမြှင့်ရန် လိုလားလျက်ရှိသည်။

နိုင်ငံတော်အရေးပေါ်ကြေညာထားသည့်ကာလတွင် ရဲတပ်ဖွဲ့ဝင်များက တရားရုံး၏ ခွင့်ပြုမိန့်(ဝရမ်း)မပါဘဲ စစ်ဆေးခွင့်ရရှိထားသည်။ လူ့အခွင့်အရေးလှုပ်ရှားသည့်အဖွဲ့အစည်းများက ယင်းအခြေအနေသည် အခွင့်အာဏာကို အလွဲသုံးစားပြုလုပ်နိုင်သည့် အခြေအနေသို့ ဦးတည်စေနိုင်ကြောင်း သတိပေးထောက်ပြကြသည်။

ပါရီမြို့တွင် ဆန္ဒပြလှုပ်ရှားသူများက "နိုင်ငံတော်အရေးပေါ်အခြေအနေ အလိုမရှိ" ဟူသော ဆိုင်းဘုတ်များကို ကိုင်ဆောင်လျက် ပြည်သူ့ရင်ပြင်မှ မြို့လယ်သို့ ချီတက်ခဲ့ကြသည်။ ဆန္ဒပြလှုပ်ရှားသူတစ်ဦးက တရားရုံး၏ ခွင့်ပြုချက်မပါဘဲ ရဲတပ်ဖွဲ့ဝင်တွေကို စစ်ဆေးခွင့်ပြုထားမှုသည် မှုမမှန်သော အကြောင်းပြချက်များဖြစ်သည်ဟု ဆိုသည်။ နောက်တစ်ဦးက ယင်းသို့ကြေညာမှုသည် ယာယီသဘောမျှသာဖြစ်သင့်သည်ဟု ပြောကြားသည်။ ပြင်သစ်ပါလီမန် နိုင်ငံတော်အရေးပေါ်အခြေအနေကြေညာထားမှုကို တိုးမြှင့်ရန် သို့မဟုတ် ရုပ်သိမ်းရန်နှင့်ပတ်သက်၍ ဖေဖော်ဝါရီလတွင် အချေအတင်ဆွေးနွေးသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

## ဂျပန်၌ ဘေးအန္တရာယ်ကာကွယ်ရေး လေ့ကျင့်မှုများကို နိုင်ငံခြားသားများအတွက်ပါ ပြုလုပ်ပေးနေ

**နာဂိုယာ ဇန်နဝါရီ ၃၁**

ဂျပန်နိုင်ငံ၌ သဘာဝဘေးအန္တရာယ်များနှင့် အခြားသော အရေးပေါ်အခြေအနေများကျရောက်ချိန်တွင် အရပ်သားများသာမက နိုင်ငံခြားသားအခြေစိုက်နေထိုင်သူများပါ ဘေးဥပါဒ်ကင်းဝေးစေရန် ရည်ရွယ်လျက် ဒေသန္တရအစိုးရအဖွဲ့များက ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုများကို ပြုလုပ်ပေးလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

နိုင်ငံခြားသားများသည် သက်ကြီးရွယ်အိုများနည်းတူ အရေးကြုံချိန်တွင် ဘာသာစကား အခက်အခဲ၊ နယ်မြေဒေသနှင့် ကျွမ်းဝင်မှုမရှိသည့် အခက်အခဲတို့ကြောင့် ဘေးအန္တရာယ်များမှ ၎င်းတို့ လွတ်မြောက်ရေးအတွက် ကြိုတင်လေ့ကျင့်မှုများပြုလုပ်ထားရန် လိုအပ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်း အခြေပြစာရင်းအရ ဂျပန်နိုင်ငံ၌ နိုင်ငံခြားသား ၂ ဒသမ ၁၂ သန်း အထိ အခြေစိုက် နေထိုင်လျက်ရှိသဖြင့် ၎င်းတို့အား သဘာဝဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်ရန် လိုအပ်လာသည်။ ထိုစဉ်အတွင်း ဂျပန်နိုင်ငံသို့ ကမ္ဘာအရပ်ရပ်မှ အလည်အပတ်လာရောက်သော နိုင်ငံခြားသားခရီးသည် ၁၉ သန်းအထိ ရှိလာသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းမှာ ပိုမိုအရေးပါလာသည်။

အိုရိတ စီရင်စုရှိ ရေပူစမ်း အပန်းဖြေစခန်းတည်ရာ ဘက်ပူမြို့သို့ ၂၀၁၄ ခုနှစ်အတွင်း နိုင်ငံခြားသား ၃၄၀၀၀၀ ခန့် အလည်အပတ်လာရောက်ခဲ့ကြသည်။ အဆိုပါမြို့တွင် ဆူနာမီရေလှိုင်း ရိုက်ခတ်ချိန်တွင် မိမိအသက်လုံခြုံရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားကာ သတိပေးချက်အဖြစ် ထုတ်ပြန်ထားသည်။

ဘက်ပူမြို့၌ ၂၀၁၄ မှစ၍ နိုင်ငံခြားသားများအတွက် အရေးပေါ် အခြေအနေဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ပေးမှုများကို ပြုလုပ်လာခဲ့သည်။ **ကျိုဒို။**



## ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား ပညာရေးဝန်ကြီးများ ဆိုးလ်မြို့တွင် တွေ့ဆုံဆွေးနွေး

**ကျိုတို ဇန်နဝါရီ ၃၁**

ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယား ပညာရေးဝန်ကြီးများက ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုနှင့် သုံးနိုင်ငံတက္ကသိုလ်များအကြား အမြင်ချင်းဖလှယ်မှုများပြုလုပ်ရန် သဘောတူညီခဲ့ကြသည်။

သုံးနိုင်ငံပညာရေးဝန်ကြီးများသည် တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့တွင် ဇန်နဝါရီ ၂၉ ရက်က တွေ့ဆုံခဲ့ကြသည်။ ယင်းအစည်းအဝေးပွဲသည် နိုဝင်ဘာလကကျင်းပခဲ့သည့် သုံးနိုင်ငံ ထိပ်သီးအစည်းအဝေးမှ သဘောတူညီခဲ့သည့် နောက်ဆက်တွဲ ဆွေးနွေးညှိနှိုင်းမှုများဖြစ်သည်။

ယခုအစည်းအဝေးသည် သုံးနိုင်ငံပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ခြင်းဖြစ်ကြောင်းနှင့် သုံးနိုင်ငံပြည်သူများ၊ ကလေးငယ်များ၊ ဆရာ၊ ဆရာမများအပါအဝင် အုပ်ချုပ်ရေးတာဝန်ရှိသူများအကြား ပညာရေးဆိုင်ရာအတွေးအမြင်များကို ရင်းရင်းနှီးနှီးဖလှယ်စေရန်ဆန္ဒရှိကြောင်း ဂျပန်ပညာရေးဝန်ကြီး ဟီရိုရှိ ဟာဆီက ဆိုသည်။

သုံးနိုင်ငံအချင်းချင်းအပြန်အလှန်နားလည်မှုရှိစေရန် ပညာရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း သုံးနိုင်ငံဝန်ကြီးများကဆိုသည်။ ဝန်ကြီးများက ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ဆိုးလ်ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် သုံးနိုင်ငံ၏ မူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများအကြား အခြေခံပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် ဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

ယခုကဲ့သို့ သုံးနိုင်ငံပညာရေးဝန်ကြီးများအစည်းအဝေးပွဲကို နှစ်စဉ်ကျင်းပရန်လည်း ဝန်ကြီးများက စီစဉ်မှုများပြုလုပ်ခဲ့သည်။ နောင်လာမည့်အစည်းအဝေးကို ဂျပန်နိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

## ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အရပ်သားတစ်ဦး ဝန်ကြီးချုပ်ဖြစ်လာရန် လမ်းပွင့်

**ဘန်ကောက် ဇန်နဝါရီ ၃၁**

ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အရပ်သားတစ်ဦးအား နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်လာရန် လမ်းဖွင့်ပေးထားကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ဖော်ပြထားသည်ဟု ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၌ တပ်မတော်အစိုးရအဖွဲ့က ခန့်အပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေး ကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဇန်နဝါရီ ၂၉ ရက်က ထုတ်ပြန်ခဲ့သည်။

ဝန်ကြီးချုပ် ရာထူးနေရာအတွက် ရွေးချယ်ခံမည့်ပုဂ္ဂိုလ်အတွက် နိုင်ငံရေးပါတီတိုင်းက အမည်စာရင်းတင်သွင်းခွင့်ရှိကြောင်း၊ သို့ရာတွင် အမည်စာရင်းတင်သွင်းခံရသူသည် လွှတ်တော်အမတ် သို့မဟုတ် နိုင်ငံရေးပါတီဝင် ဖြစ်ရန် လိုအပ်မည်မဟုတ်ကြောင်း၊ သို့ရာတွင် ရာထူးမှ ဖြုတ်ချခံခဲ့ရသော အရပ်ဘက်ဝန်ထမ်းဟောင်းများကိုမူ အမည်စာရင်းတင်သွင်းနိုင်မည်မဟုတ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

အထက်လွှတ်တော် အမတ်နေရာ ၂၀၀ ကို သွယ်ဝိုက်သောနည်းလမ်းဖြင့် ရွေးချယ်တင်မြှောက်သော စနစ်သစ်ဖြင့် ရွေးချယ်မည်ဖြစ်သည်။ အုပ်စု ၂၀ မှ အရည်အချင်းမီသော ပုဂ္ဂိုလ်များကို ပြည်သူတို့က လွတ်လွတ်လပ်လပ် ရွေးချယ်နိုင်ကြမည်ဖြစ်ပြီး အောက်ခြေအဆင့်မှသည် နိုင်ငံတော်အဆင့်အထိ အမည်စာရင်းတင်သွင်းကာ ပြည်သူတို့က ရွေးချယ်ပေးမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အောက်လွှတ်တော်တွင် အမတ်နေရာ ၅၀၀ ရှိမည်ဖြစ်ပြီး အမတ် ၃၅၀မှာ မဲဆန္ဒနယ် တစ်နယ်ချင်းအလိုက် ရွေးချယ်ခံရသူများဖြစ်ကာ အမတ် ၁၅၀ မှာ ပါတီများက အလိုက် တင်သွင်းသော ကိုယ်စားလှယ်လောင်းများ ရွေးချယ်မည်ဖြစ်ကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

**ကျိုဒို။**

## ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ရန် ပြင်သစ်ပိတ်ကြားချက် အစ္စရေးစဉ်းစားမည်ဟုဆို

**ဂျေရုဆလင် ဇန်နဝါရီ ၃၁**

ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် ပြင်သစ်နိုင်ငံ၏ ဖိတ်ကြားချက်ကို အစ္စရေးနိုင်ငံက စဉ်းစားသုံးသပ်သွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားပါက ပါလက်စတိုင်းနိုင်ငံတော် ထူထောင်မှုကို ပြင်သစ်နိုင်ငံက အသိအမှတ်ပြုမည်ဟု ပြောကြားခြင်းမှာမူ အမှားကျူးလွန်ရာရောက်သည်ဟု အစ္စရေးအစိုးရက ယူဆကြောင်း အစ္စရေးအစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ပြားလျှင် ပါလက်စတိုင်း နိုင်ငံတော်ထူထောင်မှုကို ပြင်သစ်နိုင်ငံက ထောက်ခံမည်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖေဘီယပ်စ်က ဇန်နဝါရီ ၂၉ ရက်တွင် နိုင်ငံခြားသံတမန်များအား ပြောကြားခဲ့ခြင်းနှင့်ပတ်သက်၍ အမည်မဖော်သူ အစ္စရေးတာဝန်ရှိသူတစ်ဦးက ပယ်ချခဲ့သည်။

ပြင်သစ်နိုင်ငံ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် အဆိုပြုချက်ကို ကမ္ဘာ့နိုင်ငံများထောက်ခံကြရန် အီသီယိုပီးယားနိုင်ငံ၌ ကျင်းပသော အာဖရိက ခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲတွင် ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်က တိုက်တွန်းခဲ့သည်။ **ရိုက်တာ။**

## ပြည်တွင်းရေးရာ

❂ ကျောဖုံးမှ

### အမြန်လမ်းမကြီးရဲတပ်ဖွဲ့ စတင်ဖွဲ့စည်း

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် (၃၆၆/၃) မိုင် အကွာအဝေးရှိပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး လေးခု၊ ခရိုင် ကိုးခု၊ မြို့နယ် ၁၆ မြို့နယ်၊ ကျေးရွာပေါင်း ၁၅၆ ရွာအား ဖြတ်သန်းဖောက်လုပ်ထားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အမြန်လမ်းမကြီး ရဲတပ်ဖွဲ့ကို ၂၀၁၂ ခုနှစ် မေ ၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

### ရည်မှန်းချက်နှင့်လုပ်ငန်းတာဝန်

အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း စနစ်တကျရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ လမ်းမကြီး ကြာရှည်စွာတည်တံ့ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့သည် အမြန်လမ်းမကြီးရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များပင်ဖြစ်သည်။

ယာဉ်မတော်တဆ ထိခိုက်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ခြင်းနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းခြင်း (Accident Investigation and Traffic Enforcement)၊ ရာဇဝတ်မှုများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်ပွားခဲ့သော ပြစ်မှုများ စုံစမ်းဖော်ထုတ်ခြင်း(Proactive Policing and Law Enforcement)၊ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရသူများကိုရှေးဦးပြုစုခြင်း၊ ဆေးရုံ/ဆေးခန်းများသို့ ပို့ဆောင်ကူညီခြင်း (Emergency Respone)၊ အမြန်လမ်းမကြီးတစ်လျှောက်လုံခြုံရေး ဆောင်ရွက်ခြင်း(Traffic Security)၊ လမ်း၊ တံတားများ ပျက်စီးမှုရှိ/မရှိ စစ်ဆေးခြင်း(Maintainence)တို့ကား အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များပင် ဖြစ်သည်။

### လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး

အမြန်လမ်းမကြီးပေါ်တွင် ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး၊ အန္တရာယ်ကင်းရှင်းမှုရှိစေရေး၊ တရားဥပဒေစိုးမိုးမှုရှိစေရေးအတွက် တပ်ဖွဲ့မှူးရုံး တစ်ရုံး၊ တပ်ဖွဲ့စုရုံး သုံးရုံး၊ အမြန်လမ်းမကြီးတစ်လျှောက် ပျမ်းမျှ ၂၃ မိုင်လျှင် ရဲစခန်းတစ်ခုနှုန်းဖြင့် ရဲစခန်း ၁၆ ခု၊ ပျမ်းမျှ ၉ မိုင်လျှင် ရဲကင်းတစ်ခုနှုန်းဖြင့် ရဲကင်း ၄၀ တို့ဖြင့် စုဖွဲ့ဖြန့်ခွဲထားရှိကာ လှည့်ကင်းယာဉ်များ၊ အုပ်ချုပ်မှုယာဉ်နှင့် လူနာတင်ယာဉ်များ၊ ကရိန်းယာဉ်များ စသည့် ရဲတပ်ဖွဲ့ပိုင်ယာဉ်များဖြင့် စနစ်တကျစုဖွဲ့၍ လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။

အလားတူ အမြန်လမ်းမကြီး တစ်လျှောက်တွင် ညပိုင်းသွားလာလျက်ရှိသော ခရီးသွားယာဉ်ကြီး/ ယာဉ်ငယ်များအား ခဲဖြင့်ပစ်ပေါက်မှု၊ ယာဉ်တိမ်းမှောက်အောင်ပြုလုပ်၍ လုယက်မှုများ အပါအဝင် အခြားသောမသမာမှုများ ကင်းဝေးစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံချောမွေ့စွာသွားလာနိုင်ရေးတို့အတွက် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့က နေ့/ည တာဝန်များခွဲကာ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် တပ်ဖွဲ့ပိုင်မော်တော်ယာဉ် ၄၃ စီးနှင့် ဆိုင်ကယ် (မီးတန်းပါ) ၈၉ စီးတို့ဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

### လုံခြုံရေးဖြန့်ခွဲဆောင်ရွက်

အမြန်လမ်းမကြီးတစ်လျှောက် ရဲစခန်းအသီးသီးမှ နေ့ပိုင်း လှည့်ကင်းဆောင်ရွက်ရာတွင် နေ့စဉ် နံနက် ၆ နာရီခွဲတွင် စခန်းမှစတင်ထွက်ခွာခဲ့ပြီး အမြန်လမ်းမကြီးပေါ်၌ လှည့်ကင်းဆောင်ရွက်ခြင်း၊ ရဲကင်းတစ်ခုနှင့်တစ်ခု နံနက် ၁၀ နာရီ၊ ညနေ ၄ နာရီ မိုင်တိုင်အလိုက် ဆုံရပ်ထားရှိ၍ နယ်မြေသတင်းဖလှယ်ခြင်း၊ ရဲကင်းတစ်ခုလျှင် အရာရှိဦးစီး၍ ဆိုင်ကယ်လှည့်ကင်းဖြင့် အဖွဲ့ နှစ်ဖွဲ့ခွဲ၍ ရန်ကုန်-မန္တလေးဘက်နှင့် မန္တလေး-ရန်ကုန်ဘက်ခြမ်း ဆုံရပ် သတ်မှတ်မိုင်တိုင်၌ သတင်းဖလှယ်ဆောင်ရွက်ခြင်း၊ ယာဉ်တင်အသင့်အနေဖြင့် အရာရှိဦးစီး၍ နေ့စဉ်လမ်းပေါ်၌ စခန်းပိုင် ဧရိယာအတွင်း လှည့်ကင်း/ရပ်ကင်း စနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ညပိုင်းလှည့်ကင်းဆောင်ရွက်ရာတွင်လည်း ရဲစခန်းအသီးသီးစုရပ်မှ နေ့စဉ် ညနေ ၆ နာရီမှ စတင်ထွက်ခွာ၍ ည ၉ နာရီမှ နံနက် ၂ နာရီအထိ နယ်မြေသတင်းဖလှယ်ခြင်း၊ လှည့်ကင်း/ ရပ်ကင်းဆောင်ရွက်ခြင်း၊ စခန်းမှူးဦးစီးအဖွဲ့က ည ၇ နာရီမှ ည ၁၂ နာရီအထိ လည်းကောင်း၊ ဒုစခန်းမှူးဦးစီးအဖွဲ့က ည ၁၂ နာရီမှ နံနက် ၆ နာရီအထိလည်းကောင်း လှည့်ကင်းများဆောင်ရွက်ပြီး နယ်မြေစိုးမိုးရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လမ်းမကြီးတစ်လျှောက်ရှိ တံတားများ၊ Under Pass များ၊ အရေးကြီး အဆောက်အအုံများကိုလည်း လှည့်ကင်း၊ ရပ်ကင်းများဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိပြီး ရဲစခန်းအသီးသီးမှ တပ်ဖွဲ့ပိုင်ယာဉ်များအား B' Smart ခြေရာခံစနစ်တပ်ဆင်ထားသဖြင့် ရဲစခန်း/ရဲကင်း လှည့်ကင်းယာဉ်များအား သတ်မှတ်မိုင်တိုင်မည်သည့်နေရာ၌ ရောက်ရှိနေသည်ကို အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး ကွပ်ကဲမှု Control Center ရှိ တာဝန်မှူးကြီးအဖွဲ့မှ ကြီးကြပ်ခြင်း၊ ရဲစခန်းပိုင်တစ်ခု၌ ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက အချိန်မီသွားရောက် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆက်သွယ်ညွှန်ကြားခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

### ယာဉ်သွားလာမှုများပြား

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးအတွက် ဗဟိုအချက်အချာ အသက်သွေးကြောအဖြစ်ပို၍ ပို၍ပီပြင်လာသကဲ့သို့ ယာဉ်သွားယာဉ်လာ များကလည်း ပို၍ပို၍များပြားထူပြောလာသည်။

၂၀၁၂ ခုနှစ်တွင် ယာဉ်စီးရေ ၃၀၉၆၉၂၁ စီး၊ ၂၀၁၃ ခုနှစ်တွင် ယာဉ်စီးရေ ၃၇၅၅၉၄၈ စီး၊ ၂၀၁၄ ခုနှစ်တွင် ယာဉ်စီးရေ ၄၅၇၄၀၈၁ စီးနှင့် ၂၀၁၅ ခုနှစ်တွင် ယာဉ်စီးရေ ၅၄၅၄၈၉၄ စီးဖြတ်သန်းသွားလာခဲ့ကြောင်း သက်ဆိုင်ရာက နှစ်အလိုက် မှတ်တမ်းများအရ သိရသည်။



ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရသူတစ်ဦးအား အမြန်လမ်းရဲတပ်ဖွဲ့က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

### ယာဉ်မတော်တဆမှုများ ကူညီကယ်ဆယ်

တစ်နှစ်ထက်တစ်နှစ်၊ တစ်လထက်တစ်လ ယာဉ်သွားလာမှု ထူထပ်များပြားလာမှုနှင့်အတူ ယာဉ်ကြံ့ခိုင်မှုအားနည်းချက်၊ ယာဉ်မောင်း၏ အားနည်းချက်များ အပါအဝင် အကြောင်းကြောင်းကြောင့် ယာဉ်မတော်တဆမှုများလည်း ဖြစ်ပွားခဲ့သည်။

၂၀၁၂ ခုနှစ် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မိုင်တိုင်အမှတ် (၂၆၀/၅) နှင့် (၂၆၀/၆) အကြား လင်ခရုဇာယာဉ်တိမ်းမှောက်မှုကြောင့် မိသားစု ငါးဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ထိုဖြစ်စဉ်၌ တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ ၅ မိနစ်အတွင်းရောက်ရှိပြီး ၎င်းတို့ ကိုယ်ပေါ်ရှိ လက်ကိုင်ဖုန်းဖြင့် အဆင့်ဆင့်ချိတ်ဆက်၍ ဆွေမျိုးများနှင့်ဆက်သွယ်ပေးနိုင်ခဲ့သည်။ လက်ဝတ်လက်စားများ၊ ငွေကြေးနှင့် အသုံးအဆောင်များကိုလည်း ကာယကံရှင်မိသားစုများထံ ပြန်လည်ပေးအပ်နိုင်ခဲ့သည်။

၂၀၁၃ ခုနှစ် မေ ၂၅ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်မှမန္တလေးသို့ မောင်းနှင်လာသော မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ်သည် ယာဉ်မောင်းအိပ်ငိုက်ပြီး မိုင်တိုင်အမှတ် (၁၂၆/၁) ရှိ တံတားအောက်သို့ယာဉ်၏ သုံးပုံနှစ်ပုံ ခါးကျိုးကျမှုကြောင့် ၁၁ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ထိုဖြစ်စဉ်၌ နီးစပ်ရာအမြန်လမ်းမကြီး ရဲစခန်းများမှတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထု ပူးပေါင်း၍ ဒဏ်ရာရရှိသူများအား ယာဉ်အတွင်းမှ ကယ်တင်ခြင်း၊ သေဆုံးသူအလောင်းများအား သယ်ယူ၍ ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ခြင်းများ ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။

၂၀၁၄ ခုနှစ် ဧပြီ ၁၂ ရက် ည ၂ နာရီခန့်တွင် ဖြူးအမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၁၁၆/၂) နှင့် (၁၁၆/၃) အကြား၌ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော တောင်ပြာတန်းခရီးသည်တင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ရှေ့မှမောင်းနေသော ချီဆာဆလွန်းယာဉ်အား တိုက်မိခဲ့ပြီး ယာဉ်နှစ်စီးလုံး မီးလောင်ကျွမ်းခဲ့ခြင်းကြောင့် ချီဆာဆလွန်း ယာဉ်ပေါ်ပါရှိသူ ခြောက်ဦးလုံးသေဆုံးခဲ့သည်။

ယင်းဖြစ်စဉ်၌ ဖြူးအမြန်လမ်းမကြီး ရဲစခန်းမှူးနှင့်အဖွဲ့က မီးလောင်ကျွမ်းခဲ့သောယာဉ်ထဲမှ တွေ့ရှိသည့် လိပ်စာကတ်၊ ဖုန်းနံပါတ်ဖြင့် မိဘဆွေမျိုးများအား ဆက်သွယ်အကြောင်းကြားနိုင်ခဲ့သည်။

ထို့အပြင်အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့များ၊ နီးစပ်ရာ အမြန်လမ်းမကြီးရဲစခန်းများမှ တပ်ဖွဲ့ဝင်များ၊ နီးစပ်ရာမြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိခဲ့ပြီး မီးအားဝိုင်းဝန်းငြိမ်းသတ်ခြင်း၊ ဒဏ်ရာရရှိသူများအား ယာဉ်အတွင်းမှ ကယ်တင်ခြင်း၊ သေဆုံးသူ အလောင်းများအား သယ်ယူခြင်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။

၎င်းအပြင် ယာဉ်ပေါ်ပါ ခရီးသည်များနှင့် ဒဏ်ရာရရှိသူများကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ငွေကျပ် ၂၅ သိန်းတိတိအား ကူညီထောက်ပံ့ပေးခဲ့သည်။

၂၀၁၄ ခုနှစ် မေ ၁၂ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မိုင်တိုင်အမှတ် (၁၉၇/၆) အနီး ရာဇာမင်းခရီးသည်တင်မှန်လုံယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ခုံးကျော်တံတားအောက်သို့ ထိုးကျတိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါရှိသူ ၁၆ ဦး သေဆုံးပြီး ၂၇ ဦးဒဏ်ရာရရှိခဲ့သည်။

၎င်းဖြစ်စဉ်၌ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအပြင် တပ်မတော်သားများပါ အခင်းဖြစ်နေရာသို့ ရောက်ရှိခဲ့ပြီး ဝိုင်းဝန်းကူညီကယ်ဆယ်ခြင်းနှင့် ဆေးရုံသို့အချိန်မီ ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများကလည်း နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံသို့ သွားရောက်၍ သေဆုံးသူများ၏ ဆွေမျိုးများနှင့် ဒဏ်ရာရရှိသူများအား တွေ့ဆုံအားပေးကာ ငွေကြေးထောက်ပံ့မှုများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းလည်း သိရသည်။

၂၀၁၅ ခုနှစ် မတ် ၉ ရက် နံနက် ၆ နာရီခွဲခန့်တွင် နေပြည်တော်မှ မန္တလေးသို့ မောင်းနှင်လာသော မန်းရွှေမြို့တော် ခရီးသည်တင်မှန်လုံယာဉ်သည် မိုင်တိုင်အမှတ် (၂၄၁/၁)နှင့် (၂၄၁/၂) အကြားအရောက်တွင် လိုက်ထရပ်အဖြူရောင်ယာဉ်အား အနောက်မှဝင်တိုက်မိမှုကြောင့် လိုက်ထရပ်ယာဉ်ပေါ်ပါ ကိုရင် ငါးပါး သေဆုံး၊ သံဃာ နှစ်ပါး၊ ကိုရင် ၁၃ ပါးနှင့် အမျိုးသား လေးဦး ဒဏ်ရာရရှိခဲ့သည်။

စာမျက်နှာ ၇ သို့ ❖



ရန်ကုန်- မန္တလေးအမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ပေးနေကြစဉ်။

# ခေတ်ပေါ်ဒီရေလှိုင်းဗယ်လင်တိုင်း

ခင်ဆွေမြင့်
(မြန်မာစာ)

ဖေဖော်ဝါရီလ ၁၄ ရက်
**"ချစ်သူများနေ့"တဲ့**

ယခင်က ကျွန်မတို့နိုင်ငံ ကျွန်မတို့လူမျိုးများ စိတ်မဝင်စားခဲ့သော **"ချစ်သူများနေ့"** သည် ယခုနောက်ပိုင်း ဆယ်စုနှစ်လောက်တွင်မှ ကျွန်မတို့ မြန်မာလူငယ်လူရွယ်လောကတွင် ခေတ်စားလာခဲ့ပါသည်။ ခေတ်စားသည်မှ သာမန်မျှမဟုတ်။ ဒီရေလှိုင်းကြီး ရိုက်ခတ်လာသကဲ့သို့ အရှိန်အဟုန်ကြီးမား ခေတ်စားလာခဲ့ခြင်းဖြစ်သည်။

**"ချစ်သူများနေ့"** တွင် ချစ်သူအချင်းချင်း အမှတ်တရကတ်ပြားများ၊ ချောကလက်များ၊ ပန်းစည်းများ၊ အရုပ်များ၊ ဆင်တူအင်္ကျီများ၊ နာရီများ၊ လက်စွပ်များ စသည်တို့ကို လက်ဆောင်တွေ ပေးကြသည်။ ဝတ်ဆင်ကြသည်။ ချိန်းတွေ့ကြသည်။ လျှောက်လည်ကြသည်။

ချစ်သူများနေ့မတိုင်မီ တစ်လခန့်ကတည်းကပင် အထိမ်းအမှတ်ပစ္စည်း၊ အနုအလှအမျိုးမျိုးကို ရောင်းချကြသည်။ လက်မလည်အောင်၊ ရောင်းကြရသည်။ လက်မလည်အောင်လည်း ဝယ်ကြသည်။

**'အချစ်'**သည် မျက်စိဖြင့်လည်း မမြင်ရ၊ ဆုပ်ကိုင်၍လည်း မရပါသော်လည်း အမှန်တကယ်ရှိနေသော **'ဒြပ်မဲ့ယဉ်ကျေးမှု'** တစ်ခုဟု ဆိုရပါမည်။

မိဘအချစ်၊ သားသမီးအချစ်၊ မောင်နှမချစ်၊ သူငယ်ချင်းချစ်၊ ဆွေမျိုးချစ် စသော အချစ်အမျိုးမျိုးဖြင့် ကျွန်မတို့၏ ယဉ်ကျေးသော လူ့အဖွဲ့အစည်းကို တည်ဆောက်ထားပါသည်။

ချစ်ခြင်းမေတ္တာဟူသည် နူးညံ့သိမ်မွေ့သည်။ နှစ်လိုဖွယ်ရာဖြစ်သည်။ ကြည်နူးပျော်ရွှင်စေသည်။ ကျွန်မတို့အား လူ့ဘဝတွင်နေပျော်အောင် လူ့လောကကို နေပျော်အောင် ဖွဲ့နှောင်ပေးထားသည့် အင်အားကြီးမားသော ကြိုးတစ်ချောင်း ဖြစ်ပါသည်။

**"ချစ်သူများနေ့"** သည် အချစ်နေ့၊ ကြည်နူးဖွယ်ရာနေ့ဖြစ်သောကြောင့် ချစ်သူများအတွက် စိတ်ကူးယဉ်စရာကောင်းလှသောနေ့ဖြစ်သည်။

ကျွန်မတို့မြန်မာများအတွက်မူ မြန်မာ့အစဉ်အလာဖြစ်သော ရက်ထူးရက်မြတ် မဟုတ်ပါပေ။

**"ချစ်သူများနေ့"** ဖြစ်ပေါ်လာပုံမှာလည်း စိတ်ဝင်စားစရာ၊ သနားစရာ၊ လွမ်းမောစရာ ဖြစ်ပါသည်။

အေဒီသုံးရာစုတွင် ရောမစစ်ဘုရင် ကလောဒီးယပ်စ် (Claudius)သည် နယ်ချဲ့စစ်ပွဲများစွာကို ဆင်နွှဲပြီး ကြီးကျယ်လှသော ရောမအင်ပါယာကို တည်ထောင်ခဲ့သည်။ အင်ပါယာအတွက် များစွာစစ်တိုက်ရခြင်းကြောင့် အသေအပျောက်လည်း များလှသည်။ စစ်သည်အင်အားလည်း များစွာ လိုအပ်လာသည်။ ရောမမြို့သား ယောကျ်ားများသည် တပ်မတော်ထဲသို့ မဝင်လိုဖြစ်လာကြသောကြောင့် အင်အားစုဆောင်းရခက်လာသည်။ ကလောဒီးယပ်စ်က **"မိသားစု သံယောဇဉ်ကြောင့် တပ်ထဲသို့ မဝင်လိုခြင်းဖြစ်မည်၊ အိမ်ထောင်မပြုရလျှင် စစ်တပ်ထဲဝင်ကြလိမ့်မည်"** ဟု ယူဆပြီး လူငယ်များအား အိမ်ထောင်မပြုရဟု သဘာဝတရားကို လွန်ဆန်သောအမိန့် ထုတ်ပြန်ခဲ့သည်။

ချစ်ခြင်း၊ ကြိုက်ခြင်း၊ အိမ်ထောင်ပြုခြင်းသည် လောကသဘာဝ၊ လူ့သဘာဝကိစ္စဖြစ်ပါသည်။ လုံးလုံးလျားလျား တားဆီးပိတ်ပင်၍ ရသောကိစ္စရပ်များ မဟုတ်ပါချေ။

သို့နှင့် စိန့်ဗယ်လင်တိုင်း (Saint Valentine)အမည်ရှိသော ရောမမှ ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးသည် လက်ထပ်လိုသော လုလင်ပျို၊ လုံမပျိုများကို သီးသန့်အခန်းကျဉ်းလေး တစ်ခုထဲတွင် လျှို့ဝှက်လက်ထပ်ပေးခဲ့သည်။ ဤသတင်းများ ထွက်လာသောအခါ ကလောဒီးယပ်စ်သည် ဗယ်လင်တိုင်းအားဖမ်း၍ သေဒဏ်အမိန့် ချမှတ်ခဲ့သည်။ ထောင်ထဲ၌ အချုပ်အနှောင်ခံနေရစဉ်တွင် ဘုန်းတော်ကြီးအား ထောင်မှူး၏ သမီးက လာရောက်တွေ့ဆုံခဲ့သည်။ ကွပ်မျက်မခံရမီညတွင် ဗယ်လင်တိုင်းသည် ထောင်မှူးသမီးအတွက် စာတစ်စောင်ရေးခဲ့သည်။ စာတွင် Your Valentine **(မင်းရဲ့ ဗယ်လင်တိုင်း)** ဟု ရေးထိုးခဲ့ပါသည်။ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဗယ်လင်တိုင်းကို ကွပ်မျက်ခဲ့သည်။ ဤသို့ဖြင့် ဗယ်လင်တိုင်းသည် အချစ်၏အာဇာနည် ဖြစ်လာခဲ့သည်။

ခရစ်ယာန်ဘာသာဝင် အင်္ဂလိကန်များက ဖေဖော်ဝါရီလ ၁၄ ရက်နေ့ကို **"စိန့်ဗယ်လင်တိုင်းပွဲတော်နေ့"၊ "အချစ်ခံစားမှုနှင့် သက်ဆိုင်သောပွဲများနေ့"** အဖြစ်ပြုလုပ်ကြသည်။

ဗယ်လင်တိုင်းနေ့သည် ဗယ်လင်တိုင်းအား ဂါရဝအနေဖြင့် ပြုလုပ်သော အထိမ်းအမှတ်နေ့သာဖြစ်သည်။ တရားဝင်အားလပ်ရက်၊ တရားဝင်ရုံးပိတ်ရက်၊ တရားဝင်ကျောင်းပိတ်ရက် မဟုတ်ပါချေ။

ချစ်သူအချင်းချင်း ညစာစားပွဲများ၊ ပါတီများပြုလုပ်ခြင်း၊ ချစ်စရာကောင်းပြီး သိမ်မွေ့နူးညံ့သော အမှတ်တရပစ္စည်းများ ပေးခြင်းများဖြင့် (Valentine Day) ချစ်သူများနေ့ကို အသက်ဝင်စေခဲ့ကြသည်။

ယဉ်ကျေးမှုသည် ကူးစက်ပျံ့နှံ့သော သဘောရှိပါသည်။ အထူးသဖြင့် အရှိန်အဟုန်ဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာသော သတင်းနည်းပညာ (Information Technology) ကြောင့် ယဉ်ကျေးမှုကူးစက်ပျံ့နှံ့ခြင်းသည် ပိုမိုမြန်ဆန်လာသည်။ အချိန်နှင့် တစ်ပြေးညီ ဖြစ်လာခဲ့သည်။

အိုင်တီနည်းပညာ၏ အထောက်အပံ့ကြောင့် အချစ်စိတ်ကူးဖြင့် နုနေ၊ ယဉ်နေကြသော လူငယ်များအကြားတွင် **"ချစ်သူများနေ့"** သည် အချိန်တိုအတွင်း အလွန်ခေတ်စားသော ယဉ်ကျေးမှုဖြစ်လာသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအတော်များများတွင် ဖေဖော်ဝါရီလ ၁၄ ရက်နေ့၌ **"ချစ်သူများနေ့"** အထိမ်းအမှတ်များ ပြုလုပ်လာကြသည်။

ကျွန်မတို့နိုင်ငံမှာလည်း ချစ်သူများနေ့တွင် ချစ်သူအချင်းချင်းတွေ့ကြသည်။ ချစ်စကားလှလှများ ပြောကြသည်။ မုန့်စားကြသည်။ ဘုရားသွားကြသည်။ ရုပ်ရှင်ကြည့်ကြသည်။ လက်ဆောင်များပေးကြသည်။ ဤသို့သော အချစ်၏ကြည်နူးနှစ်လိုဖွယ် အမှတ်တရများကို ဖြတ်သန်းရင်း ပျော်ရွှင်ကြသည်။

ဤသည်ကို မိမိတို့၏ **"ကိုယ်ပိုင်မြန်မာယဉ်ကျေးမှု မဟုတ်၍ မလုပ်ရ"** ဟု အမိန့်ဖြင့် တား၍မရ။ ဖျောင်းဖျပြီးတားလျှင်လည်း မဖြစ်နိုင်။ ခေတ်ပေါ်ကိစ္စ၊ ပေါ်ပင်ဖြစ်နေသော ကိစ္စ၊ လူငယ်ကြိုက်ကိစ္စ ဖြစ်နေသောကြောင့် ခေတ်ပေါ်ဒီရေလှိုင်းလုံးကြီးကို လုံးလုံးလျားလျား ပိတ်ပင်တားဆီးခြင်းဖြင့် အနိုင်ရနိုင်မည် မဟုတ်ပါ။

သို့သော် ကျွန်မတို့နိုင်ငံ၏ ချစ်သူများနေ့ပုံရိပ်သည် တစ်နှစ်ထက်တစ်နှစ်ပို၍ အရှိန်မြင့်ကျယ်ပြန့်လာနေပါပြီ။

သင့်မြတ်လျော်ကန်သော ပုံရိပ်ဖြစ်ပါသလား။ ချစ်သူများနေ့တွင် တွဲစရာမရှိလျှင် ခေတ်မမီ၊ အောက်သည်ဆိုပြီး ခါတော်မီ ချစ်သူရှာကြသည်တဲ့။

ကန်တော်ကြီးလောက် အင်းလျားကန်စောင်းလောက် ထိုင်ကြလျှင်ပင် တော်သင့်ပြီဖြစ်ပါလျက် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ တစ်နေ့လုံး ရန်ကုန်မြို့က တည်းခိုခန်းများတွင် အခန်းအားမရှိဖြစ်နေခြင်းသည် မြန်မာအမျိုးသား၊ အမျိုးသမီးများ၏ ပုံရိပ်ကောင်းများ ဖြစ်ပါသလား . . ။

နောက်ပိုင်းနှစ်များတွင် ရန်ကုန်မြို့ကြီးသာမက နယ်မြို့များတွင်ပင် တည်းခိုခန်းများ အလုပ်ဖြစ်နေသည်ဟူသော သတင်းသည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ ကောင်းခြင်းဖြစ်ပါသလား . . ။

- ချစ်ခြင်းမေတ္တာကို ဦးစားပေးသော မြန်မာ့အစဉ်အလာ၊
- သစ္စာတရားကို တန်ဖိုးထားသောမြန်မာ့ဓလေ့၊
- ရည်းစားများခြင်း၊ မျက်နှာများခြင်း၊ အိမ်ထောင်ဆက်များခြင်းများကို လူ့ဂုဏ်သိက္ခာနှင့်ချိန်စက်သော မြန်မာ့နှုန်းစံ၊
- ဟီရိနှင့်ဩတ္တပ္ပ- အရှက်အကြောက်တရားရှိခြင်းကြောင့် ယဉ်ကျေးမှုတန်ဖိုးမြင့်နေသော မြန်မာ့ပုံရိပ်၊

ဤသည်များကို ကျော်လွှားပြီး ချစ်သူရည်းစားထည်လဲထား၊ ထည်လဲတွဲ ပစ်စလက်ခတ်နေချင်တိုင်းနေ၊ အကြောင်းအမျိုးမျိုးကြောင့် လက်မထပ်ဖြစ်ကြရ၊ သားဖျက်ကြ၊ အရှက်တကွဲအကျိုးနည်းကြရ၊ တစ်သက်တာလုံး အိမ်ထောင်ဖက်၏ အပြောအဆိုခံရ၊ အနှိပ်အစက်ခံရ၊ မထီမဲ့မြင်ပြုခံရ၊ အိမ်ထောင်ပြိုကွဲကြရ၊ ဤသည်များကို လောက၏ အနှစ်သာရ အလှအပများအဖြစ် ပျော်ပျော်ရွှင်ရွှင် လက်သင့်ခံပြီး ဘဝရပ်တည်၍ ရနိုင်ပါမည်လား . . . ။

အထူးသဖြင့် ဆူးပေါ်ကျကျ၊ ဖက်ပေါ်ကျကျ၊ ဆူးကျိုးကျိုး ၊ မကျိုးကျိုး ဖက်ပေါက်ရသည်က အမှန်ပင်ဖြစ်ပါသည်။

နာမည်ပျက်ရ၊ ဘဝပျက်ရ၊ သူတစ်ပါးတံတွေးခွက်တွင် ပက်လက်မျောရ၊ မှောက်ခုံမျောရ၊ အလုံးစုံဆုံးရှုံးရသည်မှာ မိန်းကလေးများသာ ဖြစ်ပါသည်။

ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းကို ဖြစ်လိုရာဖြစ်စေဆိုပြီး သည်အတိုင်းလွှတ်ချလိုက်၍မရ။ ကျွန်မတို့ စောင့်ရှောက်ထိန်းသိမ်းကြရပါမည်။

မည်သို့ထိန်းသိမ်းကြမည်နည်း . . . ။

(၁) ချစ်သူများသည် မကောင်းမှု၏ စိုက်ပျိုးရာ လယ်မြေဖြစ်သော ဆိတ်ကွယ်ရာအရပ်တွင် နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် မနေသင့်ပါ။ မနေရပါ။

(၂) ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ်နေ၍ရသော အခြေအနေမျိုးကိုလည်း တည်းခိုခန်း၊ ဟိုတယ်စသော လုပ်ငန်းရှင်များက ဖန်တီးမပေးသင့်ပါ။ မိမိတို့၏ နှမအရွယ်၊ သမီးအရွယ်၊ တူမအရွယ်၊ မြေးအရွယ် မြန်မာအမျိုးသမီးလေးများ ရေတိမ်နစ်ပြီး ရလာသော ငွေကြေးများဖြင့် ချမ်းသာခြင်းများကို မရယူသင့်ပါ။

(၃) ချောကလက်များ၊ ပန်းစည်းများ၊ အရုပ်များ၊ အင်္ကျီဆင်တူများ စသော အချစ် သင်္ကေတများဖြင့်ပင် သူတို့လေးများ၏ နှလုံးသားများသည် အရည်ပျော်နေကြပြီဖြစ်ပါသည်။ သူတို့၏ဘဝများ အရည်ပျော်ကျမသွားရလေအောင် မိဘများ၊ ဆရာ ဆရာမများ၊ အစ်ကို အစ်မများ၊ ဒွေးတော်မိကြီးများ၊ လူကြီးသူမများက ဝိုင်းဝန်းထိန်းသိမ်းပေးကြရမည်ဖြစ်ပါသည်။ ပြောမနိုင်၊ ဆိုမနိုင်၊ ပြောမရ ဆိုမရ၍ လျစ်လျူရှုထားလျှင် မိန်းကလေးများ၏ ဘဝလည်း ပြိုလဲ၊ မိဘ၊ မောင်နှမများသည်လည်း ကိုယ်ကျင့်တရားဖြင့် တန်ဖိုးဖြတ်သော မြန်မာ့လူမှုဝန်းကျင်တွင် တစ်သက်တာလုံး အရှက်တကွဲ စိတ်ဆင်းရဲနေကြရမည် ဖြစ်ပါသည်။

(၄) ဤပြဿနာရပ်များ၏ အဓိကဇာတ်ဆောင်ဖြစ်သော ယောကျ်ားသားကြီးကြီး၊ ငယ်ငယ်များကိုလည်း မေတ္တာရပ်ခံချင်ပါသည်။ လွယ်လင့်တကူရသော အခွင့်အရေးများကို မဖန်တီး၊ မရယူကြဘဲ မိမိတို့ မြန်မာအမျိုးသမီးလေးများ၏ ဘဝများ ရေတိမ် မနစ်ကြရလေအောင် ယောကျ်ားကောင်း စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကြစေချင်ပါသည်။

(၅) နိဂုံးချုပ်အနေဖြင့် မေတ္တာရပ်ခံလိုသူများမှာ စာစောင်များဖြစ်ပါသည်။ ချစ်သူများနေ့ကို ကြိုဆိုထုတ်ဝေကြသော စာစောင်များစွာသည်လည်း လူငယ်များအား စာရိတ္တပျက်အောင် မိန်းကလေးများအား ဘဝနွမ်းကြေအောင် မြှောက်ပင့်ပေးသော အမှောင်လမ်းခင်းပေးသော နိမိတ်ပြစာစုများ မဖြစ်သင့်ပါကြောင်း ပန်ကြားလိုပါသည်။

**" ခေတ်ပေါ်ဒီရေလှိုင်း - ဗယ်လင်တိုင်းဒေးဖြစ်သော ချစ်သူများနေ့ကို ကြည်နူးပျော်ရွှင် ဖြူစင်စွာဖြင့် ဖြတ်သန်းနိုင်ကြပါစေ"** ဟု ဆန္ဒပြုရင်း ကျွန်မတို့သည် ဂုဏ်သိက္ခာရှိသော မြန်မာလူငယ်များ၏ ပုံရိပ်၊ မြန်မာ့အမျိုးသားရေးပုံရိပ်၊ မြန်မာ့ယဉ်ကျေးမှုပုံရိပ်၊ မြန်မာနိုင်ငံ၏ ပုံရိပ်များကို ဝိုင်းဝန်းစုပေါင်း၍ ဖန်တီးတည်ဆောက်ကြပါစို့။ ။

> "ချစ်သူများနေ့" သည် အချစ်နေ့၊ ကြည်နူးဖွယ်ရာနေ့ဖြစ်သောကြောင့် ချစ်သူများအတွက် စိတ်ကူးယဉ်စရာကောင်းလှသောနေ့ ဖြစ်သည်။ သို့သော် ကျွန်မတို့နိုင်ငံ၏ ချစ်သူများနေ့ပုံရိပ်သည် တစ်နှစ်ထက် တစ်နှစ်ပို၍ အရှိန်မြင့်ကျယ်ပြန့်လာနေ. . . .

# နွားစာအသုံးပြုလို၍ လယ်ယာလုပ်သားများဖြင့် ကောက်စိုက်နေကြဆဲဖြစ်

**မန္တလေး ဇန်နဝါရီ ၃၁**

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ လယ်စိုက်တောင်သူများအနေဖြင့် ရိတ်သိမ်းခြွေလှေ့ချိန်တွင် စက်ပစ္စည်းစွမ်းအားကို အပြည့်အဝ အသုံးပြုနေကြသော်လည်း စိုက်ပျိုးချိန်တွင် ကောက်စိုက်စက်ကို အသုံးမပြုနိုင်ကြသေးကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ် တစ်မြို့နယ်လုံးအနေဖြင့် ပြီးခဲ့သည့် လယ်ရိတ်ချိန်တွင် ရိတ်သိမ်းခြွေလှေ့စက် အသုံးပြုမှု ၆၀ ရာခိုင်နှုန်းရှိပြီး လယ်ယာလုပ်သားဖြင့် အသုံးပြုမှု ၄၀ ရာခိုင်နှုန်းရှိသည်။ တောင်သူအချို့မှာ စက်စွမ်းအားကို အသုံးပြုချင်သော်လည်း နွားစာအဖြစ် ကောက်ရိုးလိုချင်သည့်အတွက် လူဖြင့် အသုံးပြုနေဆဲဖြစ်သည်။ ရိတ်သိမ်းချိန်တွင် ရိတ်သိမ်းခြွေလှေ့စက်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုမှုရှိသော်လည်း စိုက်ပျိုးချိန်တွင် ကောက်စိုက်စက် ကို အသုံးမပြုနိုင်ကြဘဲ လယ်ယာလုပ်သားများဖြင့်သာ လုပ်ကိုင်နေရသေးသည်။ စိုက်ပျိုးချိန် လယ်ယာလုပ်သားခက်ခဲမှုရှိပါက ကြဲပက်စနစ်ဖြင့်သာ စိုက်ပျိုးနေကြသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်သည် စပါးကို အဓိကထား စိုက်ပျိုးသည့်ဒေသလည်းဖြစ်သည်။ တိုးတက်ပြောင်းလဲလာမှုများနှင့်အတူ တောင်သူများ၏ လယ်ယာစိုက်ပျိုးမှု အမြင်ကျယ်လာခဲ့ရာ မိရိုးဖလာ လယ်ယာစိုက်ပျိုးမှုစနစ်ကိုသာ အဓိကအားထားလုပ်ကိုင်နေကြရာမှ ယခုနောက်ပိုင်းတွင် လယ်ယာသုံးစက်ယန္တရားများ၏ စွမ်းအားကို ကောင်းမွန်စွာ နားလည်လာပြီး လက်တွေ့နယ်ပယ်တွင် အသုံးချလာကြခြင်းအတွက် အကျိုးကျေးဇူးများကိုလည်း ခံစားနေရပြီဖြစ်သည်။

၂၀၁၅ ခုနှစ်ကတည်းက လယ်ယာသုံးစက်ပစ္စည်းများကို တွင်တွင်



ကျယ်ကျယ် အသုံးပြုလာကြသည်။ အချိန်ကုန်၊ ငွေကုန်သက်သာမှုများကိုလည်း လက်တွေ့ခံစားနေကြရာ ရိတ်သိမ်းခြွေလှေ့ချိန်တွင် လယ်ယာသုံးစက်များသည် မရှိမဖြစ်လိုအပ်လာနေပြီဖြစ်သည်။ လယ်ယာလုပ်သားရှားပါးခြင်းသည်လည်း စက်မှုလယ်ယာသို့ ကူးပြောင်းလာရန်တွန်းအား တစ်ခုဖြစ်ကြောင်း တောင်သူတစ်ဦးကဆိုသည်။

**ဖြိုးဝေ(ဆင်တဲ့ဝ)**

# ပြည်တွင်းရေးရာ

## ○ အကောက်တော်မှ

၂၀၁၅ တွင် ဖြစ်ထွန်းပေါ်ပေါက်မည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC)၊ အာဆီယံပြတင်းတစ်ပေါက်စနစ် (ASEAN Single Window-ASW) တို့ကို အကောင်အထည်ဖော်လိုက်နာဆောင်ရွက်သွားရမည်ဖြစ်သည်။ အာဆီယံပြတင်းတစ်ပေါက်တည်းစနစ်ကို ဝင်ရောက်ချိတ်ဆက်နိုင်ရေးနှင့် မြန်မာအကောက်ခွန်၏ ထုတ်ကုန်/သွင်းကုန်ဆိုင်ရာ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာအလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် MACCS နှင့် မြန်မာ့အကောက်ခွန် သတင်းအချက်အလက်စနစ် MCIS စနစ်တို့ ရေးဆွဲတပ်ဆင်အသုံးပြုနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ဖြင့် ခေတ်နှင့်အညီ ခေတ်နှင့်လျော်ညီစွာ ခေတ်မီစနစ်များကို လိုက်လျောညီထွေဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည့် မြန်မာ့အကောက်ခွန်၏ ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့သည့် သမိုင်းမှတ်တမ်းမှာလည်း ရှေးမြန်မာမင်းများလက်ထက်ကပင်ဖြစ်ပြီး ရန်ကုန်မြို့တည်သမိုင်းနှင့် ယှဉ်တွဲတည်ရှိခဲ့သည်ဟု အကောက်ခွန်သမိုင်းမှတ်တမ်းများအရ သိရသည်။ တံငါရွာလေးအဖြစ်မှ ကုန်းဘောင်မင်းဆက်တည်ထောင်သူ အလောင်းမင်းတရားကြီး ဒဂုံကို သိမ်းပိုက်နိုင်ခဲ့ပြီး ၁၇၅၅ ခုနှစ်မှစတင်ကာ ဆိပ်ကမ်းမြို့အဖြစ် ရန်ကုန်ဟု မြို့တည်ခဲ့ပြီးနောက်တွင် အကောက်တော်လုပ်ငန်းများကို နားလည်သူ အာမေးနီးယန်းလူမျိုး Mr. Gregory ကို အကောက်တော်ဝန်အဖြစ် စတင်ခန့်အပ်ခဲ့သည်။ အလောင်းမင်းတရားကြီး၏နောက် နောင်တော်ကြီးမင်းလက်ထက်တွင်လည်း Mr. Gregory ကို အကောက်တော်ဝန်အဖြစ် တစ်နှစ်ဆက်လက်တာဝန်ပေးအပ်ခဲ့ပြီး ပုသိမ်မြို့ဝန်အဖြစ် ပြောင်းရွှေ့တာဝန်ချထားခဲ့သည်။ ထိုစဉ်က ရန်ကုန်အုပ်ချုပ်ရေးတွင် မြို့ဝန်က အကြီးအကဲပြု၍ အကောက်ဝန်၊ ရေဝန်၊ စစ်ကဲနှင့် နာခံတော်နှစ်ဦးတို့ဖြင့် အုပ်ချုပ်ခဲ့သည်ဟု အကောက်ခွန်သမိုင်းမှတ်တမ်းများအရ သိရသည်။

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး ၁၈၈၆ ခုနှစ်တွင် မြန်မာနိုင်ငံကို ဗြိတိသျှကိုလိုနီအဖြစ် ကြေညာခဲ့ပြီး မြန်မာနိုင်ငံနှင့် ကုန်သွယ်လာသောကုမ္ပဏီများ၊ သင်္ဘောလိုင်းများလည်း များပြားလာခဲ့သည်။ ယင်းသို့ဖြင့် ၂၀ ရာစုအစောပိုင်းသို့ ရောက်ရှိလာသောအခါ အကောက်ခွန်လုပ်ငန်းများ တိုးတက်များပြားလာသဖြင့် လက်ရှိအကောက်ခွန်ရုံးကြီးတည်ရှိခဲ့ရာနေရာတွင်ရှိခဲ့သော ရုံးဟောင်းကြီးကို ဖြိုဖျက်ကာ လက်ရှိမြင်တွေ့နေရသော လေးထပ် အကောက်ခွန်ရုံးသစ်ကြီးကို ၁၉၁၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ၁၉၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင်ပြီးစီးခဲ့ကာ အကောက်တော်ရုံးကြီးအဖြစ် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံသည် ၁၉၃၇ ခုနှစ်အထိ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်သာတည်ရှိခဲ့ပြီး ဘဏ္ဍာရေးအောက်မှ အကောက်ဌာနကို ဘုရင်ခံက တိုက်ရိုက်အုပ်ချုပ်ခဲ့သည်။ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အက်ဥပဒေအရ အိန္ဒိယမှ ခွဲထွက်ခဲ့ပြီး ၁၉၃၇ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကာ မြန်မာနိုင်ငံအစိုးရသို့ လွှဲပြောင်းပေးခဲ့ပြီး အကောက်တော်အာဏာပိုင်ချုပ်က ကြီးကြပ်ခဲ့သည်။ အကောက်ဝန်၊ လက်ထောက်အကောက်ဝန်အစရှိသည့် အထက်ပိုင်းရာထူးများကို ဗြိတိသျှလူမျိုးများကိုသာ ခန့်အပ်ခဲ့ကြပြီး ၁၉၄၀ အောက်တိုဘာ ၁၀ ရက်တွင် အကောက်ခွန်ကာကွယ်ရေးအရာရှိ (Preventive Officer-PO) တို့၏ တူညီဝတ်စုံကို ပြောင်းလဲကာ Burma Customs ဟူ၍ သီးခြားခေါ်ဝေါ်စေခဲ့သည်။ ၉၁ ဌာန အုပ်ချုပ်ရေးကြောင့် မြန်မာလူမျိုးများ အကောက်ခွန်ဌာနတွင် နေရာရလာခဲ့ကြသည်ဟု သိရသည်။

ရန်ကုန်မြို့ အကောက်တော်ရုံးကြီးအပြင် ဆိပ်ကမ်းမြို့ကြီးများတွင်လည်း အကောက်တော်ရုံးများကို ဖွင့်လှစ်နိုင်ခဲ့သည်။ သို့သော် ဗြိတိသျှလက်တွင်းမှ ဗမာ့လွတ်လပ်ရေးတပ်မတော်က ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ရန်ကုန်မြို့ ဆိပ်ကမ်းများကို ဂျပန်များက သိမ်းပိုက်ခဲ့ပြီး ပင်လယ်ကူးသင်္ဘောများဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများ၊ တင်ပို့မည့် ကုန်ပစ္စည်းများကို ဂျပန်စစ်သားများကိုယ်တိုင် ကြီးကြပ်ကွပ်ကဲခဲ့သည်။ ဂျပန်က ရွှေရည်စိမ်လွတ်လပ်ရေးပေးခဲ့သည့် ၁၉၄၃ တွင် ဒေါက်တာဘမော်၏ အစိုးရအဖွဲ့ ပေါ်ပေါက်လာသောအခါ အကောက်ဌာနကိုလည်း အမည်ခံဖွဲ့စည်းပေးခဲ့ပြီး အကောက်တော်ဝန်အဖြစ် ဗြိတိသျှခေတ်က ရာပြတ်လုပ်ခဲ့သည့် ဦးကိုကိုကြီးဦးဆောင်သော အကောက်တော်ဌာနချုပ်ရုံးကို ရွှေတောင်ကြားလမ်းမှ အဆောက်အအုံတစ်ခုတွင် ဖွင့်လှစ်စေခဲ့သည်။ ထိုစဉ်က ကမ်းနားလမ်းရှိ လေးထပ်အဆောက်အအုံ အကောက်တော်ရုံးကြီးကို ဂျပန်ခေတ်အတွင်း ဂျပန်တို့၏ စစ်ရုံးအဖြစ်လည်းကောင်း၊ ဂျပန်ကင်ပေတိုင်ရုံးအဖြစ်လည်းကောင်း အသုံးပြုခဲ့ခြင်းကြောင့်ဖြစ်သည်။

၁၉၄၅ ခုနှစ်တွင် ရန်ကုန်မြို့ကို ဗမာ့တပ်မတော်က ပြန်လည်သိမ်းပိုက်ခဲ့ပြီး ဗြိတိသျှတို့ ပြန်ဝင်လာသောအခါ CAS-B Civil Affair Service (Burma) ခေါ် အိန္ဒိယစစ်ဌာနချုပ် လက်အောက်ခံ မြန်မာနိုင်ငံဆိုင်ရာ မြို့ပြအုပ်ချုပ်ရေးအဖွဲ့က မြန်မာနိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ထိုစဉ်က အကောက်တော်ရုံးကြီးတွင် ကူလီအလုပ်သမားများ စခန်းချရာ အဆောက်အအုံကြီးဖြစ်နေ၍ အကောက်တော်ဌာနကို ကမ်းနားလမ်းရှိ ရေဝန်ရုံးကြီး၏ ပထမထပ်တွင် ခေတ္တအခြေစိုက်ကာ ဝန်ထမ်းဟောင်းများကို ပြန်လည်စုစည်းခဲ့ရပြီး ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် လက်ရှိရုံးကြီး၌ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးသည့်နောက်တွင် မြန်မာ့အကောက်တော်ဌာန ဖြစ်လာခဲ့ပြီး ၁၉၆၂ တော်လှန်ရေးကောင်စီ ဖွဲ့စည်းခဲ့ပြီးနောက် အကောက်တော်ဌာနမှ အကောက်ခွန်ဌာနဟူ၍ ဖြစ်လာခဲ့ကာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးလက်အောက်တွင် ထားရှိခဲ့သည်။ ယခုမူ ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်တွင် အကောက်ခွန်ဦးစီးဌာနဟူ၍ ဆက်လက်ထမ်းဆောင်လျက်ရှိသည်။

သက်တမ်းအားဖြင့်မူ နှစ်ပေါင်း ၁၀၀ ကို ရောက်ရှိလာပြီဖြစ်သည့် အကောက်ခွန်ရုံးကြီးသည် ရန်ကုန်မြို့ပြအမွေအနှစ်စာရင်းဝင် သက်တမ်းရင့် အဆောက်အအုံတစ်ခုပင်ဖြစ်သည်။ ခေတ်အဆက်ဆက် စစ်ဘေးဒဏ်များကိုလည်း အံတုကာ ဗြိတိသျှကိုလိုနီခေတ်လက်ရာ အဆောက်အအုံတစ်ခု၏ အထိမ်းအမှတ်လက်ရာများအတိုင်း တည်ရှိလျက်ရှိသည်။ အဆောက်အအုံ၏ အပြင်ဘက် ဆေးသုတ်ခြင်းနှင့် ပြုပြင်ခြင်းများရှိသော်လည်း ရှေးမူမပျက် လက်ရာထိန်းသိမ်းပြုပြင်ထားရှိပြီး ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦး၏ ရှင်းပြချက်အရ သိရသည်။ အတွင်းပိုင်းဖွဲ့စည်းမှု၊ မျက်နှာကြက်များနှင့် လေဝင်လေထွက်၊ အလင်းရောင် ဝင်ရောက်မှုတို့တွင် စနစ်ကျသော ဖွဲ့စည်းမှုဖြစ်ပြီး လျှပ်စစ်မီးသွယ်တန်းမှုတို့တွင်လည်း ယနေ့တိုင် အသုံးဝင်စွာ အသုံးပြုနေရသည့် စနစ်ကျသော ပိုက်လိုင်းများဖြင့် သွယ်တန်းထားပြီး ယခင်လက်ရာများဖြစ်သည့် ပန်ကာများကိုလည်း တွေ့မြင်နေရဆဲပင်ဖြစ်သည်။ အဆောက်အအုံ၏ အနောက်ဘက်တွင် ရှေးဟောင်း သံကြောင်လိမ်လှေကားမှာ ယနေ့တိုင်ပင် တည်ရှိနေဆဲဖြစ်၍ အဆောက်အအုံမျက်နှာစာ အရှေ့ဘက်တွင် နှစ်ဖက်ပါ နာရီတပ်ဆင်ထားသည့် အဖြူရောင်မျှော်စင်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။ ကိုလိုနီခေတ်အဆောက်အအုံများတွင် ကျယ်ဝန်းသော ဆင်ဝင်အမိုးများပါရှိသည့်အတိုင်း အကောက်ခွန်ရုံးကိုလည်း ထိုအတိုင်းရှုမြင်ရမည်သာဖြစ်သည်။ ပူပြင်းသောရာသီဥတုဖြစ်သည့်တိုင် ကိုလိုနီခေတ်လက်ရာ အဆောက်အအုံများသည် အပူဒဏ်ကို အံတုကာ လေအေးပေးစက်မလို သဘာဝအတိုင်း နေထိုင်နေကြသည်ပင်ဖြစ်သည်။ ထိုခေတ်က ရန်ကုန်မြို့ပြ ဖွဲ့စည်းတည်ရှိမှုသည် စနစ်ကျလှပြီး အမြင့်ဆုံး အဆောက်အအုံဟူ၍ ခြောက်ထပ်ရုံးကြီးနှင့် ဗဟိုမီးသတ်မျှော်စင်တို့ဖြစ်သည်ဟု သိရသည်။ မြို့လယ်ရှိ ဆူးလေစေတီတော်ကို ဗဟိုပြုကာ အင်္ဂလိပ်ကိုလိုနီလက်ရာများဖြစ်သော်လည်း ပတ်ဝန်းကျင်ရှိ ဗိသုကာအဆောက်အအုံများကို တလေးတစားဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့ကြသည့် ဗိသုကာပညာရပ်၏ အခြေခံကျင့်ဝတ်တစ်ခုဖြစ်သည်ဟု သိရသည်။ လက်ရှိ ကမ်းနားလမ်းရှိ အကောက်ခွန်ရုံးကြီးမှာလည်း နှစ် ၁၀၀ တိုင်သည်အထိ ရောက်ရှိလာခဲ့ပြီဖြစ်ပြီး အဆိုပါအဆောက်အအုံကြီးကို ဒီဇိုင်းရေးဆွဲပုံစံထုတ်ခဲ့သည့် ဗိသုကာပညာရှင်မှာ စကော့ချ်လူမျိုး မစ္စတာဂျွန်ဘာ့ချ်ဆိုသူဖြစ်သည်ဟု သိရသည်။ ဗိသုကာပညာရှင်၏ ခေတ်မီသော အတွေးအမြင်၊ ပတ်ဝန်းကျင် အဆောက်အအုံများအပေါ် တန်ဖိုးထားအလေးထားတတ်သော အလေ့အထနှင့် စီးပွားရေးအနေအထား၊ ရေမြေရာသီဥတုတို့အပေါ်မူတည်၍ တည်ဆောက်ခဲ့သော ရုံးကြီးကို ခေတ်အဆက်ဆက် အမွေဆက်ခံကာ လက်ရာမပျက် ထိန်းသိမ်းဆောင်ရွက်ရင်း ဖြစ်တည်ခဲ့သည့် အကောက်တော်ရုံးကြီးသည်လည်း ယနေ့ အကောက်ခွန်ရုံးကြီးအထိတိုင် တာဝန်ကျေပွန်နေဆဲ အဆောက်အအုံကြီးတစ်ခုပင်ဖြစ်တော့သည်။

---

❖ စာမျက်နှာ ၅ မှ

ယင်းဖြစ်စဉ်တွင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူး ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်သို့ရောက်ရှိပြီး ဝိုင်းဝန်းကူညီ ကယ်ဆယ်ခြင်းနှင့် ဆေးရုံသို့အချိန်မီ ပို့ဆောင်ပေးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၀ ရက် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မှ လားရှိုးသို့ မောင်းနှင်လာသည့် ရွှေလီဦးခရီးသည်တင်မှန်လုံယာဉ်သည် မိုင်တိုင်အမှတ် (၁၁၅/၁) နှင့် (၁၁၅/၂) အကြားတွင်အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းရှိ ဘာရီယာတုံးများကိုတိုက်မိပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိတိမ်းမှောက်မှုကြောင့် ကိုးဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိသည်။

ဤဖြစ်စဉ်၌ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီးပြုပြင်ထိန်းသိမ်းရေး (လမ်းဦးစီးဌာန)အဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်သို့ ရောက်ရှိပြီး ဝိုင်းဝန်းကူညီကယ်ဆယ်ခြင်းနှင့် ဆေးရုံသို့အချိန်မီ ပို့ဆောင်ပေးနိုင်ရေးတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### အရေးပေါ်ကုသ

အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုများအနက် လူနာများအား ရွှေ့ပြောင်းသယ်ထုတ်နိုင်ရေး၊ နီးစပ်ရာ ဆေးရုံဆေးခန်းများသို့ အချိန်မီပို့ဆောင်နိုင်ရေးအတွက် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှ လူနာတင်ယာဉ် (Ambulance ) ၁၀ စီးအား စခန်းအသီးသီးတွင် ဖြန့်ခွဲအသုံးပြု ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကြီးမားပြီး ထိခိုက်ဆုံးရှုံးမှုများပြားသော ယာဉ်မတော်တဆမှုဖြစ်စဉ်များတွင် နီးစပ်ရာအမြန်လမ်းရဲစခန်း၏အင်အားသာမက အမြန်လမ်းမကြီးတစ်လျှောက်ရှိ အမြန်လမ်းရဲစခန်းအင်အားများ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသည်။

ဤအခြေအနေမျိုးတွင် အမြန်လမ်းရဲစခန်း၊ အမြန်လမ်းမီးသတ်စခန်းများ၊ အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေး (လမ်းဦးစီးဌာန)၊ အင်ဂျင်နီယာအဖွဲ့များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှအဖွဲ့များ၊ ဒေသခံပြည်သူများဖြင့် ပူးပေါင်းကူညီခဲ့ကြပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံအသီးသီးကလည်း အရေးပေါ်ကုသမှုများ ဆောင်ရွက်ပေးကြသည်။

### အချိန်မရွေး၊ နေရာမရွေး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် နေ့စဉ်ယာဉ်စီးရေ ပျမ်းမျှ တစ်သောင်းကျော် ဖြတ်သန်းသွားလာလျက်ရှိရာ ၂၀၁၅ ခုနှစ်အတွင်း မော်တော်ယာဉ်စက်ချွတ်ယွင်းမှု ၁၈၅ ကြိမ်၊ မော်တော်ယာဉ် ဆီပြတ်မှု ၇၂ ကြိမ်၊ မော်တော်ယာဉ် ဘီးပေါက်မှု အကြိမ် ၁၀၀ တို့ကို ကူညီပေးနိုင်ခဲ့ပြီး ခရီးသွားရင်းသေဆုံးသဖြင့် ကူညီမှု သုံးကြိမ်၊ ခရီးသည်စိတ်ပြိုငြင်စေမှုကို ကူညီမှု ၂၂ ကြိမ်၊ ခရီးသည် ကျန်းမာရေးမကောင်းသဖြင့် ကူညီပေးမှု နှစ်ကြိမ် စသည့် အရေးပေါ်ကူညီလိုအပ်မှုများကိုလည်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့က အချိန်မရွေး၊ နေရာမရွေး ကူညီဆောင်ရွက်ပေးခဲ့သည်။

### မီးငြိမ်းသတ်နိုင်ရေး

အမြန်လမ်းမကြီးရဲတပ်ဖွဲ့နည်းတူ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကလည်း အမြန်လမ်းမီးသတ်စခန်း ၁၅ ခု ဖွင့်လှစ်ထားရှိပြီး ခေတ်မီမီးသတ်ယာဉ် ၁၅ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၀၀ ခန့် ထားရှိကာ အမြန်လမ်းမကြီးပေါ်တွင် မီးလောင်မှုဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ သွားရောက်ကယ်ဆယ် မီးငြိမ်းသတ်နိုင်ရေးအတွက် ဖြန့်ခွဲထားရှိပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း ယာဉ်များမတော်တဆ မီးလောင်မှု ခုနစ်ကြိမ်ရှိခဲ့ကြောင်းလည်း သိရသည်။

### အချိန်နှင့်တစ်ပြေးညီ ကူညီ

ယနေ့အခြေအနေတွင် လူမှုကွန်ရက်(Facebook) စာမျက်နှာအချို့၌ ဖြစ်စဉ်များအား သေချာဂဃနဏမသိရှိဘဲ မှတ်တမ်းဓာတ်ပုံများရိုက်၍ သတင်းဦး သတင်းထူးအနေဖြင့် ဆောလျင်စွာ တင်ပြမှုများကြောင့် ခရီးသွားပြည်သူအချို့ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေဖြင့် အမြန်လမ်းမကြီးတစ်လျှောက်တွင် ရဲစခန်း၊ ရဲကင်းအသီးသီး စုဖွဲ့ထားရှိသည့်အပြင် တပ်ဖွဲ့ဝင်များကလည်း လမ်းမကြီးပေါ်၌နေ့/ညမပြတ်ရှိနေပြီး ယာဉ်မတော်တဆဖြစ်စဉ်များ၊ အခြားသဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စဉ်များအား သွားရောက်ကူညီဆောင်ရွက်လျက်ရှိသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရာနေရာသို့ အမြန်ဆုံးရောက်ရှိခြင်း၊ ဒဏ်ရာရရှိသူများကို စနစ်တကျအချိန်တိုအတွင်း ကြည့်ရှုစစ်ဆေးခြင်း၊ အသက်အန္တရာယ်ရှိသူများကို ဦးစားပေးရွေးချယ်ခြင်း၊ ရှေးဦးပြုစုမှုပြုလုပ်ခြင်းနှင့် အနီးစပ်ဆုံးဆေးရုံသို့ အမြန်ဆုံးသယ်ယူပို့ဆောင်စေခြင်းတို့ကိုလည်း တပ်ဖွဲ့ဝင်များကို စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

### အသိပညာပေးဆောင်ရွက်

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့အနေဖြင့် အခြားဆက်စပ်ဌာနများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ယာဉ်မောင်းအား အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးခြင်း၊ ယာဉ်အောက်ပိုင်းတာယာ၊ ဘရိတ်၊ ရှေ့မီးကြီး၊ အချက်ပြမီး၊ ရှေ့လေကာမှန်ဝိုက်ဘာ ကောင်း/မကောင်း စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးနှင့် အရေးပေါ်ထွက်ပေါက်အခြေအနေများပါရှိခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ အမြန်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များ မောင်းနှင်ရာ၌ သတိပြုမောင်းနှင်ရမည့် ဆောင်ရန်/ရှောင်ရန် ပညာပေးဆောင်ရွက်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကိစ္စကြီးငယ်ပေါ်ပေါက်လာပါက အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးနှင့် အမြန်လမ်းမကြီးရဲစခန်းများသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို အမှတ်(၃)လမ်းဆုံတိုးဂိတ်၊ ဖြူးတိုးဂိတ်၊ နေပြည်တော်တိုးဂိတ်၊ မိတ္ထီလာတိုးဂိတ်၊ စကားအင်းတိုးဂိတ်များမှ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ MRTV, MRTV-4, MWD, SKY NET Police Channel များ၊ နိုင်ငံပိုင်သတင်းစာနှင့် ပုဂ္ဂလိကဂျာနယ်များတွင် ထည့်သွင်းဖော်ပြပေးလျက်ရှိသည့်အပြင် အမြန်လမ်းပေါ်၌ မောင်းနှင်မည့် ယာဉ်မောင်းများအား လမ်းအနေအထား၊ မိမိယာဉ်သွားလာနှုန်း အနေအထားများကို ယာဉ်မောင်းများသိရှိစေရန် နှိုးဆော်ချက်များ၊ ယာဉ်မောင်းများလိုက်နာရမည့် ယာဉ်စည်းကမ်းများကိုလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့က အသိပေးနှိုးဆော်လျက်ရှိသည်။

### အစဉ်အမြဲအသင့်ရှိ

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များ၏ စက်ချွတ်ယွင်းမှု၊ မော်တော်ယာဉ်ဆီပြတ်မှု၊ မော်တော်ယာဉ်ဘီးပေါက်မှု၊ ခရီးသွားရင်း ကျန်းမာရေးမကောင်း/သေဆုံးသဖြင့် ကူညီခဲ့ရမှု၊ ခရီးသည် စိတ်ပြိုငြင်မှုအား ကူညီပေးမှုနှင့် ခရီးသည်၏ ငွေ/ပစ္စည်းပျောက်ဆုံးမှုတို့ကို ဖော်ထုတ်မှုစသည့် အရေးပေါ်ဆောင်ရွက်ချက်များကိုလည်း အမြန်လမ်းမကြီးရဲတပ်ဖွဲ့က အချိန်မရွေး၊ နေရာမရွေး ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များအနေဖြင့် ခရီးသွားမိဘပြည်သူအပေါင်း၏ သွားလာမှု လုံခြုံချောမွေ့စေရေးနှင့် အရေးပေါ်အခြေအနေများတွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန် အသင့်ရှိနေမည်သာ။ ॥


## အသိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း အများပိုင်ဘတ်စ်ယာဉ်များ မကြာမီစတင်ပြေးဆွဲတော့မည်ဖြစ်ရာ အဆိုပါယာဉ်များသည် မြို့တော်အတွင်း လမ်းမကြီးများ၏ ယာဘက်အစွန်ယာဉ်ကြောကိုသာ အသုံးပြုမောင်းနှင်ကြမည်ဖြစ်ပါသည်။

ယာဘက်ယာဉ်ကြောအတွင်းမှ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များအနေဖြင့် အများပိုင်ဘတ်စ်ယာဉ်များအား ဦးစားပေးမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

# နေပြည်တော်တစ်ခွင် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ




မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး။



သတ္တသတ္တာဟ မဟာဗောဓိစေတီတော်။



အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)။




အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်(နေပြည်တော်)။




နေပြည်တော် တိရစ္ဆာန်ဥယျာဉ်။




ကလေးအထူးကုဆေးရုံ(နေပြည်တော်)။



နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း။

# နေပြည်တော်တစ်ခွင် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ


နေပြည်တော် လွှတ်တော်အဆောက်အအုံ။



နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဇီဝကဆိုင်ခန်းများ (သပြေကုန်းဈေး)။



မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)။


နေပြည်တော် ရေပန်းဥယျာဉ်။



နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်း။


Junction Centre။


မဏိရတနာ ကျောက်မျက်အရောင်းခန်းမ။

# အရောင်းအဝယ်သွက်လာသော ဟော်လန်သံပရာ

**နေပြည်တော် ဇန်နဝါရီ ၃၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ဆည်လမ်းဆုံ အနီးဈေးကွက်ဝင် ဟော်လန်သံပရာ အရောင်းအဝယ်ဖြစ်ကြောင်းနှင့် ပျိုးပင်များကိုလည်း ပြန်လည်ရောင်းချပေးနေကြောင်း သိရသည်။ **(အောက်ပုံ)**

ဈေးကွက်တွင် သံပရာသီးအစစ်များ ဈေးများသဖြင့် မရှိမဖြစ်ဆေးဖက်ဝင် အသီးအဖြစ်သာတည်ရှိနေပြီး စားသုံးသူများအနေဖြင့် သံပရိုသီးခေါ် ဟော်လန်သံပရာသီးကို အစားထိုးသုံးစွဲမှုများပြားလာပြီး ဈေးကွက်၌ သံပရိုသီးသည် နေရာဝင်ရောက်ယူနေပြီဖြစ်သည်။

"ဒီဟော်လန်သံပရိုသီးက ဈေးလည်းသက်သာတယ်၊ အလုံးလည်းကြီးတယ်၊ အရည်လည်းရွှမ်းတယ်၊ ဒါကြောင့် ရောင်းအားကောင်းတယ်" ဟု ဟော်လန်သံပရာခြံပိုင်ရှင် ဦးကြည်အောင်က ပြောသည်။



အဆိုပါ ဟော်လန်သံပရာသီးကို တစ်လမျိုးထားပြီး ရှစ်လနှင့် တစ်နှစ်အတွင်းခူးဆွတ်၍ ဈေးကွက်သို့တင်ကာ အရောင်းအဝယ်ဖြစ်ကြောင်း၊ ပွဲစားများက ခြံသို့လာရောက် ဝယ်ယူခြင်းကြောင့် ကိုယ်တိုင်တင်ပို့ရောင်းဝယ်ချိန်ပင် မရှိကြောင်း၊ ယင်းအသီးကို တပ်ကုန်း၊ ပျဉ်းမနား၊ အာဟာရသုခဈေးနှင့် ရေဆင်းဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

ယခုလောလောဆယ်တွင် နှစ်တင်းဝင်တစ်အိတ်လျှင် ခြံပေါက်ဈေး ကျပ် ၁၂၀၀၀ ရှိပြီး တပ်ကုန်းသို့ ကိုယ်တိုင်တင်ပို့ပါက ကျပ် ၁၄၀၀၀ အထက်ရှိကြောင်း၊ ရွာအနီးအနားမှလည်း လက်လီဝယ်ယူမှုများကြောင်း၊ ဧပြီလတွင် ဈေးပိုရကြောင်း၊ တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ အထိ ရနိုင်ကြောင်းနှင့် ကိုယ်တိုင်စိုက်ပျိုးသူရှိပါက နည်းစနစ်များပြသပေးကာ ကိုယ်တိုင်လိုက်စိုက်ပေးကြောင်း သိရသည်။ ပျိုးပင်တစ်ထုပ်လျှင် ကျပ် ၈၀၀ နှင့် ရောင်းချပေးသည့် ပွဲစားများ တိုက်ရိုက်လာယူမှုများသောကြောင့် ဟော်လန်သံပရာသည် အရောင်းအဝယ်သွက်ကြောင်း သိရသည်။ **(အေးအေးမိုးလှိုင်)**

# ကလေးခိုးယူမှုများနှင့် ပတ်သက်၍ ပုဗ္ဗသီရိမြို့နယ်တွင် ရှင်းလင်းပြောကြား

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြပါရှိသော ကလေးခိုးယူ ပျောက်ဆုံးမှုများဖြစ်ပေါ်ဟု မမှန်သတင်းများအား နားလည်သဘောပေါက်စေရန် ဇန်နဝါရီ ၂၉ ရက်က ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်အထက၌ ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်က လတ်တလောကလေးခိုးယူမှု ဖြစ်ပေါ်သည်ဟူသော မမှန်သတင်းနှင့်ပတ်သက်၍ ယင်းသတင်းသည် ကောလာဟလသာဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မကြာခင်ကာလတွင် အတန်းတင်စာမေးပွဲကြီး ဖြေဆိုကြရတော့မည်ဖြစ်ရာ ကောလာဟလသတင်းများအား စိတ်ထဲတွင် ကိန်းအောင်မထားရန် မိမိတို့၏ ကျောင်းစာကိုသာ အလေးထားကျက်မှတ်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းနှင့်ကျောင်းဝန်းကျင် လမ်းမကြီးများတွင် မျက်နှာစိမ်း သင်္ကာမကင်းသူများ၊ မြူဆွယ်သူများနှင့်တွေ့ရှိက နီးစပ်ရာ ဆရာ၊ ဆရာမများ အုပ်ချုပ်ရေးတာဝန်ရှိသူများထံ သတင်းပေးပို့ကြရန်နှင့်မြူဆွယ်သူများ၏ စည်းရုံးသိမ်းသွင်းသည့် စကားကို မယုံစားမိစေရန် ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ကျည်တောင်ကန်နယ်မြေရဲစခန်းမှူး ရဲအုပ်ကျော်မင်းထူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းဌေးနှင့် ဆရာ ဆရာမများ အခြေခံပညာကျောင်းသား ကျောင်းသူများ၊ သတင်းမီဒီယာများ စုစုပေါင်း ၉၀၀ ခန့် တက်ရောက်ခဲ့သည်။ **ကိုကိုရှူပ(နေပြည်တော်)**

# ပြည်ပခရီးစဉ် (Outbound Tour) လိုင်စင်များ ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းလိုင်စင်များကို မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိပြီး ခရီးသွားကုမ္ပဏီများအနေဖြင့် ပြည်ပခရီးစဉ် (Outbound Tour) ကို စနစ်တကျဆောင်ရွက်ခွင့်ပြုနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်ပခရီးစဉ် (Outbound Tour) ဆောင်ရွက်ခွင့်အတွက် စည်းမျဉ်း၊ စည်းကမ်းများရေးဆွဲနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ၂၀၁၃ ခုနှစ် ဩဂုတ်လမှစတင်ပြီး ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ဆွေးနွေးပွဲများအကြိမ်ကြိမ်ပြုလုပ်ပြီး ပတ်ဝန်းကျင် အာဆီယံနိုင်ငံများ၏ ခရီးသွားလုပ်ငန်းဆိုင်ရာဥပဒေများကို လေ့လာ၍ ပြည်ပခရီးစဉ် (Outbound Tour)ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ရေးဆွဲခဲ့သည်။ ထိုသို့ရေးဆွဲထားသော ပြည်ပခရီးစဉ် (Outbound Tour)ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ဥပဒေအကြံညာဏ်များရယူပြီး အထက်ဌာနများသို့ တင်ပြ၍ ပြည်ပခရီးစဉ် (Outbound Tour)ကို စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုင်စင်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှတစ်ဆင့် ခရီးသွားလုပ်ငန်းရှင်များသို့ အသိပေးကြေညာခဲ့သည်။

ထိုသို့ ကြေညာပြီးနောက် ပြည်ပခရီးစဉ်ဝန်ဆောင်မှုပေးနေသော ခရီးသွားကုမ္ပဏီများအနေဖြင့် ပြည်ပခရီးစဉ် (Outbound Tour) လိုင်စင်များ လျှောက်ထားလာကြရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ယခုနှစ် ဇန်နဝါရီ ၂၆ ရက်အထိ လိုင်စင်(၃၃)ခုကို ခွင့်ပြုပေးထားပြီး သတ်မှတ်ချက်များနှင့်အညီ ထပ်မံတင်ပြလာသော ကုမ္ပဏီများကိုလည်း စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေအရ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများသည် ဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရယူဆောင်ရွက်ရန် လိုအပ်သည်။ သို့ဖြစ်၍ ပြည်ပခရီးစဉ် (Outbound Tour) လုပ်ငန်းဆောင်ရွက်သော ခရီးသွားကုမ္ပဏီများအနေဖြင့် လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန်လိုအပ်ပြီး လိုင်စင်မရှိဘဲ လုပ်ငန်းဆောင်ရွက်စဉ် အကြောင်းတစ်စုံတစ်ရာဖြစ်ပေါ်လာပါက မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးတည်ဆဲဥပဒေနှင့်အညီ အရေးယူခံရနိုင်ကြောင်း အဆိုပါဌာနမှ ဖော်ပြထားသည်။ **(ကြေးမုံ)**

## စာတိုက်လုပ်ငန်းသိလိုသည်များမေးမြန်းနိုင်

**ရန်ကုန် ဇန်နဝါရီ ၃၁**

သုံးစွဲသူပြည်သူများအနေဖြင့် မြန်မာ့စာတိုက်လုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး၏ စာတိုက်လုပ်ငန်း ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းလိုသည်များရှိပါက မြန်မာ့စာတိုက်လုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ဝန်ဆောင်မှုအဖွဲ့ (Customer Care Unit) ဖုန်း ၀၁-၂၉၁၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီးစာတိုက်လုပ်ငန်းက အသိပေးထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ငါ့သရောက်မြို့နယ်တွင် ငွေအကုန်အကျများခြင်းကြောင့် ပုန်းရည်ကြီးလုပ်ငန်းလုပ်ကိုင်သူများ တဖြည်းဖြည်းလျော့နည်းလာ

**ငါ့သရောက် ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ခွဲ ဆည်ကျေးရွာမှ ဒေသခံပြည်သူများသည် ပုန်းရည်ကြီးလုပ်ငန်းကို ဝင်ငွေတိုးလုပ်ငန်းတစ်ခုအနေဖြင့် တစ်နိုင်တစ်ပိုင်လုပ်ကိုင်လျက်ရှိကြသည်။

ယခုအခါ အဆိုပါ ပုန်းရည်ကြီးလုပ်ငန်းမှာ ငွေအကုန်အကျများသည့်အတွက် လုပ်ငန်းမတိုးချဲ့နိုင်သည့်အပြင် အချို့ ပုန်းရည်ကြီးလုပ်ငန်း လုပ်ကိုင်သူများမှာ ငွေကြေးအရင်းအနှီး မတတ်နိုင်ကြ၍ လုပ်ငန်းလုပ်ကိုင်သူများ တဖြည်းဖြည်းလျော့နည်း လာလျက်ရှိကြောင်း ငါ့သရောက်မြို့နယ် ဆည်ကျေးရွာရှိ ပုန်းရည်ကြီးလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့နယ် ဆည်ကျေးရွာတွင် ပုန်းရည်ကြီးလုပ်ငန်းကို ယခင်က လုပ်ကိုင်သူ ၆၀ ခန့်ရှိပြီး ယခုအခါ ငွေကြေး အခက်အခဲများကြောင့် လုပ်ငန်းရှင် ၁၀ ဦးကျော်ခန့်သာ လုပ်ကိုင်နိုင်တော့ကြောင်း၊ ယခုလုပ်ကိုင်နေသည့် ပုန်းရည်ကြီးလုပ်ငန်းရှင်များမှာလည်း ငွေအကုန်အကျသက်သာသည့် ကုန်ကြမ်းအဖြစ်သာပြုလုပ်ပြီး ညောင်ဦးမြို့ရှိ ပုန်းရည်ကြီး လုပ်ငန်းရှင်များထံ ဖောက်သည် တင်ပို့ရောင်းချနေရပြီး တစ်နေ့လျှင် ပုန်းရည်ကြီး ပိဿာချိန် ၆၀ ခန့် ထုတ်လုပ်ရောင်းချနိုင်ကြောင်းနှင့် ပုန်းရည်ကြီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

"ငါ့သရောက်မြို့နယ်မှာ ပုန်းရည်လုပ်ငန်းကို အများဆုံးလုပ်ကိုင်တာကတော့ ကျွန်တော်တို့ ဆည်ကျေးရွာက ဒေသခံတွေပါပဲ။ ဝင်ငွေတိုးလုပ်ငန်းတစ်ခုအနေနဲ့ ပုန်းရည်ကြီးလုပ်ငန်းကို လုပ်ကိုင်ပေမယ့် ပုန်းရည်ကြီးလုပ်ငန်းက ငွေကြေးအရင်းအနှီးများပါတယ်။

"ပုန်းရည်ကြီးကျိုဖို့အတွက် ပဲပိစပ်၊ လောင်စာအဖြစ် ထင်းနဲ့ မြေပဲခွံတွေ ဝယ်ရပါတယ်။ နောက်ပြီး အရွယ်အစားအလိုက် ထုပ်ပိုးဖို့ ပလတ်စတစ်အိတ်ဝယ်ရတယ်။ ဒါတွေအတွက် ငွေကြေးအရင်းအနှီး မတတ်နိုင်တဲ့သူတွေက လုပ်ငန်းတိုးချဲ့ဖို့ နေနေသာသာ လုပ်ငန်းလည်ပတ်ဖို့အတွက်ကို မနည်းလုပ်ကိုင်နေရပါတယ်။ တချို့ဆိုရင် လုပ်ငန်းကို ရပ်နားထားရပါတယ်။

"ဒါကြောင့် ကျွန်တော်တို့ ပုန်းရည်ကြီး လုပ်ငန်းရှင်တွေအတွက် အတိုးနှုန်းသက်သာစွာနဲ့ ချေးငွေထုတ်ချေးပေးပြီး ပုန်းရည်ကြီးလုပ်ငန်းကို ဘွိုင်လာစနစ်နဲ့ အသုံးပြုခွင့်ရအောင် ဆောင်ရွက်ပေးတာမျိုးတွေ ကူညီထောက်ပံ့ပေးမယ်ဆိုရင်တော့ ပုန်းရည်ကြီးလုပ်ငန်းရှင်တွေအတွက် အဆင်ပြေပြီး ဒီထက်မက ထုတ်လုပ်မှုကို တိုးတက်လာစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလိုမျိုး အခွင့်အရေးတွေ ပေါ်လာစေချင်ပါတယ်။ အခုဆိုရင် ပုန်းရည်ကြီးလုပ်ငန်းကို ငွေကြေးအရင်းအနှီးများတဲ့အတွက် ကျွန်တော်တို့ရွာမှာ လုပ်တဲ့သူတွေ လျော့နည်းလာပါပြီ"ဟု ငါ့သရောက်မြို့နယ် ဆည်ကျေးရွာမှ ပုန်းရည်ကြီးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



ပုန်းရည်ကြီးကျိုချက်သည့် လုပ်ငန်းခွင်တစ်နေရာ။

# မြစ်သားမြို့တွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝ နှလုံးလှသူများရွေးချယ်ပွဲ ကျင်းပ

**မြစ်သား ဇန်နဝါရီ ၃၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် ၁၉၇၇-၁၉၇၈ ခုနှစ် မြစ်သားမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများက ဦးစီးဆောင်ရွက်သော ၂၀၁၅-၂၀၁၆ ခုနှစ် မြစ်သားမြို့အခြေခံပညာအထက်တန်းကျောင်း၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝ နှလုံးလှသူများရွေးချယ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက အောင်မင်္ဂလာခန်းမ၌ ကျင်းပကြောင်း သိရသည်။

မြစ်သားမြို့၏ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစီးဆောင်ရွက်နိုင်မည့် မျိုးဆက်သစ်လူတော်လူကောင်းများ ပေါ်ထွန်းလာရေးရည်ရွယ်ကျင်းပခဲ့သည့် အဆိုပါရွေးချယ်ပွဲတွင် စိတ်ဓာတ်ပိုင်းဆိုင်ရာကောင်းမွန်မှုကို ၆၀ ရာခိုင်နှုန်း၊ ရိုးသားကြိုးစားမှုကို ၄၀ ရာခိုင်နှုန်းထားရှိကာ ရွေးချယ်ခဲ့ပြီး လာမည့်နှစ်များတွင်လည်း စံပြကျောင်းသား ကျောင်းသူများကို ဆက်လက်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဆုရရှိသော အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့မှ ကျောင်းသား ကျောင်းသူ ခြောက်ဦးအား ဆုကြေးငွေကျပ် တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ပမာဏဆုရွေးချယ်ရာတွင် ပါဝင်သော ကျောင်းသား ကျောင်းသူ ၁၂ ဦးကိုလည်း တစ်ဦးလျှင်ဆုကြေးငွေကျပ် နှစ်သောင်းစီ ချီးမြှင့်ခဲ့ပြီး ကျောင်းအုပ်ဆရာကြီး ဦးဆွေပိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## ဂုတ်ထိပ်တံတားတွင် တံတားဖြတ်လျှောက်ခွင့်ပိတ်ပင်ထားသော်လည်း ကမ္ဘာလှည့်ခရီးသည်များအပါအဝင် နေ့စဉ်လူဦးရေ ရာနှင့်ချီ၍ လာရောက်လည်ပတ်

**နောင်ချို ဇန်နဝါရီ ၃၁**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်အတွင်းရှိ နာမည်ကျော် ဂုတ်ထိပ်တံတားတွင် တံတားဖြတ်လျှောက်သွားလာခွင့် ပိတ်ပင်ထားသော်လည်း ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် နေ့စဉ်လူဦးရေရာနှင့်ချီ၍ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ ပုံမှန်ရက်များတွင် လူနှစ်ရာကျော်ခန့် လာရောက်လည်ပတ်မှုရှိပြီး ရုံးပိတ်ရက်နှင့် အခါကြီးရက်ကြီးများတွင် လူဦးရေငါးရာကျော်မှ ခုနစ်ရာ အထိ လာရောက်တတ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အရင် တံတားပေါ်ဖြတ်လျှောက်ခွင့်ပေးထားတုန်းက လူများတဲ့ရက်တွေမှာဆို တံတားပေါ်မှာတင် လူလေးငါးရာလောက် တက်နေကြတာ အလွန်အန္တရာယ်များပါတယ်။ ဘေးက အကာအရံမရှိတဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် တွန်းတိုက်မိပြီး ပြုတ်ကျနိုင်ပါတယ်။ အထူးသဖြင့် အကြောက်အလန့်မရှိ ဓာတ်ပုံရိုက်ကြတာတွေရှိတယ်။ တံတားသံပေါင်တွေပေါ် တက်ရိုက်ကြတယ်။ တံတားအစွန်အဖျားမှာ ခြေထောက်တွဲလဲချထိုင်ကြတယ်။ အလွန်အန္တရာယ်များပါတယ်"ဟု တာဝန်ကျဝန်ထမ်းတစ်ဦးက ပြောသည်။

ထို့ပြင် အချို့လူငယ်များမှာ တံတားပေါ်တွင်ထိုင်၍ အရက်ဘီယာသောက်သုံးခြင်း၊ ဆေးလိပ်သောက်သုံးပြီး စည်းကမ်းမဲ့ လွှင့်ပစ်ခြင်းများကိုလည်းတွေ့ရကြောင်း ဒေသခံတစ်ဦးက ပြောသည်။ စည်းကမ်းမဲ့ဆေးလိပ်တိုများကြောင့် တောမီးလောင်တတ်သလို သဘာဝတောမီးကြောင့်လည်း တံတားကိုထိခိုက်ပြီး စလီဖားတုံးများ ပျက်စီးမှုကြုံတတ်ခြင်းကြောင့် တံတားပေါ်မီးငြိမ်းသတ်နိုင်ရန် ရေဂါလန် လေးထောင်ဆံ့ကန်ကြီးမှ ရေပိုက်သွယ်ထားကြောင်း သိရသည်။

လာရောက်လည်ပတ်သူများအနေဖြင့် တံတားပေါ်ဖြတ်လျှောက်ခွင့်ပိတ်ပင်ထားသော်လည်း တံတားထိပ်အန္တရာယ်ကင်းသည့် နေရာမှ အမှတ်တရ ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်နိုင်သည့်အတွက် အဆင်ပြေလျက်ရှိပြီး ဂုတ်ထိပ်ဘူတာမှ တံတားကိုဖြတ်သန်း၍ သင့်တင့်သောနှုန်းထားဖြင့် ကားရထားငယ်များပြေးဆွဲပေးရန် စီစဉ်နေကြောင်း မြန်မာ့မီးရထားအသိုင်းအဝန်းမှ သိရသည်။

ဂုတ်ထိပ်တံတားကြီးသည် မြန်မာ့မီးရထားသမိုင်းတွင် တန်ဖိုးမဖြတ်နိုင်သကဲ့သို့ ခရီးသွားလုပ်ငန်းအတွက်ပါ အကျိုးများသည့်အတွက် တံတားကြီးရေရှည်တည်တံ့ရေး စုပေါင်းထိန်းသိမ်းရန် လိုအပ်လျက်ရှိသည့်အပြင် တံတားကြီး၏သမိုင်းအချက်အလက်များကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် တံတားအနီး စိုက်ထူထားပေးနိုင်ရန် လာရောက်လေ့လာသူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုနေ(သီပေါ)**




# နွားနို့တိုက်ပါ

ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့

ကျန်းမာသန်စွမ်းစေဖို့

ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့

အသားအရေ လှပစေဖို့

ကျောင်းနေအရွယ် သင့်ကလေးကို

နွားနို့တိုက်ပါစို့





## ကျောက်တန်းမြို့နယ်၌ အခြေခံအုပ်ချုပ်စက်သင်တန်းဆင်း

**ကျောက်တန်း ဇန်နဝါရီ ၃၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲ အမှတ်စဉ် (၄/၂၀၁၆) ကို ကျောက်တန်းမြို့နယ် စင်မကော်ကျေးရွာ Learning Center ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိက သင်တန်းဆင်းအမှာ စကားပြောကြားပြီး အဆိုပါ သင်တန်းဆင်းပွဲသို့ အဖွဲ့ဝင်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဆရာမများ၊ သင်တန်းသူ ၂၉ ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စန်းစန်း(ကျောက်တန်း)**

**ဝဝ**

# လူကုန်ကူးမှုအကြောင်း တစေ့တစောင်း

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှတ်တမ်းများအရ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံသည်လည်း လူကုန်ကူးခံရမှုစဉ်ဆက်မပြတ်ပေါ်ပေါက်နေပါသည်။ လူကုန်ကူးမှုသည် အသက်အရွယ်အပိုင်းအခြားနှင့် အဆင့်အတန်းမခွဲခြားဘဲ ကြုံတွေ့နိုင်သောအမှုဖြစ်သည်နှင့်အညီ ကလေးသူငယ်များကို တောင်းရမ်းမှုခိုင်းစေခြင်း၊ အိမ်ဖော်အဖြစ်ခိုင်းစေခြင်း၊ အမျိုးသမီးများကိုလည်း သားမယားအဖြစ် ပေါင်းသင်းစေခြင်းအပြင် ပြည့်တန်ဆာ၊ အခြားစိုက်ပျိုးရေး (ရော်ဘာ) စသည့် နေရာများတွင် အသုံးချကြသည်။ အမျိုးသားများကိုလည်း ရေလုပ်ငန်းများ၊ ရော်ဘာလုပ်ငန်းများနှင့် အခြားအလုပ်ကြမ်းများတွင် ခိုင်းစေရန် ရောင်းစား၊ ဝယ်ယူကြခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်ကိုင်နေကြသော လုပ်သားအများစုသည် လူကုန်ကူးမှုမြောက်မှန်းမသိမြောက်နေကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး မြန်မာ NGO ကွန်ရက်မှ ဦးကျော်သန်းထွန်းက ပြောသည်။

"အသွားတုန်းကတော့ တရားဝင်ရွှေ့ပြောင်းသွားလာတာပဲ။ ဟိုရောက်တော့မှ အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခတွေခံရပြီးတော့ လူကုန်ကူးခံရတဲ့ဘဝကို ရောက်ရတာ။ တကယ်တော့ တရားဝင်သွားလုပ်တာ။ ရိုးရိုးအလုပ်သမားအနေနဲ့ပါ။ ပြီးတော့မှ ထိုက်သင့်တဲ့လုပ်ခ၊ လစာမရတာ၊ မတရားခိုင်းစေတာ၊ ပိတ်လှောင်ပြီး အကြမ်းဖက်တာ၊ အချိန်ပိုခိုင်းပြီး လစာမပေးတာတို့၊ ပြည့်တန်ဆာလုပ်ခိုင်းတာတို့ အမျိုးမျိုးပဲ။ အဲဒါမျိုးတွေဖြစ်လာပြီဆိုရင် လူကုန်ကူးမှုမြောက်လာပြီ"ဟု ၎င်းက ပြောသည်။

လူကုန်ကူးမှုသည် ပြည်ပသို့ ပို့ဆောင်မှသာ လူကုန်ကူးခြင်းမဟုတ်ဘဲ ပြည်တွင်းရှိ ဒေသအသီးသီးသို့လည်း အကျိုးဆောင်ဆန်ဆန် လုပ်သားပို့ဆောင်ခြင်းဆိုသည့် လူကုန်ကူးမှုများလည်း ရှိနေသည်။

"နိုင်ငံခြားကိုပို့တာတော့ ပိုပြီးကြန့်ကြာတယ်။ အဆက်အသွယ်လိုတယ်။ ငွေလည်းပိုကုန်တယ်။ ဒါပေမယ့် အမြတ်အစွန်းပိုကျန်တယ်။ ပြည်တွင်းကိုကြည့်ရင် အလုပ်သွင်းပေးမယ်ဆိုပြီး တောဘက်ကနေခေါ်လာတယ်။ မြို့ပေါ်ရောက်တော့ ပြည့်တန်ဆာလို အလုပ်မျိုးတွေကို ခိုင်းတယ်။ ကိုယ့်ဒေသကို မပြန်ချင်တော့လို့၊ ပိုက်ဆံများများရလို့ လက်ခံပြီးလုပ်တာတွေရှိတယ်။ ဒီလိုနည်းနဲ့ ပြည်တွင်းမှာလည်း လူကုန်ကူးခံနေရတယ်"ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့က ဆိုသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၏ လေ့လာထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းသည် ငွေကြေးပိုမိုလိုအပ်ခြင်းနှင့် အယုံလွယ်ခြင်းတို့ကြောင့်ဖြစ်သည်။

"ပိုက်ဆံပိုရမယ့်နေရာကို သွားချင်တဲ့စိတ်ရှိသနေသရွေ့ လူကုန်ကူးမှုခံနေရဦးမှာပဲ"ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး မြန်မာ NGO ကွန်ရက်မှ ဦးကျော်သန်းထွန်းက ဆက်ပြောသည်။

ရန်ကုန်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး ရဲမှူး ရိုလင်ကလည်း "အယုံလွယ်တာကနေစပြီးတော့ လိုက်သွားရာကနေ နောက်ဆုံးမှာ လူကုန်ကူးခံရတဲ့အဆင့်ကို ရောက်လာတာပဲ"ဟု ပြောသည်။

လူကုန်ကူးမှုခံရမှုကိုကာကွယ်သည့် ပထမလုပ်ငန်းစဉ်ဖြစ်သော စောင့်ကြည့်ရေးကဏ္ဍတွင် လူကုန်ကူးမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့များဖွဲ့ကာ ရပ်ကွက်အတွင်းရှိ လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်နိုင်သော ဆင်းရဲနွမ်းပါးသူ၊ မိဘမဲ့ကလေး၊ ခိုကိုးရာမဲ့များ၊ ခင်ပွန်းမရှိသော အမျိုးသမီးနှင့် ၎င်း၏ သား သမီး၊ ပထွေးနှင့်နေရသောသူ၊ မိထွေးနှင့်နေရသောသူ၊ အိမ်တွင် မနေချင်သောသူများကို စောင့်ကြည့်ရသည်ဟု ဆိုသည်။

"လူကုန်ကူးမှုအကြောင်းကို အဓိပ္ပာယ်နဲ့တကွ လူထုတွေသိလာအောင် ကျွန်တော်တို့ NGO အဖွဲ့တွေက ပညာပေးတာတွေ လုပ်တယ်။ ပြီးတော့ TOT လို့ခေါ်တဲ့ သင်တန်းတွေပေးပြီး အဲဒီသင်တန်းက သင်တန်းသားတွေက ပြန်ပြီး သင်ကြားပို့ချပေးနိုင်အောင် လုပ်ဆောင်နေပါတယ်"ဟု မြန်မာ NGO ကွန်ရက်မှ ဦးကျော်သန်းထွန်းက ပြောသည်။

တားဆီးနှိမ်နင်းရေးကဏ္ဍကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ရန်ကုန်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့စု ၂၇ ဖွဲ့ ဖွဲ့စည်းကာ ဆောင်ရွက်နေသည်ဟု ပြောသည်။

"ဒီတပ်ဖွဲ့စုတွေက တွေ့ရှိတဲ့အချက်အလက်တွေကို ဆက်စပ်တဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတပ်ဖွဲ့စုတွေဆီ သတင်းဖလှယ်တယ်။ လူကုန်ကူးခံရနိုင်တဲ့ အန္တရာယ်ရှိတယ်ဆိုရင် လမ်းခုလတ်မှာ ကျွန်တော်တို့က အသိပညာပေးရှင်းပြတယ်။ ပြီးရင် သူတို့ဆန္ဒအတိုင်း ဆက်လက်ပြီး ပြည်ပကို တရားမဝင်မသွားတော့ဘဲနဲ့ နေရပ်ပြန်ခြင်းအားဖြင့် ကြိုတင်ကာကွယ်တားဆီးခြင်း ဆောင်ရွက်တယ်"ဟု ရန်ကုန်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး ရဲမှူးရိုလင်က ပြောသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ဆောင်ရာတွင် ငွေကြေးများစွာအသုံးပြုရသောကြောင့် NGO များအနေဖြင့် ရန်ပုံငွေလိုအပ်ခြင်း၊ ပြည်သူမှ လိုလိုလားလားတောင်းဆိုမှုမရှိခြင်း၊ တတ်သိနားလည်သည့် ပညာရေးဌာနကဲ့သို့အဖွဲ့အစည်းများအနေဖြင့်လည်း ထိုအသိုင်းအဝိုင်းတွင် ပညာပေးလုပ်ငန်းစဉ်များကို ဖိတ်ခေါ်မှုမရှိခြင်းတို့ဖြင့် ရင်ဆိုင်နေရသည်ဟု မြန်မာ NGO ကွန်ရက်မှ ဦးကျော်သန်းထွန်းက ပြောသည်။ ၎င်းက "ကျွန်တော်တို့ ပြည်သူတွေက သနားဖို့ကောင်းတယ်။ ဒီလောက်ပညာပေးတွေ လုပ်နေတာတောင်မှ လူကုန်ကူးခံနေရတာတွေရှိနေတော့ အလွှာအသီးသီး၊ ဌာနအသီးသီးက အားလုံးပူးပေါင်းဆောင်ရွက်စေချင်တယ်"ဟု ပြောသည်။

ပြည်တွင်းမှ အမျိုးသမီးများကို တရုတ်အမျိုးသားများနှင့် ပေါင်းသင်းရန် ရောင်းစားခံရမှုကို တရုတ်-မြန်မာနှစ်နိုင်ငံရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းတိုက်ဖျက်လျက်ရှိသည်။

"တရုတ်နိုင်ငံက သားသမီးတစ်ယောက်ပဲယူရမယ်ဆိုတဲ့ သတ်မှတ်ချက်ကြောင့် တရုတ်မှာ အမျိုးသားတွေပဲများတယ်။ လိုအပ်တဲ့အမျိုးသမီးတွေကို သူတို့ရဲ့ ထုံးတမ်းစဉ်လာအရ လက်ထပ်မယ်ဆိုရင် မြန်မာငွေကျပ်သိန်း ၁၀၀ ပတ်ဝန်းကျင်လောက်ကုန်မယ်။ ဒါကြောင့် တရုတ်အမျိုးသားရဲ့ဇနီးအဖြစ် အိမ်နီးချင်းနိုင်ငံက ဝယ်တဲ့အပေါ်မှာ တရုတ်ရဲတပ်ဖွဲ့ တာဝန်ရှိသူတွေကလည်း ဒီအနေအထားကို ပြန်ဆန်းစစ်ပြီးတော့ ပြုပြင်ဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ရန်ကုန်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှူး ရဲမှူးရိုလင်က ပြောသည်။

လက်ရှိတွင် တရုတ်အမျိုးသားတစ်ဦးက မြန်မာအမျိုးသမီးတစ်ဦးကို ငွေကျပ် ၂၅ သိန်းမှ သိန်း ၅၀အထိ ပေးကာ ဝယ်ယူလျက်ရှိသည်ဟု ဆိုသည်။

ယမန်နှစ် ဩဂုတ်လကုန်ထိ လူကုန်ကူးမှု ၁၂ မှုရှိခဲ့ပြီး ယခုနှစ်တွင် ယခုလအထိ ၁၃ မှုရှိကြောင်း ရဲမှတ်တမ်းများတွင် ဖော်ပြထားသည်။ လူကုန်ကူးမှုကို ပုဒ်မ ၂၄ ဖြင့် အမှုဖွင့်အရေးယူပြီး ထောင်ဒဏ် ငါးနှစ်မှ ၁၀ နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်သည်။

နေပြည်တော် ၀၆၇-၄၁၂၅၅၅၊ ၀၆၇-၄၁၂၆၆၆၊ မူဆယ် ၀၉-၄၉၅၅၅၆၆၆၊ မန္တလေး ၀၉-၄၉၅၅၅၇၇၇၊ ရန်ကုန် ၀၉-၄၉၅၅၅၈၈၈၊ ၀၉-၄၉၅၅၅၉၉၉တို့ဖြစ်ပြီး ထိုင်းနိုင်ငံတွင် ထိုင်းဘာသာဖြင့်ပြောဆိုမည်ဆိုပါက ၁၁၉၁၊ မြန်မာ-ကရင်ဘာသာများဖြင့် ပြောဆိုမည်ဆိုပါက ၀၈၀-၄၅၆၅၅၆၀၊ တရုတ်နိုင်ငံတွင် တရုတ်ဘာသာဖြင့်ပြောမည်ဆိုပါက ၁၁၀သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

အကူအညီတောင်းခံရာတွင် ၁။ မည်သူကမည်သူ့ကို၊ မည်သည့်နေရာမှ မည်သည့်နေရာသို့၊ မည်သို့မည်ပုံပြောဆိုစည်းရုံးပြီး၊ မည်သည့် အချိန်က ခေါ်ဆောင်သည်၊ ကြုံတွေ့ရသည့်အခြေအနေ စသော ငါးချက်ကို ပြည့်စုံစွာပြောပြနိုင်ပါက အရေးယူဆောင်ရွက်မှုအတွက် ပိုမိုအထောက်အကူဖြစ်စေသည်ဟု UNIAP က ထုတ်ပြန်ထားသည်။ ။

**ဖိုးကျော်(မြိတ်)**

## ၂၀၁၆ ခုနှစ်အတွက် Screen Actors Guild Awards ဆုပေးပွဲကျင်းပ



နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ဟောလိဝုဒ်ရဲ့ အနုပညာနဲ့ပတ်သက်တဲ့ ဆုပေးပွဲတစ်ခုဖြစ်တဲ့ "Screen Actors Guild Awards"ကို ပြီးခဲ့တဲ့ စနေနေ့ (ဇန်နဝါရီ ၃၀)က ကျင်းပခဲ့ရာ ရုပ်ရှင်နဲ့ အနုပညာဖန်တီးမှုပိုင်းမှာ ထူးချွန်တဲ့အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေကို ရွေးချယ်ပြီး ဆုပေးအပ်ခဲ့ပါတယ်။ အဲဒီလိုဆုရွေးချယ် ပေးအပ်ရာမှာ လူဖြူအနုပညာရှင်တွေသာမက လူမည်းအနုပညာရှင်တွေကိုလည်း ဆုရွေးချယ်ပေးခဲ့တာကြောင့် အသားအရောင်ခွဲခြားမှုမရှိတဲ့ ဆုပေးပွဲရယ်လို့ ကောက်ချက်ချမှုတွေ ရှိနေပါတယ်။ ယခုဆုပေးပွဲကြီးနဲ့မတူဘဲ အော်စကာ ဆုပေးပွဲကြီးကတော့ ဆုလျာထားစာရင်းတွေထွက်ပေါ်လာတဲ့ အချိန်မှာ လူမည်းအနုပညာရှင်တွေဟာ ဆုလျာထားခံရတာမရှိတဲ့အတွက် အသားအရောင်ခွဲခြားတယ်လို့ စွပ်စွဲပြောဆိုခံခဲ့ရပါတယ်။

ယခုကျင်းပခဲ့တဲ့ "Screen Actors Guild Awards" ဆုပေးပွဲကြီးမှာ ရုပ်သံရုပ်ရှင်တွေအတွက် ထူးချွန်အမျိုးသားဇာတ်ပို့ဆုကို လူမည်းသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အိုင်းဒ်ရစ်အယ်လ်ဘာက ရရှိခဲ့ပြီး ဖျော်ဖြေတင်ဆက်မှုထူးချွန်ဆု (အမျိုးသမီး)ကိုလည်း လူမည်းတစ်ဦးဖြစ်တဲ့ ကွင်းလက်တီဖာက ရရှိခဲ့ပါတယ်။

အခြားသောရုပ်ရှင်ထူးချွန်ဆုရရှိခဲ့သူတွေကတော့ "The Revenant" ရုပ်ရှင်နဲ့ ထူးချွန်အမျိုးသားဇာတ်ဆောင်ဆုကို မင်းသားလီယိုနာဒိုဒီကာပရီယိုက ရရှိခဲ့ပြီး "Room"ရုပ်ရှင်နဲ့ ထူးချွန်အမျိုးသမီးဇာတ်ဆောင်ဆုကို မင်းသမီးဘာရီလာဆန်က ဆွတ်ခူးခဲ့ပါတယ်။

ဇာတ်ပို့ဆုရရှိခဲ့တဲ့ သရုပ်ဆောင်တွေကတော့ "Beats of No Nations"ရုပ်ရှင်မှာ ပါဝင်ခဲ့တဲ့ မင်းသား အိုင်းဒ်ရစ်အယ်လ်ဘာနဲ့ "The Danish Girl"ရုပ်ရှင်မှာ ပါဝင်တဲ့ အလီရှာဗီကတ်ဒါတို့ပဲ ဖြစ်ကြပါတယ်။ အခြားသောအနုပညာနဲ့ပတ်သက်တဲ့ဆုတွေကိုလည်း ချီးမြှင့်ခဲ့ပြီး ယခုနှစ်မှာ ပေးအပ်ခဲ့တဲ့ဆုပေါင်း ၁၆ ဆုရှိခဲ့ပါတယ်။

အဆိုပါဆုပေးပွဲကြီးကို ၁၉၉၅ ခုနှစ်က စတင်ကျင်းပခဲ့ရာ ယခုနှစ်တွင် ၂၂ကြိမ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

## ကမ္ဘာ့သြဇာအကြီးဆုံးသူ ၁၀၀ စာရင်းမှာ ပါဝင်လာတဲ့ " G-Dragon"



တောင်ကိုရီးယားရဲ့ နာမည်ကျော်တေးဂီတအဖွဲ့တစ်ခုဖြစ်တဲ့ "BIG BANG"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ " G-Dragon"ဟာ HYPEBEAST မဂ္ဂဇင်းကထုတ်ပြန်တဲ့ ၂၀၁၅ ခုနှစ်ရဲ့ သြဇာအကြီးမားဆုံးသောသူ ၁၀၀ စာရင်းမှာ ပါဝင်လာခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သူဟာ အဆိုပါစာရင်းမှာပါဝင်တဲ့ တစ်ဦးတည်းသော တောင်ကိုရီးယားလူမျိုးလည်း ဖြစ်ပါတယ်။

အဆိုပါမဂ္ဂဇင်းမှ တာဝန်ရှိသူတစ်ဦးက ယခုလို " G-Dragon ကို ရွေးချယ်ဖော်ပြခဲ့ရတာဟာ လူတိုင်းကို ကေပေ့ါ်ပ် အကြောင်းမေးလိုက်တိုင်း သူတို့က G-Dragon ကိုပဲ ပထမဦးဆုံး ဖြေကြတယ်။ ပြီးတော့ ၂၀၁၅ ခုနှစ်မှာ ထွက်ရှိခဲ့တဲ့ BIG BANG ရဲ့ တေးအယ်လ်ဘမ်ဟာလည်း နိုင်ငံတကာမှာ အလွန်ကိုအောင်မြင်ခဲ့တယ်" လို့ ပြောကြားခဲ့ပါတယ်။

## တရုတ်နှစ်သစ်ကူးရုပ်/သံအစီအစဉ်တွေမှာ ပါဝင်တင်ဆက်သွားမယ့် PSY

ဒေါး
ပြည့်
၊
ရှည်း
သည်

ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးတေးသီချင်းတွေထဲမှာ နံပါတ်တစ်နေရာကို ရယူခဲ့ဖူးတဲ့ " Gangnam Style"နဲ့ " Daddy"တို့ရဲ့တေးသံရှင် "PSY"က လာမယ့်တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ရည်ရွယ်ထုတ်လုပ်သွားမယ့် ရုပ်သံလိုင်းသုံးခုရဲ့ အစီအစဉ်သုံးခုတွင် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခုလို တရုတ်ရုပ်/သံမီဒီယာသုံးခုက နှစ်သစ်ကူးအစီအစဉ်လို အထူးအစီအစဉ်တစ်ခုအတွက် ပြည်ပအနုပညာရှင်တစ်ဦးနဲ့ ရိုက်ကူးတင်ဆက်ခဲ့ခြင်းဟာ ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။

ဇန်နဝါရီ ၂၉ ရက်မှာ " PSY "ရဲ့ အေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က လတ်တလောမှာ "PSY "ဟာ တရုတ်နှစ်သစ်ကူးရုပ်/သံအစီအစဉ်သုံးခုအတွက် ရိုက်ကူးရေးလုပ်ငန်းတွေကို အောင်မြင်စွာအဆုံးသတ်နိုင်ရေး ကြိုးပမ်းနေကြောင်းနဲ့ ယင်းရုပ်/သံအစီအစဉ်တွေကို တရုတ်ရုပ်/သံလိုင်းတွေဖြစ်ကြတဲ့ "DragonTV"၊ "JSTV" နဲ့ "LRTV"တို့မှာ ထုတ်လွှင့်ပြသသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယင်းရုပ်သံလိုင်းသုံးခုအနက် "LRTV"က "PSY "ရဲ့ အစီအစဉ်ကို ဖေဖော်ဝါရီ ၆ရက်မှာ စတင်ထုတ်လွှင့်ပြသသွားမှာ ဖြစ်ပါတယ်။ ယင်းအစီအစဉ်တွင် PSY "က သူ၏နောက်ဆုံးထွက်ရှိထားသော တေးသီချင်းသစ် "Daddy"ဖြင့် ဖျော်ဖြေတင်ဆက်သွားမှာဖြစ်ကာ "Gangnam Style" သီချင်းဖြင့်လည်း ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရပါတယ်။ အဆိုပါအစီအစဉ်မှာ " PSY"နဲ့အတူ တရုတ်အနုပညာရှင်တွေဖြစ်ကြတဲ့ လန်းလန်းနဲ့ ရှိုးလူတို့ကလည်း ပါဝင်သွားမှာ ဖြစ်ပါတယ်။

အလားတူ ဖေဖော်ဝါရီ ၈ ရက်မှာ " JSTV "က " PSY "ရဲ့ တေးသီချင်းတွေဖြစ်ကြတဲ့ " Gangnam Style "နဲ့ " Napal Baji " တို့နဲ့ ဖျော်ဖြေသွားမည်ဖြစ်ကာ " DragonTV "က " Daddy "နဲ့ " Dance Jockey "တေးသီချင်းတွေကို ပြန်လည်ရိုက်ကူးဖျော်ဖြေတင်ဆက်သွားမှာဖြစ်ကြောင်း သိရပါတယ်။



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁ - ၂ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈:၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၀:၃၅ အနုပညာသတင်းအစီအစဉ်
၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြား လှူငယ်အစီအစဉ်
၁:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၇၉)
၁:၄၅ Tasty Trip (ဂျပန်ဘုရား(သို့) အောင်ဇမ္ဗူတောရစမ္မရိပ်သာ)
၂:၁၅ ဂီတတံခါးလေးဖွင့်ပါဦး
၃:၃၅ ရွှေ့ပြောင်းအလုပ်သမား အစီအစဉ်
၄:၃၅ အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၅:၃၅ လူမှုစီးပွားမြင်ကွင်းများ
၆:၃၅ Yes or No Talk Show
၈:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉:၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသ အခြေအနေ
- နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၀)
- ပြည်သူ့နီတိ "စည်းအခြားကမ်းအတား"

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀ အဖွင့် -အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း (အပိုင်း-၂၁)
၆:၂၀ ပြည်သူ့နီတိ "စည်းအခြားကမ်းအတား"
၆:၄၀ ဝတ်စားဆင်ယင်မှုပြပွဲ
၇:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၂)
၇:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၉၁)
၈:၄၀ "ကျေးဇူးကြီးလှမိနှင့်ဖ" (ရဲအောင်၊ ဇော်ဦး၊ မြတ်ကေသီအောင်၊ မျိုးစန္ဒီကျော်) (ဒါရိုက်တာ-ခတ်ပုံရဲမြင့်လွင်)
၉:၁၀ တေးဂီတအစီအစဉ်
၉:၂၅ ပြည်သူ့နီတိ "ထန်းသီးကြွေခိုက်ကျီးနင်းလိုက်"
၉:၄၀ China In Myanmar Cultural Show

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

### MRTV- 4

၅:၀၀ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၄၀ "ဗြဟ္မဝိဟာရ" တရားတော် (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၉)
၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Klarity Cosmetic Product မိတ်ဆက်ပွဲအခမ်းအနား)
၈:၀၀ "မင်္ဂလာပါ" The Morning Show
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၈)
၁၀:၁၀ ခေတ်သစ်ပျိုမေ
၁၀:၅၅ အနုပညာမိုးကောင်းကင်
၁၁:၁၅ သွားမယ် စားမယ် (Tony Roma)
၁၁:၄၀ Forever Music Tribute Tin Zar Maw (အပိုင်း-၂) (ပထမပိုင်း)
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၂)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၉)
၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၈၉)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၉၀)
၇:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွာ" (အပိုင်း-၁၀)
၈:၁၅ Drive It
၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉)
၉:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၃)
၉:၅၅ အနုပညာမိုးကောင်းကင်
၁၀:၁၅ MRTV-4 Stage
၁၀:၄၀ World of Knowledge

### mitv

07:03 News
07:26 Innovative Handiworks Based On The Art Of Line Drawing
07:44 Kyauk Gu Umin Cave Gu Pha Ya
08:03 News
08:26 Discovering Tribes "Lisu: Their Life and Customs" (Part- II)
08:48 Gold from Garbage
09:26 Myanmar Traditional Instruments (MYANMA DRUM)
09:51 Kayah Style
10:26 Myanmar HR Conference (2015) (Part- I)
10:41 A Worth Studying Site For Ancient Myanmar Heritages
07:26 Food Trip (Ep-10) (Part -2)
07:47 Mobile House
08:26 Taste Of Myanmar (Lashio Noodle)
08:45 Now in Yangon
08:49 Kyaikhteeyoe: My Father The Porter

# နေမာက ဖီဂိုလက်သစ်မဟုတ်ပါ

ရီးယဲလ်မက်ဒရစ်အသင်း ဥက္ကဌကြီး ပီရက်ဇ်က ဘာစီလိုနာတိုက်စစ်မှူး နေမာကို ခေါ်ယူဖို့ ကြိုးပမ်းနေပြီး မကြာသေးခင်ကာလကပဲ ရောဘတ်တိုကားလို့စ်က နေမာကို ဘာစီလိုနာကနေ ရီးယဲလ်ကို ခေါ်ယူပေးနိုင်တဲ့ အစွမ်းအစ သူ့မှာရှိတယ်လို့ ပြောကြားထားတာကြောင့် နေမာအနေနဲ့ ရီးယဲလ်ကို ရောက်လာမှာလား။ ဒါကို သုံးသပ်ကြည့်ရအောင်ပါ။ ဒီလို ရီးယဲလ်ကနေ နေမာကိုခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ပြောကြားလာတာကြောင့် ဘာစီလိုနာအသင်းဘက်က နေမာနဲ့ စာချုပ်သက်တမ်းထပ်မံတိုးမြှင့်ဖို့အလျှင်စလို လုပ်ဆောင်လာခဲ့ပါတယ်။ နေမာကတော့ လောလောဆယ် စာချုပ်သက်တမ်းတိုးမြှင့်မှုကို သဘောတူလက်ခံမှုမရှိသေးပေမယ့် သူဟာ ဘာကာပရိသတ်တွေအတွက် ပြီးပြည့်စုံတဲ့အနေအထားတစ်ရပ်ကို ဖော်ဆောင်ပေးမှာဖြစ်တယ်လို့ ကတိပြုထားပါတယ်။ နေမာကို ခေါ်ယူလိုနေတဲ့ အသင်းတွေထဲမှာ ရီးယဲလ်မက်ဒရစ်အပြင် ပီအက်စ်ဂျီ၊ မန်ယူနဲ့ မန်စီးတီးတို့ပါ ပါဝင်နေကြပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၀ ရက်က ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ ယှဉ်ပြိုင်ခဲ့တဲ့ပွဲမှာ ဘာကာပရိသတ်တွေက "ဖလော်ရန်တီနိုပီရက်ရေ နေမာက ဖီဂိုမဟုတ်ပါဘူး"လို့ နှုတ်ကနေအော်ပြီးတော့တစ်မျိုး၊ ဆိုင်းဘုတ်တွေကိုင်ပြီးတော့ တစ်သွယ် သူတို့ရဲ့ဆန္ဒကို ဖော်ထုတ်ခဲ့ကြပါတယ်။ ပေါ်တူဂီတောင်ပံတိုက်စစ်မှူး ဖီဂိုက ၂၀၀၀ပြည့်နှစ် ဇူလိုင်လမှာ ဘာစီလိုနာကနေ ခါးသီးတဲ့ပြိုင်ဘက်ရီးယဲလ်မက်ဒရစ်ကို အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၁ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့ပါတယ်။ အဲဒီနောက် ရီးယဲလ်မှာ နဂိုရှိပြီးသား ကြယ်ပွင့်ကစားသမားတွေဖြစ်တဲ့ ရာအူးလ်၊ ရောဘတ်တိုကားလို့စ်တို့အပြင် သူ့နောက်မှရောက်ရှိလာတဲ့ ဇီဒန်း၊ ရိုနယ်လ်ဒို၊ ဘက်ခမ်းတို့နဲ့အတူ ရီးယဲလ်ရဲ့ ကြယ်စင်စု ကစားသမားတွေအဖြစ် ရီးယဲလ်ရဲ့ အောင်မြင်မှုတွေကို အတူဖော်ဆောင်ခဲ့ကြတာပါ။

ဒါကြောင့် နေမာဟာ ဖီဂိုလိုမျိုး ဘာစီလိုနာကနေ ရီးယဲလ်ကို ပြောင်းရွှေ့သွားမယ့်ကစားသမားဖြစ်လာမှာကို ဘာကာပရိသတ်တွေက စိုးရိမ်နေကြတာဖြစ်ပါတယ်။ဒါပေမယ့်အခြေအနေတွေကို ပြန်သုံးသပ်ရင် နေမာဟာ ဖီဂိုလိုမျိုး ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ ဒီလိုဆို ဖီဂိုဟာ တခြားအသင်းကို မရွေးဘဲ ဘာလို့ ရီးယဲလ်ကိုမှ ရွေးချယ်ခဲ့သလဲ ပြန်စဉ်းစားကြည့်ပါမယ်။ ဖီဂိုက ဘာစီလိုနာမှာ ၁၉၉၅ ခုနှစ်ကနေ ၂၀၀၀ ပြည့်နှစ်အထိ ကစားခဲ့သူဖြစ်ပေမယ့် အဲဒီအချိန်တုန်းက ဘာစီလိုနာဟာ ဘဏ္ဍာရေးအင်အားတောင့်တင်းမှု၊ ဆုဖလားရရှိမှုတွေမှာပါ ရီးယဲလ်ကို ယှဉ်နိုင်ခြင်းမရှိခဲ့ပါဘူး။ ၁၉၉၇ ခုနှစ်မှာ ဘာစီလိုနာအသင်းဟာ ဖီဂို၊ ရီဗယ်လ်ဒို၊ ရိုနယ်လ်ဒို၊ ကလွိုက်ဗက်၊ဂွါဒီယိုလာတို့ရဲ့အားနဲ့အတူ ယူအီးအက်ဖ်အေဖလားလို့ အရင်ကခေါ်တဲ့ ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

ဘာစီလိုနာက အဲဒီအချိန်က ကစားသမားကောင်းတွေ အများကြီးရှိခဲ့ပေမယ့်လည်း သူတို့အလိုချင်ဆုံး ချန်ပီယံလိဂ်ဖလားကိုတော့ ရယူနိုင်ခြင်းမရှိခဲ့ပါဘူး။ ရီးယဲလ်မက်ဒရစ်ကသာ ၁၉၉၈၊ ၂၀၀၀ ပြည့်နှစ်တွေမှာ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တာကြောင့် ကစားသမားကောင်းတိုင်းရဲ့ အိပ်မက်ဖြစ်တဲ့ ချန်ပီယံလိဂ်ဖလားကို ကိုင်မြှောက်ခွင့်ရေးအတွက် ဖီဂိုဟာ ဘာစီလိုနာကနေ ခါးသီးတဲ့ပြိုင်ဘက် ရီးယဲလ်ကို ပြောင်းရွှေ့ခဲ့ရတာဖြစ်ပါတယ်။ ရီးယဲလ်ကို ပြောင်းရွှေ့သွားခဲ့ပြီးနောက် သူ့အိပ်မက်က အမှန်တကယ်ဖြစ်လာခဲ့ပြီး ၂၀၀၂ ခုနှစ်မှာတော့ ရီးယဲလ်မက်ဒရစ်က ချန်ပီယံလိဂ်မှာ ထပ်မံဗိုလ်စွဲခဲ့ပြီး ဖီဂိုလည်း ချန်ပီယံလိဂ်ဖလားကိုင်မြှောက်ခွင့်ရခဲ့ပါတယ်။ ဒါကြောင့် ဖီဂိုက ဘာစီလိုနာ ပရိသတ်တစ်ယောက်အနေနဲ့ကြည့်မယ်ဆိုရင် သစ္စာဖောက်တစ်ယောက်ဖြစ်နိုင်ပေမယ့် ကစားသမားဘဝအတွက် အကောင်းဆုံးလမ်းကို ရွေးချယ်လျှောက်လှမ်းခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါပေမယ့် ဖီဂိုက ဘာကာကနေ ရီးယဲလ်ကို ပြောင်းရွှေ့ခဲ့တာက လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်ကာလကဖြစ်သလို အခုအချိန်မှာ အခြေအနေတွေက ဆန့်ကျင်ဘက် အနေအထားကိုရောက်နေရှိနေပြီလို့ ဆိုရပါမယ်။ ဖီဂိုကစားတုန်းက ဘာစီလိုနာဟာ ၁၉၉၂ ခုနှစ်မှာ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်သာ ဆွတ်ခူးထားတဲ့ အစဉ်အလာမရှိတဲ့အသင်းဖြစ်ပေမယ့် အခုအချိန်မှာတော့ ဘာစီလိုနာက ဥရောပမှာရော စပိန်မှာရော အကောင်းဆုံးအသင်းဖြစ်နေပါပြီ။ ဒါကြောင့် ကစားသမားတွေအနေနဲ့ ချန်ပီယံလိဂ်ဖလားကိုသေချာပေါက် ကိုင်မြှောက်ခွင့်ရချင်တယ်ဆိုရင် ဘာစီလိုနာမှာပဲ အေးအေးဆေးဆေးစောင့်နေတာက အသေချာဆုံးကိစ္စရပ်လို ဖြစ်လာတဲ့အထိ ဘာကာရဲ့ လွှမ်းမိုးမှုက အားကောင်းလာခဲ့ပါတယ်။

နေမာကတော့ ဘရာဇီးကလပ် ဆန်းတို့စ်ကနေ ဘာစီလိုနာကို ၂၀၁၃ ခုနှစ် ဇူလိုင်လကနေပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ပြီးခဲ့တဲ့နှစ် ဘာစီလိုနာရဲ့ ဖလားသုံးလုံးအောင်မြင်မှုနဲ့အတူ သူ့ရဲ့နာမည်က ဖီဖာဘာလွန်းဒီအောဆု ဆန်ခါတင်စာရင်းမှာတောင် ပါဝင်လာခဲ့သူဖြစ်ပါတယ်။ဒီနှစ်ဘောလုံးရာသီအစမှာ မက်ဆီဒဏ်ရာရရှိနေခဲ့ပေမယ့်လည်း ဘာစီလိုနာကို လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နိုင်အောင် ခြေစွမ်းပြနိုင်ခဲ့သူဖြစ်ပါတယ်။ ဒီလိုခြေစွမ်းပြနိုင်မှုတွေကြောင့်လည်း အခုမှ အသက် ၂၄ နှစ်တောင်မပြည့်သေးတဲ့ နေမာကို ရီးယဲလ်မက်ဒရစ်က ချဉ်းကပ်လာခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်ဆိုတာက လိုချင်တဲ့ကစားသမားရဖို့ ကြေးဘယ်လောက်နဲ့ဖြစ်ဖြစ် ရအောင် ခေါ်ယူလေ့ရှိတဲ့ အသင်းပဲဖြစ်ပါတယ်။

ဒါပေမယ့် နေမာကတော့" ရီးယဲလ်နဲ့ ကျွန်တော်တို့ တွေ့ဆုံခဲ့တယ်ဆိုတဲ့ သတင်းတွေက အဓိပ္ပာယ်မဲ့ အလကားလျှောက်ပြောနေတဲ့ အပေါ်စားကောလာဟလပါ။အခမ်းအနားတစ်ခုမကျင်းပခင် ရီးယဲလ်တာဝန်ရှိသူတွေက အဲဒီ ဟိုတယ်မှာ စောင့်ဆိုင်းနေတာဖြစ်သလို ကျွန်တော်ကလည်း တိုက်တိုက်ဆိုင်ဆိုင် အဲဒီဟိုတယ်မှာပဲ ရောက်ရှိနေခဲ့တော့ ဒီသတင်းတွေ ထွက်လာတာပါ" လို့ ပြန်လည်ရှင်းပြခဲ့ပါတယ်။

ဘာစီလိုနာနည်းပြ အန်းနရစ်နဲ့ အသင်းဒု-ဥက္ကဌ ဂျော်ဒီမက်ထရီကတော့ နေမာဟာ ဘာစီလိုနာမှာပဲ ပျော်ရွှင်နေတာကြောင့် စာချုပ်သက်တမ်း ထပ်တိုးမချုပ်ဆိုရသေးပေမယ့် စာချုပ်သစ်ကိစ္စနဲ့ ပတ်သက်ပြီး စိုးစဉ်းမျှတောင် ပူပန်မှုမရှိဘူးလို့ဆိုပါတယ်။မှန်ပါတယ်။ နေမာက ချက်ချင်းလက်ငင်း စာချုပ်သစ်မချုပ်ဆိုသေးတာက စပိန်နိုင်ငံရဲ့ အခွန်ဥပဒေ၊ ဆန်းတို့စ်က ပြောင်းလာတုန်းက နေမာ့ဖခင်နဲ့ ဘာကာတာဝန်ရှိသူတွေအကြား ဆောင်ရွက်ခဲ့တဲ့ တရားမဝင်ငွေပေးငွေယူ ကိစ္စရှိခဲ့တာတွေကြောင့် အရာအားလုံးကို စနစ်တကျ အသေအချာ ပြန်သုံးသပ်နေလို့ ဖြစ်ပါတယ်။

ဒ့ါအပြင်နေမာက အသက်အရွယ်အရ ခြေစွမ်းတက်ရိပ်ထက်ရှိနေသေးသူဖြစ်တဲ့အပြင် ဘရာဇီးလိုဘောလုံးအစဉ်အလာအကြီးဆုံးအသင်းရဲ့ အသင်းခေါင်းဆောင်တစ်ဦးလည်းဖြစ်ပါတယ်။ ဒ့ါကြောင့်သူ့ကိုခေါ်ယူနိုင်မယ်ဆိုရင် သူ့ဆီကရမယ့်လုပ်အားနှုန်းအပြင် ပုံရိပ်လွှာအသုံးပြုခ၊ ကုန်ပစ္စည်းအမှတ်တံဆိပ်အဖြစ်အသုံးပြုမှုကနေရမယ့် အခြားဝင်ငွေတွေကိုပါ မျှော်လင့်ပြီး ကလပ်အသင်းအတော်များများက ခေါ်ယူလိုနေကြတာဖြစ်ပါတယ်။ စပိန်သတင်းစာမာကာက ရီးယဲလ်နည်းပြဇီဒန်းကို "ခင်ဗျားတို့အနေနဲ့ နေမာကို ဘာနေဗျူးကို ခေါ်ယူလိုတာအမှန်ပဲလားလို့" မေးမြန်းခဲ့ရာမှာ ဇီဒန်းက"ကစားသမားကောင်းတွေအကုန်လုံးကို ရီးယဲလ်အသင်းက လိုချင်တာပေါ့ဗျာ။ ဒါပေမယ့်လည်း ကျွန်တော်အလိုချင်ဆုံးကစားသမားကတော့ ပရီမီယာလိဂ်ကြယ်ပွင့်ဖြစ်တဲ့ ဟာဇက်ပါ" လို့ ပါးပါးနပ်နပ်ပဲ ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒ့ါကြောင့် ရီးယဲလ်အသင်းတာဝန်ရှိသူတွေက နေမာထက်စာရင် ချယ်လ်ဆီးကြယ်ပွင့် ဟာဇက်၊ ဂျူဗင်တပ်ကွင်းလယ်လူ ပေ့ါဘာ၊ မန်ယူဂိုးသမား ဒီဂီယာတို့ကိုသာ ဦးစားပေးခေါ်ယူမှုအဖြစ် ကြိုးပမ်းသွားဖို့ရှိနေပါတယ်။

ဘာစီလိုနာဘက်ကလည်း မက်ဆီ-ဆွာရက်ဇ်-နေမာတိုက်စစ်အတွဲက သူတို့ရဲ့ ဘောလုံးသမိုင်းမှာ အကောင်းဆုံးတိုက်စစ်အတွဲအဖြစ် မှတ်တမ်းသစ်ရေးထိုးထားနိုင်တာကြောင့် နေမာကိုဘယ်လိုနည်းနဲ့မှ လက်လွှတ်ဆုံးရှုံးခံမှာမဟုတ်ပါဘူး။ ဒ့ါအပြင် မက်ဆီက ၂၈ နှစ်၊ ဆွာရက်ဇ်က ၂၉ နှစ်ရှိနေပြီဖြစ်တာကြောင့် အဓိကတိုက်စစ်မှူး သုံးဦးထဲမှာ အသက်အရွယ်အငယ်ဆုံးဖြစ်တဲ့ နေမာကို ထုတ်ရောင်းမှာ မဟုတ်ပါဘူး။ နေမာကိုယ်တိုင်ကလည်း ၂၀၁၃ ခုနှစ်မှာ ရီးယဲလ်မက်ဒရစ်၊ ချယ်လ်ဆီးအသင်းတွေ ကမ်းလှမ်းလာတဲ့ ကြားကပဲ မက်ဆီနဲ့ တွဲဖက်ကစားခွင့်ရရေး အိပ်မက်အတွက် ဘာစီလိုနာကိုသာ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာက လက်ရှိအချိန်မှာ ဘဏ္ဍာရေးအင်အားတောင့်တင်းနေသလို အခုနောက်ပိုင်း ဆုဖလားအောင်မြင်မှုမှတ်တမ်းနဲ့ တိုင်းတာရင်လည်း ရီးယဲလ်မက်ဒရစ်ထက်သာလွန်ပါတယ်။ ဒါကြောင့် နေမာဟာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဖီဂိုလက်သစ်ဖြစ်လာစရာ အကြောင်းမရှိပါဘူးလို့ပဲ သုံးသပ်ရမှာဖြစ်ပါတယ်။

မေလဲ့သင်း
ရေးသားသည်


တိုက်စစ်မှူးဟောင်း ဖီဂို


ဘာစီလိုနာတိုက်စစ်မှူး
နေမာ

## အားကစားလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ အေဒင်ဟာဇက်ထွက်ခွာသွားလျှင် အဆင်သင့် အစားထိုးနိုင်ရန်အတွက် အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းအားခေါ်ယူရန် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။
- မန်ယူအသင်းသည် စပါးမှ ဟယ်ရီကိန်းနှင့် ဒီလီအလီတို့နှစ်ဦးအား တစ်ပြိုင်နက်တည်းခေါ်ယူခွင့်ရရန် ကမ်းလှမ်းနေကြောင်း သိရသည်။
- ရီးယဲလ်မက်ဒရစ်အသင်း၏ နံပါတ်(၁)ဦးစားပေး ကစားသမားမှာ အများထင်သလို ပေ့ါဘာ၊ ဟာဇက်တို့ မဟုတ်ဘဲ ပီအက်စ်ဂျီဗဟိုနောက်ခံလူ မာကွီနိုဖြစ်ကြောင်း ဂိုးလ်ဒေ့ါကွန်းကဖော်ပြသည်။
- ချယ်လ်ဆီးမှ ဂျူဗင်တပ်တွင် အငှားဖြင့်လာရောက်ကစားနေသည့် တိုက်စစ်မှူး ကွာဒရာဒိုအား အပြီးသတ်ခေါ်ယူရန် ဂျူဗီဘက်မှ ငွေကြေးသုံးစွဲမှုမပြုနိုင်သဖြင့် ကွာဒရာဒို၏ အေးဂျင့်ဖြစ်သူက အပြောင်းအရွှေ့အတွက် ဘာစီလိုနာ၊ အက်သလက်တီကိုအသင်းများသို့ ပြောင်းရွှေ့နိုင်ရန် ချိတ်ဆက်မှုများ ပြုလုပ်နေကြောင်း သိရသည်။
- အက်သလက်တီကိုမက်ဒရစ်အသင်းသည်ကလပ်အသင်း၏ တိုက်စစ်မှူးဟောင်း ဒီယေဂိုကော်စတာအား ပြန်လည်ခေါ်ယူနိုင်ရန်အတွက် အသင်း၏ ကွင်းလယ်ကစားသမား ဂျက်ဆန်မာတီနက်ဇ်နှင့် အလဲအထပ်ပြုရန် ကမ်းလှမ်းခဲ့သည်။
- ချယ်လ်ဆီးတိုက်စစ်မှူး ရီမီသည် လက်စတာအသင်းသို့အငှားဖြင့် သွားရောက်ကစားရန် အလုံးစုံသဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်။
- နယူးကာဆယ်အသင်းသည် တိုက်စစ်အင်အား ကောင်းမွန်လာစေရန် ရိုးမားတိုက်စစ်မှူး ဒရှုဘီယာနှင့် ဆွမ်ဆီးတိုက်စစ်မှူးဂိုးမစ်တို့နှစ်ဦးအား တစ်ပြိုင်နက်တည်း ခေါ်ယူရန် ကြိုးပမ်းနေသည်။
- အဲဗာတန်အသင်းသည် လိုကိုးမိုးတစ်မော်စကိုအသင်းတိုက်စစ်မှူး နီယာစီအား ပေါင်၁၃ဒသမ ၅သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်။

# နာရေးအတွက် ဝက်ပေါ်သည့်ကိစ္စ တစ်ရွာတည်းသားချင်း စကားများကာ လူသတ်မှုဖြစ်

**ရေတာရှည် ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့အနောက်ဘက် မိုင် ၂၀ ခန့်အကွာရှိ စကွေးအုပ်စု ရွာသာယာကျေးရွာတွင် ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီခွဲခန့်က နာရေးအတွက် ဝက်ပေါ်သည့်ကိစ္စဖြင့် တစ်ရွာတည်းသားချင်း စကားများရန်ဖြစ်ပြီး ဓားဖြင့်အထိုးခံရ၍ သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က မရိုးခုံကျေးရွာ အရှေ့တောင်ဘက် ငါးဖာလုံခန့်အကွာရှိ ရွာသာယာကျေးရွာနေ ဒေါ်ခင်ရွှေ၏ နေအိမ်၌ နာရေးကိစ္စအတွက် မရိုးခုံ ကျေးရွာနေ ကိုစိုးငွေ(၄၆)နှစ်က ဝက်ပေါ်ပေးရာတွင် တစ်ရွာတည်းနေ ဝင်းဇော်(ခ) ဝင်းဇော်ဦး(၃၉)နှစ်၏ ဝက်အားပေါ်ရန် ပြောထားသော်လည်း ကိုစိုးငွေက အခြားသူ၏ ဝက်အား ဝယ်ယူပြီးပေါ်ခဲ့သည့်အတွက် ဝင်းဇော်(ခ)ဝင်းဇော်ဦးနှင့် ကိုစိုးငွေတို့ အရက်သေစာ သောက်စားကာ စကားများရန်ဖြစ်ကြပြီး ဝင်းဇော်(ခ)ဝင်းဇော်ဦးက အသင့်ပါလာသော ဓားမြောင်နှင့်ထိုးကာ တုတ်နှင့်ရိုက်ခဲ့သဖြင့် ကိုစိုးငွေ၏ ဝဲဘက်ရင်အုံ၌ ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဦးခေါင်းပေါက်ပြဲဒဏ်ရာတစ်ချက်ရရှိကာ သေဆုံးသွားခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မမှန်သတင်းဖြန့်ဝေသူများအား ထိရောက်စွာအရေးယူမည်

**ရေတာရှည် ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ် အနှံ့အပြားတွင် ကလေးခိုးမှုများပေါ် ပေါက်နေကြောင်း မမှန်သတင်းများကြောင့် ပြည်သူများအတွင်း စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့နယ်အလိုက် ရှင်းလင်းဟောပြောခြင်းများကြောင့် ယခုအခါ သတင်းပျံ့နှံ့မှုများမရှိသလောက် နည်းပါးသွားသည်ကို တွေ့ရသည်။

အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် မဟုတ်မမှန် သတင်းများဖော်ပြခြင်းကြောင့် မြို့ပြ၊ ရပ်ကွက်၊ ကျေးလက်ဒေသများအထိ ပျံ့နှံ့ကာ စိုးရိမ်မှုများဖြစ်ပေါ်ခဲ့ရခြင်းနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရဲတပ်ဖွဲ့ ရှင်းလင်းပွဲပြုလုပ်ရာ၌ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ညဏ်ဝင်းက ပြောကြားခဲ့သည်။



မြို့နယ်အတွင်းရှိ မြောက်နန်ချွန်၊ သပြေတန်း၊ ဆွာမြို့များတွင် ဖြစ်ပေါ်ခဲ့သော ကောလာဟလဖြစ်စဉ်များနှင့်ပတ်သက်၍ တက်ရောက်လာသူများအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ရဲတပ်ဖွဲ့နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်နိုင်ပါက ယခုကဲ့သို့ဖြစ်ရပ်များကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ရဲမှူးက ဆက်လက် ပြောကြားခဲ့သည်။

အဆိုပါရှင်းလင်းပွဲသို့ ရဲစခန်းငါးခုမှ စခန်းမှူးနှင့်အရာရှိများ၊ မြို့မိ/မြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏတွင် မီးချောင်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉) ရပ်ကွက် မင်းဒင် (၃) လမ်းတွင် ဇန်နဝါရီ ၃၀ ရက် နံနက် ၁ နာရီ မိနစ် ၅၀ ခန့်က မီးချောင်းအပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါလမ်းရှိ အိမ်ရှင် ဒေါ်မော်မော်အောင်၏ RC နှစ်ထပ်တိုက်အပေါ်ထပ်ရှိ ဘုရားစင်တွင် တပ်ဆင်ထားသော တစ်ပေမီးချောင်း အပူလွန်ကဲပြီး မျက်နှာကြက်သို့ မီးကူးစက်ရာမှ စတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးငြိမ်းသတ်ယာဉ် ၁၁ စီး၊ ကွပ်ကဲမှုယာဉ် သုံးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၁၄ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် အဆောက်အအုံ အပေါ်ထပ်နှင့် အတွင်းပစ္စည်းများ မီးလောင်ကျွမ်းခဲ့ပြီး အိမ်ရှင်ဒေါ်မော်မော်အောင်အား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၉)ရပ်ကွက်တွင် ဇန်နဝါရီ ၃၀ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

အလားတူ မွန်းလွဲ ၂ နာရီခန့်ကလည်း တာမွေမြို့နယ် မလွန်ကုန်း ငွေကြွယ်ရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း အပေါ်ထပ်ရှိ တတိယတန်းအခန်းတွင် မီးလောင်မှုဖြစ်ပွား၍ စာရေးစားပွဲခုံ အချို့ မီးလောင်ကျွမ်းခဲ့ပြီး ထိုမီးလောင်မှုအကြောင်းအရင်းကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး (ပဏီတ)**
**ဓာတ်ပုံ-ခင်မောင်ထွေး**

# ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူများ သေဆုံး၊ ဒဏ်ရာရ

**ကျောက်တံခါး ဇန်နဝါရီ ၃၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၁၀၂/၀)အနီးတွင် ဇန်နဝါရီ ၃၀ ရက် ညနေ ၅ နာရီခန့်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ သထုံမြို့နေ ကောင်းထက်လူ (၃၀)နှစ် မောင်းနှင်သည့် 7K\----- ပရိုဘောက်ယာဉ်နှင့် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်နေ ကျော်လင်းထွန်း(၃၀)နှစ် မောင်းနှင်သည့် 9J\---ဟွန်တာယာဉ်တို့ လမ်းအကွေ့၌ ယာဉ်ချင်းချိတ်မိကာ ပရိုဘောက်ယာဉ်မှာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ပရိုဘောက်ယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် WWW Myin Mar ကုမ္ပဏီလီမိတက်ဆက်သွယ်ရေးပစ္စည်းများဖြန့်ဖြူးရေးအဖွဲ့မှ ကောင်းထက်လူ၊ အောင်ပိုင်စိုး၊ မောင်ထက်အောင်၊ ကျော်ဝင်းထွန်း၊ မခင်သန္တာမြင့်၊ မခင်သန္တာအောင်၊ မခင်အိအိဇော်နှင့် မဇင်မီမီကျော်တို့တွင် (စိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့ပြီး မထွေးသန္တာမျိုး (၃၂)နှစ်သည် မြို့ချောင်းအမြန်လမ်းဆေးခန်းတွင် ဆေးကုသမှုခံယူစဉ် သေဆုံးခဲ့သည်။ ဟွန်တာယာဉ်ပေါ်ပါ ယာဉ်မောင်း ကျော်လင်းထွန်း၌လည်း ဒဏ်ရာများရရှိခဲ့ပြီး ယာဉ်နှစ်စီးလုံးမှာ ပျက်စီးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းက ယာဉ်မောင်းနှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**


## မြန်မာနိုင်ငံသားများဘဏ်လီမိတက်
## အထူးအထွေထွေအစည်းအဝေးကြီး
## ပြန်လည်ကျင်းပမည့်နေ့ရက်အား အသိပေးအကြောင်းကြားခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အထူးအထွေထွေ အစည်းအဝေးကြီးကို ၃၀-၁-၂၀၁၆ရက်တွင် မူလက ကျင်းပရန် သတ်မှတ်ခဲ့ရာမှ လိုအပ်ချက်များ ပြင်ဆင်မှုပြည့်စုံစွာ ပြုစုနိုင်ရန်အတွက် ရွှေ့ဆိုင်းသည့်အကြောင်းကို ၂၈-၁-၂၀၁၆ရက် နှင့် ၂၉-၁-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံ သတင်းစာတို့တွင် ထည့်သွင်းကြေညာခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများ ပြင်ဆင်ရန် လိုအပ်ချက်များကို စီစဉ်ပြီးစီးပြီဖြစ်ပါ၍ အစည်းအဝေးအား ၇-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)၊ နံနက် ၁၀နာရီတွင် မူလသတ်မှတ်ထားသော နေရာဖြစ်သည့် အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်း၊ ပဉ္စမထပ်ရှိ ကုန်သွယ်ရေးဦးစီးဌာန၊ ညီလာခံခန်းမ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ် အ. ထ. က (၃) ဆားတလင်းကျောင်းတွင်ပညာသင်ကြားနေသောနဝမတန်း(ခ)မှ မောင်စိုင်းစွမ်းမိုင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလှခေါင်(၁၃/လလန(နိုင်)၀၈၀၅၁၃) ဖြစ်ပါသည်။

**ဝယ်ယူလိုပါသည်**
ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ HP Laptop (၅၆လုံး)၊ HP Desktop (၁၂၆)လုံး၊ Monitor (17လုံး)နှင့်UPS (၂၄လုံး)တို့ကို ဝယ်ယူလိုပါသည်။
စုံစမ်းရန်-အမှတ်(၅/၅၉)၊ အေးရတနာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ်။
**ဖုန်း -၀၁-၈၅၅၁၂၆၄၊ ၀၁-၈၅၅၀၈၂၀**

ASIA KING 01-543319, 09-420221257
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်(နေ့စဉ်) အထူး 10% Dis
+အာလောင်းတော်ကဿပ(သီးသန့်) (2N3D) Guest 45000, Hotel 65000
+အာလောင်းတော်ကဿပ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင် ဝေဠုဝန်ကျောက်စိမ်းစေတီ (4N5D) Guest 75000, Hotel 120000
+ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ-သီဟိုဠ်ရှင် (2N3D) Guest 55000, Hotel 75000
+တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်ဝမ်း (3N4D) Guest 65000, Hotel 130000
+ပေလီ Group Package + မန်းရွှေစက်တော်ပွဲ 11-2-2016 (သောကြာ)
ကုမ္ပဏီ၊ ဗီသာရ၊ ဝင်းလုံးငှားအော်ဒါများ စိတ်တိုင်းကျ စီစဉ်ပေးပါသည်။ ❖ ကြိုတင်လက်မှတ်ရောင်းပြီ

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဦးကံဝင်းဇော် (ချမ်းမြေ့အောင်-ပုံနှိပ်လုပ်ငန်း)+ဒေါ်မြင့်မြင့်သန်းတို့၏သားငယ် **မောင်အောင်ဟိန်းချမ်း** (B.A, Myanmar) (Dip; in IT) (Dip; in Business) (Samho Co., Ltd., Korea) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဦးချိုဝင်း ("CHO"ဆောက်လုပ်ရေးမိသားစု)+ဒေါ်မြင့်မြင့်ငွေတို့၏ သမီးကြီး **မသဲစုမာ** (B.Sc Hons;) (M.Sc, 1st Years Zoology) တို့သည် ၆-၁-၂၀၁၆ ရက်နေ့တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
**မောင်အောင်ဟိန်းချမ်း+မသဲစုမာ**

**ကျောင်းစာသင်ခုံနှင့် အိမ်သုံးအတွက်ကုန်ကြမ်းများရနိုင်ပါသည်။**
၁။ ပျဉ်းကတိုးဆိုက်သေး - ဆိုက်စုံ × ပေရှည်စုံ
၂။ အင်ကြင်း ဆိုက်သေး - ဆိုက်စုံ × ပေရှည်စုံ
၃။ ပျဉ်းကတိုး-အခင်းပြားများ (9"x3"x1" , T & G နှင့် လျှာထိုးများ)
**သစ်လုံးခွဲစက်ရောင်းရန်**
- 48" ပတ်လွှစက် (Thai Brand Saw with Carriage)
- ပတ်လွှစက် (၄) လုံးပါသစ်ခွဲစက်နှင့်အထွေထွေ(ငှား/ရောင်း)
ဆက်သွယ်ရန် - ၀၉ ၇၃၁၄၄၆၀၀

**သိုလှောင်ရုံ/အလုပ်ရုံ အမြန်ငှားမည်**
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်းမကြီးအနီး၊ သိုလှောင်ရုံ၊ အလုပ်ရုံ လုပ်ကိုင်နိုင်သော ပေ (၇၅×၃၅)ရှိ သွပ်မိုး၊ အုတ်ကာ အဆောက်အအုံတွင် ရေ၊ မီးပါ၊ အိမ်သာ(၂)လုံး၊ ရေချိုးခန်း(၁)ခန်းပါရှိပြီး၊ ကွန်တိန်နာ ဝင်ထွက်သွားလာနိုင်သောနေရာကောင်းတွင် တည်ရှိသော သိုလှောင်ရုံ/အလုပ်ရုံအား အမြန်ဆုံးငှားမည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၂၂၄၄၄၉၆**

ဦးလှမြင့် အင်္ဂလိပ်စာ၊ စကား၊ သဒ္ဒါ နှင့် အရေးသင်တန်းများ လစဉ် ဖွင့်လှစ်သင်တန်းရှိသည်
မေ့ (၃)လ .. ၄တန်း၊ ၈တန်းသီးသန့် | GUIDE သီးသန့်သင်တန်း
၁၅၁၊ ၃၈-လမ်း(လယ်)၊ ကျောက်တံတား။ ၀၉-၄၂၁၇၁၇၆၈၉

# သိပ္ပံနည်းကျနည်းစနစ်ဖြင့်ဆောင်ရွက်ထားသော ပေါင်ပျိုးခင်းများအား ခေတ်မီကောက်စိုက်စက်ဖြင့်သရုပ်ပြသ

**မြိတ် ဇန်နဝါရီ ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တုံးဗျောကျေးရွာအုပ်စု တုံးဗျောကြီးရွာရှိ တစ်ကွင်းတစ်စပ်တည်းစိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်း ဧက ၈၀ ရှိ အကျိုးဆောင်တောင်သူ ဦးဘယာ၏ ကွင်းအမှတ်(၂၉၀)၊ ဦးပိုင်အမှတ် (၃၁/၂)လယ်မြေတွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့်အခြေခံဆောင်ရွက်ထားသည့် ပျိုးခင်းများကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီက ခေတ်မီကူဘိုတာကောက်စိုက်စက်ဖြင့် ကောက်စိုက်သရုပ်ပြပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် အကျိုးဆောင်တောင်သူ ဦးဘယာကယခုကဲ့သို့ ခေတ်မီကောက်စိုက်စက်များအသုံးပြု၍ စိုက်ပျိုးခြင်းကြောင့် လူလုပ်အားကို အနည်းဆုံးချွေတာနိုင်ပြီး အချိန်ကုန်သက်သာကာ လုပ်ငန်းဆောင်ရွက်ရာတွင် မြန်ဆန်မှုရှိသဖြင့် များစွာအကျိုးပြုကြောင်း၊ အထွက်နှုန်းတိုးတက်ရန်မှာ အတန်းလိုက်စိုက်ရုံဖြင့်မပြီးဘဲ ကျန်အဆင့်များကိုပါ စနစ်တကျဆောင်ရွက်မှသာ အထွက်နှုန်းတိုးတက်မည်ဟု မိမိတို့သိရကြောင်းပြောပြခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြတ်စိုးက အထွက်ကောင်းမျိုးများ စိုက်ပျိုးရာတွင် စိုက်စနစ်သည် အပင်ပွားအရေအတွက်တိုးတက်စေရန်မှာအဓိကကျကြောင်း၊ စိုက်စနစ်အပြင် အခြားဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်အဆင့်ဆင့်ကိုလည်း အချိန်မီ စနစ်တကျဆောင်ရွက်မှသာ အထွက်နှုန်းတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကောက်စိုက်စက်များသုံးစွဲ စိုက်ပျိုးခြင်းဖြင့် ၁၀ ရက်မှ ၁၅ ရက်အတွင်း သက်နုပျိုးစိုက်ခြင်းဖြင့် ပင်ပွားနှုန်းပိုမိုတိုးတက်ခြင်းအပြင် လူလုပ်အားသက်သာ၍ အမြန်ပြီးစီးသဖြင့် အချိန်ကုန် သက်သာစေကာ ကျန်စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကိုလည်း အချိန်မီအခါမီဆောင်ရွက်ရန် ကောင်းမွန်သည့်အခြေအနေကောင်းများရရှိစေကြောင်း၊ ယခင်မိရိုးဖလာဓလေ့ ဆောင်ရွက်နေသည့် စိုက်ပျိုးရေးလုပ်ငန်းများအစားယခုကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ခေတ်မီစက်ကိရိယာများအစားထိုး သုံးစွဲလုပ်ဆောင်ခြင်းဖြင့် လူလုပ်အားကို များစွာအသုံးပြုရန်မလိုအပ်ခြင်း၊ အချိန်ကုန်သက်သာ၍ အချိန်မီအခါမီ လုပ်ငန်းဆောင်ရွက်နိုင်သည့် အကျိုးကျေးဇူးများရှိကြောင်း၊ သို့သော်လည်း ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ စက်ကိရိယာများအား ကျွမ်းကျင်စွာအသုံးချနိုင်မှုနှင့် စက်ကိရိယာပြုပြင်ထိန်းသိမ်းရေးကဏ္ဍများသည် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်နေသည့်တောင်သူများအတွက် စိန်ခေါ်မှုများဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းစိန်ခေါ်မှုများကို စက်မှုလယ်ယာဦးစီးဌာန၊ စက်ကိရိယာများဖြန့်ဖြူးရောင်းချနေသည့် ကုမ္ပဏီများ၏ ဝန်ဆောင်မှုအကူအညီများဖြင့် အလွယ်တကူ အချိန်တိုတိုဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်ပြီး တောင်သူများအနေဖြင့် လယ်ယာကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# လောင်စာထင်းရှားပါး၍ ကျေးလက်နေ ဒေသခံများ အခက်တွေ့

**ရေတာရှည် ဇန်နဝါရီ ၃၁**

သစ်တောများပြုန်းတီးမှု ပမာဏမြင့်တက်လာခြင်းနှင့်အတူ ကျေးလက်ဒေသများတွင် လောင်စာထင်း ပိုမိုရှားပါးလာကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် သစ်တောကြိုးဝိုင်းဒေသအများအပြားရှိသော်လည်း ပုဂ္ဂလိကသစ်တောများ ထူထောင်ခြင်းနှင့် အလွန်အကျွံ သစ်ခုတ်ယူခြင်းတို့ကြောင့် လောင်စာထင်းရရှိနိုင်မှုနည်းပါးကာ ကျေးရွာတို့ရှိ အရိပ်ရသစ်ပင်များအားလှဲ၍ သုံးစွဲမှုလည်းမြင့်တက်လာနေကြောင်း သိရသည်။

မိုးရာသီကာလနှင့် တပေါင်း၊ တန်ခူးလများတွင် အလှူမင်္ဂလာပွဲများအတွက် ထင်းများ စုဆောင်းခုတ်ယူလျက်ရှိရာ အနီးအနားတွင်ရရှိနိုင်ခြင်းမရှိဘဲ သစ်တောများ အတွင်းသို့ တစ်ညအိပ် နှစ်ရက်ခရီးကို လှည်းဖြင့်သွား၍ ခုတ်ကြရကြောင်း သိရသည်။

"သစ်ပင်ကြီးတာတွေ မရှိတော့ အပင်ပေါက်တွေကိုခုတ်တယ်။ အပင်ပေါက်တွေခုတ်တော့ တောပြုန်းတာမြန်တာပေါ့" ဟု သစ်တောကြိုးဝိုင်းဒေသခံတစ်ဦးက ပြောသည်။

စစ်တောင်းမြစ်ဝှမ်း တစ်လျှောက်နေထိုင်ကြသည့် ကျေးရွာများသည်၊ ပြောင်းစိုက်ခင်းများမှရရှိသည့် ပြောင်းဖူးရိုး၊ ပြောင်းဖူးအူတိုင်များအား အခြောက်လှမ်း၍ ထင်းအဖြစ် စုဆောင်းထားကြပြီး ကာလရှည်အခက်အခဲအတွက် တစ်အုပ်တစ်မ သစ်တောစိုက်ခင်းများ ပိုမိုထူထောင်သင့်ကြောင်း သုံးသပ်ပြောကြားမှုများလည်းရှိနေသည်။

**ကိုလွင်(ဆွာ)**

# မြိုင်မြို့နယ်တွင် ရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက်ကြိုတင်စီမံဆောင်ရွက်ထားမှုအား လှည့်လည်ကြည့်ရှုစစ်ဆေး

**ပခုက္ကူ ဇန်နဝါရီ ၃၁**

မြိုင်မြို့နယ်တွင် ရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားမှုများကို ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ပခုက္ကူခရိုင်မီးသတ်ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်၊ မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်တို့သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မြိုင်မြို့နယ် မြေရင့်ကျေးရွာသို့ရောက်ရှိပြီး ပေ ၈၅၀ အထိ တူးဖော်ထားသော ရေတွင်းသစ်တူးဖော်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆက်လက်၍ မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေဂါလန် ၅၀၀၀၀ ဆံ့ ကန်အား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

စည်ပင်သာယာရေးအဖွဲ့ပိုင် ရေဂါလံ ၅၀၀၀၀ ဆံ့ ရေကန်အတွင်းသို့ မြိုင်မြို့နှင့် နှစ်မိုင်ခန့်အကွာရှိ ယင်တိုင်းတောင်ဆည်မှရေဖြင့် နွေရာသီကာလ ရေတိုးတက်ပေးဝေနိုင်ရေးအတွက် ၁၂ လက်မပိုက်ဖြင့် ရေထည့်သွင်းမှုအခြေအနေများ၊ မြိုင်မြို့နယ် ထန်းငယ်တောကျေးရွာအနီးတွင် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ရေတွင်းသစ် သုံးတွင်း တူးဖော်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# အမရပူရမြို့နယ်တွင် နွေဦးဈေးကွက်ကိုချိန်ဆကာ ပန်းမုန်လာများတိုးချဲ့စိုက်ပျိုးလာ



**အမရပူရ ဇန်နဝါရီ ၃၁**

ဖွံ့ဖြိုးတိုးတက်လာသော ကာလတွင် တောင်သူများမှာ ဈေးကွက်ကို ခန့်မှန်းကာ စိုက်ပျိုးသီးနှံကိုရွေးချယ် စိုက်ပျိုးလျက်ရှိရာ အမရပူရမြို့နယ်တွင် နွေကာလအမီ ပန်းမုံလာများကို တွင်ကျယ်စွာ စိုက်ပျိုးနေကြကြောင်း သိရသည်။

ဆောင်းတွင်းကာလတွင် သီးနှံစုံအပြိုင်ပေါ်သည့်အတွက် နောက်ပိုင်းတွင် ဈေးကွက်ကျသွားသည်များနှင့် ကြုံတွေ့ကြရသည်။ ယင်းကြောင့် ဆောင်းအကုန် နွေအကူးအတွက် သီးနှံများကို ချိန်ဆစိုက်ပျိုးလာကြသည်။

ပန်းမုံလာစိုက်ပျိုးရာတွင် လိုအပ်သလိုထယ်ထွန်ပြီးသည်နှင့် ပေါက်ပြားဖြင့် ငါးပွင့်ဆိုင် ကျင်းယက်ထားကြသည်။ စိုက်ခါနီးတွင် ရေတင်ကာ မြေအစိုတွင် ထိုးစိုက်သည့်စနစ်ကို အသုံးပြုလာကြသည်။ စိုက်ပျိုးရန်အတွက် ပန်းမုံလာပျိုးပင်ကိုသီးသန့်ပျိုးထောင်ကာ စိုက်ပျိုးကြရသည်။ တစ်ဧက စိုက်ပျိုးရန်အတွက် မျိုးစေ့အထုပ် ၂၀ ခန့် ပျိုးထောင်ကြရသည်။

အများအားဖြင့် တစ်ဧကလျှင် ပန်းမုန်လာအပင် အနည်းဆုံး ၈၀၀၀ မှ ၁၀၀၀၀ ကျော်အထိ အပင်အစိပ်အကျဲအလိုက် စိုက်ပျိုးကြသည်။ စတင်စိုက်ပျိုးသည်မှစကာ မြေဆီကျွေးခြင်း၊ ရေတင်ခြင်း၊ ဆေးဖျန်းခြင်းများကို စနစ်တကျ ပြုလုပ်ပေးကြရသည်။ စတင်စိုက်သည်မှ သုံးလခန့်ကြာလျှင် ပန်းမုန်လာကို ခုတ်ယူရောင်းချနိုင်သည်။ သုံးလအတွင်း ရာသီဥတုအခြေအနေအလိုက် ရေတင်ခြင်းကို အနည်းဆုံး ငါးကြိမ်မှ ခြောက်ကြိမ်အထိ တင်ကြရသည်။

လက်ရှိကာလတွင် ပန်းမုန်လာမှာ ဈေးကွက်ကောင်းမွန်သောနှစ်ဟု ဆိုကြသည်။ စတင်ပေါ်ခါစတွင် ပန်းမုန်လာ တစ်ပွင့်လျှင် ငွေ ၃၅ ကျပ်နှုန်း ရောင်းချရပြီး ယခုအခါ ပန်းမုန်လာ တစ်ပွင့်လျှင် ငွေကျပ် ၂၀၀ မှ ၂၅၀ အထိရောင်းချကြသည်။ဈေးကွက်ကောင်းမိသော ပန်းမုန်လာစိုက်ခင်း တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းမှ သိန်း ၂၀ အထိ ရရှိကြသည်။

**တိမ်တမန်**

# ကျေးလက်နေသူများအလုပ်အကိုင်အခွင့်အလမ်းရရှိရန် မော်တာအပ်ချုပ်သင်တန်းဖွင့်

**ဘားအံ ဇန်နဝါရီ ၃၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသနေ တိုင်းရင်းသားအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး တစ်ဦးချင်းဝင်ငွေရရှိစေရန် ရည်ရွယ်၍ ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကဖွင့်လှစ်သော မော်တာအပ်ချုပ်စက်သင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ကလှာကမြင်ကွက်သစ်ရှိ ပြည်နယ်ကျေးလက်ဦးစီးရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းမှာ အခြေခံစက်ချုပ်ရိုးများ လေ့ကျင့်ခြင်း၊ ပေကြိုး၊ ပေတံအခေါ်အဝေါ်ဖြင့် ကိုယ်တိုင်းနည်းများ သင်ကြားပေးခြင်း၊ ရှပ်အင်္ကျီ၊ ဘောင်းဘီ၊ ကလေးဝတ်ဂါဝန်၊ အမျိုးသမီးဝတ် လက်ပြတ် အင်္ကျီချုပ်နည်းများကို သင်တန်းသူများအား မော်တာအပ်ချုပ်စက် ၃၂ လုံးဖြင့် စရိတ်ငြိမ်းသင်ကြားပို့ချပေးမည်ဖြစ်သည်။

ကျေးလက်ဒေသများမှ သင်တန်းသူ ၁၃၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး အမှတ်စဉ်(၅) သင်တန်းတွင် အဆင့်မြင့် သင်တန်းများ ပို့ချပေးသွားမည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောကြားခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ကမ်းပြိုမှုမှကာကွယ်ရန် သံခြင်းအခြေပြုကျောက်စီတမံ ဆောက်လုပ်

**ကနီ ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် နတ်ကြီးကျေးရွာအုပ်စုရှိ ဝက်ချောင်းကလေးကျေးရွာသည် ၂၀၁၅ခုနှစ် ဩဂုတ်လအတွင်းက ချင်းတွင်းမြစ်ရေ စံချိန်တင်မြင့်တက်ခဲ့၍ ရေတိုက်စားကာ ကျေးရွာ၏ကမ်းပါးပြိုပြီး လူနေအိမ်အချို့ ရွှေ့ပြောင်းခဲ့ရသည်။ ယင်းကြောင့် ချင်းတွင်းမြစ်ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် အရှည်ပေ ၅၇၀ ရှိ သံခြင်းအခြေပြု ကျောက်စီတမံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ဒီဝက်ချောင်းလေးကျေးရွာကို ကမ်းပြိုမှုကနေ ကာကွယ်ဖို့ သံခြင်းအခြေပြု ကျောက်စီတမံကို ၂၀၁၅ ဒီဇင်ဘာ ၂၅ ရက်က စတင်တည်ဆောက်ခဲ့ပါတယ်။ တမံအရှည် ပေ ၅၇၀ နဲ့ တမံပြင် လျှောဇောက်(စလုတ်)အရှည် ပေ ၄၀ ရှိ သံခြင်းအခြေပြု ကျောက်စီတမံရှေ့မှာ ရေတိုက်စားခံထန်းလုံးတိုင်များကိုလည်း အကာအကွယ်အနေနဲ့ စိုက်ထားတယ်။ ဒီတမံလုပ်ငန်းတွေကို ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေပြီး မတ်လနောက်ဆုံးပတ်မှာ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်" ဟု သံခြင်းအခြေပြုကျောက်စီတမံ တည်ဆောက်ရေးမှ တာဝန်ရှိသူက ပြောသည်။

အဆိုပါလုပ်ငန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ ဒသမ ၁၂ သန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်။

**သန်းဌွေးအောင်(ကနီ)**

ကြော်ငြာ


အားလုံးအတွက် အခမဲ့ အင်တာနက်
အခုပဲ ငွေဖြည့်ပြီး မြန်ဆန်လွန်းတဲ့
အင်တာနက်ကို ရယူစို့
ooredoo
၅၀၀ ကျပ်
5MB
အပိုလက်ဆောင်
၁,၀၀၀ ကျပ်
10MB
အပိုလက်ဆောင်
၃,၀၀၀ ကျပ်
50MB
အပိုလက်ဆောင်
၅,၀၀၀ ကျပ်
100MB
အပိုလက်ဆောင်
၁၀,၀၀၀ ကျပ်
250MB
အပိုလက်ဆောင်
၂၀,၀၀၀ ကျပ်
1GB
အပိုလက်ဆောင်
You Tube
in
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။

## ရတနာမိုး ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးအဖွဲ့

(၁၄)ည (၁၅)ရက်ခရီးစဉ် — ထွက်ခွာမည့်ရက် – Feb22, Mar23, Apr10
သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊ သတ္တဌာန(၇)ဌာန၊ နယူးဒေလီ၊ အာဂရာ(တပ်ချ်မဟာ)+နီပေါလ်

အထူးခရီးစဉ် (၇)ည (၈)ရက်ခရီးစဉ် — Hotel Package — Feb 15 (၁၀)သိန်း
သံဝေဇနီယ(၄)ဌာန၊ သတ္တဌာန(၇)ဌာန+နီပေါလ်

Tel : 01-227925, 09-257781722
Tel : 01-377351, 377352, 246239, 09-73029315, 5069882
မန္တလေးရုံးခွဲ Tel : 09-444026228, 444027228, 256297979
ပြင်ဦးလွင်ရုံးခွဲ Tel: 085-29791, 09-33317787, 09-256017970
E-mail : tour.easygotravel@gmail.com, www.easygotour.com

## ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

800 USD + ၅၀၀၀၀ိ/-
700 USD + ၅၀၀၀၀ိ/-
ဖုန်း – 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664
ဖုန်း – 545215, 545216, 555173
09 402 64 8989, 09 5300305

## ကိုညာဏ် KO NYAN
Car Rental & Travel Service
09-5078440, 01-551649, 01-209183

## ရခိုင်ပြည်ဘုရားဖူးခရီး
200000/- 150000/- (26-1-16)(19-2-16)
Ph: 09448003431, 0949660481, 09798860461

## Aung Su Wai Travels & Tours Co.,Ltd.

| | | | |
|---|---|---|---|
| ပုပ္ပါး – ပုဂံ – ပုဂံ (ပြည့်ပါးပြည့်) | (၃ည/၄ရက်) | Feb 11 | 140,000/- |
| မန္တလေး – မန္တလေး – ပြင်ဦးလွင် | (၃ည/၄ရက်) | Feb 11 | 115,000/- |
| ပြည် – မကွေး – မင်းဘူး – ရွှေစက်တော်ဘုရား | (၂ည/၃ရက်) | Feb 26 | 95,000/- |
| ဘားအံ – မော်လမြိုင် – ကျိုက်ထို | (၂ည/၃ရက်) | Mar 18 | 85,000/- |
| မန္တလေး – ပြင်ဦးလွင် | (၂ည/၃ရက်) | Mar 18 | 95,000/- |
| မန္တလေး – ပြင်ဦးလွင် – အင်းလေး – ကလော | (၄ည/၅ရက်) | Apr 8 | |
| ကလော – တောင်ကြီး | (၃ည/၄ရက်) | Apr 8 | |
| ထားဝယ် – မော်လမြိုင် – ကျိုက်ထို | (၅ည/၆ရက်) | Apr 8 | |


Buy 10, Get 1 Free Ticket Delivery (Door to Door)
(Customized Tours)
( Readymade Package Tours )
Booking
Tour Leader, Guide, 3*Hotel, Aircon Express Car
E-mail : aungsuwaitravels@gmail.com, Fb : Myanmaraungsuwaitours, Wb: www.myanmaraungsuwaitours.com

## မဟာဝိုး ဗုဒ္ဓဂယာ – ထိုင်း – ကမ္ဘောဒီးယား – မီယက်နမ် – သီရိလင်္ကာ

Feb- 3-6-17-24 Mar- 2-23 Apr 10,11
Feb- 11,12,13,14

## ဆုပြည့် 0931815390, 0931815395
Feb 5,11,13 [6+1 FREE]
Feb11/13
09792298138, 09792432296

## ကား
(Alphard/Crown/MarkII/Hiace)
Ph: 09795549249, 095418126


## SC AUTO INDUSTRIES (S) PTE LTD.(MYANMAR BRANCH)

### Announcement of Voluntary Winding-up

It was resolved that SC Auto Industries(S)Pte Ltd. (Myanmar Branch) will be wound up from the 20th day of January, 2016 in accordance with the Special Resolution of the Members' Extraordinary Meeting held at the company's head office on January 20, 2016. For such winding-up, U Sein Win [6/Hta Wa Na (N)050117]is appointed as the liquidator of the Company.

It is hereby announced to pay or contribute to the aforesaid liquidator by 31st March, 2016 latest if anyone is entitled to any debts or claim.

| | |
|---|---|
| Thet Thet Naing | U Sein Win |
| Representative | Certified Public Accountant |
| SC Auto Industries (S) Pte Ltd. (Myanmar Branch) | Liquidator |


## လုပ်ငန်းခွင်၌ တိုက်ရိုက်အသုံးချနိုင်မည့် Project Management သင်တန်း

UGC Asia

### Professional Project Management Training

* ပြည်တွင်းပြည်ပကုမ္ပဏီများ၌ Engineering and Construction Project နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသူများအတွက် Project Planning and Control Skills များကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ Real Project Data များဖြင့် လက်တွေ့သင်ကြားပေးမည်။
* ပြည်တွင်းပြည်ပစီမံကိန်းများ၌ လုပ်ငန်းခွင်အတွေ့အကြုံ များစွာရှိသော ဝါရင့်ဆရာကိုယ်တိုင်မှ Project Management Institute (PMI) ၏ နည်းနာနိသယများကိုအခြေခံ၍ Project Management Software နှင့်အတူ စာတွေ့လက်တွေ့ သင်ကြားပေးမည်။

ကုမ္ပဏီများ၊ အဖွဲ့အစည်းများအတွက်လည်း Corporate Training များ စီစဉ်ပေးပါသည်။
UGC Asia Co., Ltd. No. 499, C 3, Pyay Road, Kamaryut Tsp, Yangon.
Ph: 09-79 3199 298, 09-960 747 990. www.ugc-asia.com
မြေညီထပ်၊ လှည်းတန်းဈေးတံတားနှင့် Diamond Condominium အနီး။

# အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း

၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ပီနန်မြို့
Hotel Equtorial Penang ၌ ကျင်းပပြုလုပ်ခဲ့သည့်

## 33rd Conference of ASEAN

Federation of Engineering Organisation (CAFEO-33)

အခမ်းအနားတွင်

ASEAN OUSTANDING ENGINEERING ACHIEVEMENT AWARD

for Year 2015 ကို

အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက် မြန်မာနိုင်ငံမှ

# TOKYO PIPE

U Thein Han, Chairman

Myanmar Pipes & Accessories Co.,Ltd မှ

လက်ခံရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်မှူးချုပ်ဆန်းဦးလှိုင်+ဒေါ်ကျော့မွန်သန်း
ဦးဝေလွင်+ဒေါက်တာဝင်းမင်းသစ်
ဦးအောင်ခိုင်+ဒေါ်သီရိခါ
ဒေါက်တာမိုးအောင်+ဒေါ်ခင်လေးသက်
ဦးလှသက်မောင်+ဒေါက်တာချေးချေးတင်
ဦးဇော်ထွန်းအောင်+ဒေါ်ဝါဝါမြတ်
ဦးကျော်ဇောညွန့်+ဒေါက်တာဂျူဒီတင်လေး
တန်

ဦးကျော်မြင့်လှိုင်+ဒေါ်စန္ဒာခင်
ဦးမြင့်အောင်+ဒေါ်စည်စည်ထွေး
ဒေါက်တာသိန်းလွင်+ဒေါ်နီလာဦး
ဒေါက်တာတင်မောင်ချစ်+ဒေါ်ခင်သန်းဝင်း
ဦးရဲသန်းကျော်+ဒေါက်တာကြည်ကြည်ညွန့်
ဦးမိုးမြင့်+ဒေါ်ခင်မာအေးထွန်း
ဦးအောင်အောင်လေး+ဒေါ်မေရီမျိုးမြင့်
ဒေါ်ဆင့်ဝေဝေ

## ကြော်ငြာ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၃)အထည်စက်ရုံ ဝါးစိုက်ကွင်း(စစ်ကိုင်း)ပိုင် မြေပေါ်ရှိ အသုံးမလိုတော့သည့် မြေအောက်ရေလှောင်ကန်များ၊ ရေပိုက်လိုင်းများ၊ အဝီစိတွင်းများအား မျက်မြင်အခြေအနေအတိုင်း တင်ဒါဖြင့် ရောင်းချလိုပါကြောင်း ကြော်ငြာအပ်ပါသည်-

တင်ဒါအမှတ် - ၀၄/၂၀၁၅-၂၀၁၆
တင်ဒါဖြန့်ရက် - ၁-၂-၂၀၁၆ရက်
တင်ဒါပိတ်ရက် - ၁၅-၂-၂၀၁၆ရက်

၂။ အသေးစိတ်အချက်အလက်များကို အောက်ပါဌာနတွင် စုံစမ်းနိုင်ပါသည်-
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ထုတ်လုပ်ရေးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း

**ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၀၆၇-၄၀၈၄၃၉၊ ၀၆၇-၄၀၈၄၉၂**


**ဆိုင်ခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း**

**"လှမိုးနွယ်" စပန့်ချုပ်ထည်ပင်ရင်း**

ဒုတိယထပ်-၁၁၄၊ ရွှေမင်္ဂလာဈေး၊ ဓာတ်လှေကားနောက်ဘက်။
ဖုန်း-၀၉-၅၀၈၇၆၅၃


## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်၊ ၀၄/ရအ (ပဖတ)/သယ်ပို့ (တင်ဒါ)/၂၀၁၆**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ သူဌေးရေအားလျှပ်စစ်စီမံကိန်းအတွက် EM ပစ္စည်းများနှင့် သံထည်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် -၁-၂-၂၀၁၆ရက်၊ ၉ နာရီ
တင်ဒါအရောင်းပိတ်မည့်ရက်/တင်ဒါတင်သွင်းရမည့်အချိန် -၈-၂-၂၀၁၆ရက်၊ ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ပစ္စည်းဖြည့်တင်းရေးဌာနခွဲ**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀**
**ဖက်စ်-၀၆၇-၈၁၀၄၁၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
## (တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံး ပုံစံ(၂)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၂၈-၁-၂၀၁၆ရက်မှ ၂၉-၂-၂၀၁၆ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံများ၏ အသေးစိတ်အချက်အလက်များနှင့်တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ) ဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ၂၉-၂-၂၀၁၆ရက်၊ ၁၆း၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ စုံစမ်းမေးမြန်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်(၀၆၇-၄၃၁၀၂၇)နှင့် (၀၆၇-၄၃၁၀၄၂) သို့ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

## မကွေးတက္ကသိုလ်
## (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်

မကွေးတက္ကသိုလ်နှင့်ရေနံချောင်းဒီဂရီကောလိပ်တို့မှ ၂၀၁၃-၂၀၁၄ပညာသင်နှစ်၊ ၂၀၁၄ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဥပဒေပညာ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ ၂၀၁၅ခုနှစ် မေလတွင်ပြီးစီးခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)၊ မဟာသုတေသန(ဘွဲ့)၊ ၂၀၁၄-၂၀၁၅ပညာသင်နှစ်၊ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ (ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများအတွက် မကွေးတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၈-၂-၂၀၁၆ရက်နေ့မှ ၂၁-၂-၂၀၁၆ရက်ထိ မကွေးတက္ကသိုလ် ဘက်စုံခန်းမတွင် အောက်ပါအပိုင်းခွဲအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ပထမနေ့ ၁၉-၂-၂၀၁၆ရက် အစီအစဉ်**
**ပထမပိုင်း၊ နံနက် (၉း၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသုတေသန(ဘွဲ့) | ရူပဗေဒ |
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် |
| ၂၀၁၃-၂၀၁၄ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | သမိုင်း |
| ၂၀၁၃-၂၀၁၄ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ပထဝီဝင် |
| ၂၀၁၃-၂၀၁၄ | ရေနံချောင်း | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သတ္တဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | ဥပဒေ(ဘွဲ့) | ဥပဒေပညာ |
| ၂၀၁၄-၂၀၁၅ | မကွေး | သိပ္ပံ(ဘွဲ့) | သင်္ချာ |
| ၂၀၁၄-၂၀၁၅ | မကွေး | သိပ္ပံ(ဘွဲ့) | ဇီဝဓာတုဗေဒ |
| ၂၀၁၄-၂၀၁၅ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် |

**ပထမပိုင်းအစမ်းလေ့ကျင့်ရက် ၁၈-၂-၂၀၁၆ရက် နံနက်ပိုင်း(၈း၀၀)နာရီ**

**ပထမနေ့ ၁၉-၂-၂၀၁၆ ရက်အစီအစဉ်**
**ဒုတိယပိုင်း၊ မွန်းလွဲ(၂း၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသုတေသန(ဘွဲ့) | ဓာတုဗေဒ |
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၁၃-၂၀၁၄ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရူပဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သင်္ချာ |
| ၂၀၁၃-၂၀၁၄ | ရေနံချောင်း | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဓာတုဗေဒ |
| ၂၀၁၄-၂၀၁၅ | မကွေး | သိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ |
| ၂၀၁၄-၂၀၁၅ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ |
| ၂၀၁၄-၂၀၁၅ | မကွေး | သိပ္ပံ(ဘွဲ့) | ဘူမိဗေဒ |
| ၂၀၁၄-၂၀၁၅ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | သတ္တဗေဒ |
| ၂၀၁၄-၂၀၁၅ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ |

**ဒုတိယပိုင်းအစမ်းလေ့ကျင့်ရက် ၁၈-၂-၂၀၁၆ရက် မွန်းလွဲပိုင်း(၁း၃၀)နာရီ**

**ဒုတိယနေ့ ၂၀-၂-၂၀၁၆ရက် အစီအစဉ်**
**တတိယပိုင်း၊ နံနက်(၉း၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသုတေသန(ဘွဲ့) | သင်္ချာ |
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | ဓာတုဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မြန်မာစာ |
| ၂၀၁၃-၂၀၁၄ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | အရှေ့တိုင်းပညာ |
| ၂၀၁၃-၂၀၁၄ | ရေနံချောင်း | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရူပဗေဒ |
| ၂၀၁၄-၂၀၁၅ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | အင်္ဂလိပ်စာ |
| ၂၀၁၄-၂၀၁၅ | မကွေး | သိပ္ပံ(ဘွဲ့) | အဏုဇီဝဗေဒ |
| ၂၀၁၄-၂၀၁၅ | ရေနံချောင်း | ဝိဇ္ဇ(ဘွဲ့) | သမိုင်း |

**တတိယပိုင်း အစမ်းလေ့ကျင့်ရက် ၁၈-၂-၂၀၁၆ရက် နံနက်ပိုင်း (၈း၀၀)နာရီ**

**ဒုတိယနေ့ ၂၀-၂-၂၀၁၆ရက် အစီအစဉ်**
**စတုတ္ထပိုင်း၊ မွန်းလွဲ(၂း၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသုတေသန(ဘွဲ့) | ဥပဒေပညာ |
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | ရူပဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဓာတုဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ရုက္ခဗေဒ |
| ၂၀၁၃-၂၀၁၄ | ရေနံချောင်း | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ပထဝီဝင် |
| ၂၀၁၃-၂၀၁၄ | ရေနံချောင်း | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သင်္ချာ |
| ၂၀၁၄-၂၀၁၅ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | သမိုင်း |
| ၂၀၁၄-၂၀၁၅ | မကွေး | သိပ္ပံ(ဘွဲ့) | သတ္တဗေဒ |
| ၂၀၁၄-၂၀၁၅ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | သင်္ချာ |

**စတုတ္ထပိုင်း အစမ်းလေ့ကျင့်ရက် ၁၈-၂-၂၀၁၆ရက် မွန်းလွဲပိုင်း(၁း၃၀)နာရီ**

**တတိယနေ့ ၂၁-၂-၂၀၁၆ရက် အစီအစဉ်**
**ပဥ္စမပိုင်း၊ နံနက်(၉း၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာဥပဒေ(ဘွဲ့) | ဥပဒေပညာ |
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | သင်္ချာ |
| ၂၀၁၃-၂၀၁၄ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | ဒဿနိကဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | သတ္တဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဘူမိဗေဒ |
| ၂၀၁၃-၂၀၁၄ | ရေနံချောင်း | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | သမိုင်း |
| ၂၀၁၄-၂၀၁၅ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ပထဝီဝင် |
| ၂၀၁၄-၂၀၁၅ | မကွေး | သိပ္ပံ(ဘွဲ့) | ဓာတုဗေဒ |
| ၂၀၁၄-၂၀၁၅ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | စိတ်ပညာ |
| ၂၀၁၄-၂၀၁၅ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | ဓာတုဗေဒ |

**ပဥ္စမပိုင်း အစမ်းလေ့ကျင့်ရက် ၁၈-၂-၂၀၁၆ရက် နံနက်ပိုင်း (၈း၀၀)နာရီ**

**တတိယနေ့ ၂၁-၂-၂၀၁၆ရက် အစီအစဉ်**
**ဆဋ္ဌမပိုင်း၊ မွန်းလွဲ(၂း၀၀)နာရီ**

| | | | |
|---|---|---|---|
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | သတ္တဗေဒ |
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | ရုက္ခဗေဒ |
| ၂၀၁၄-၂၀၁၅ | မကွေး | မဟာသိပ္ပံ(ဘွဲ့) | ဘူမိဗေဒ |
| ၂၀၁၃-၂၀၁၄ | မကွေး | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | အင်္ဂလိပ်စာ |
| ၂၀၁၃-၂၀၁၄ | မကွေး | သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ | ဇီဝဓာတုဗေဒ |
| ၂၀၁၃-၂၀၁၄ | ရေနံချောင်း | ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ | မြန်မာစာ |
| ၂၀၁၄-၂၀၁၅ | မကွေး | သိပ္ပံ(ဘွဲ့) | ရူပဗေဒ |
| ၂၀၁၄-၂၀၁၅ | မကွေး | ဝိဇ္ဇာ(ဘွဲ့) | ဒဿနိကဗေဒ |
| ၂၀၁၄-၂၀၁၅ | ရေနံချောင်း | သိပ္ပံ(ဘွဲ့) | ရူပဗေဒ |
| ၂၀၁၄-၂၀၁၅ | ရေနံချောင်း | ဝိဇ္ဇာ(ဘွဲ့) | မြန်မာစာ |

**ဆဋ္ဌမပိုင်း အစမ်းလေ့ကျင့်ရက် ၁၈-၂-၂၀၁၆ရက် မွန်းလွဲပိုင်း (၁း၃၀)နာရီ**

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်ကြရန်နှင့် သရုပ်ပျက်ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲ အပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့ဝတ်စုံ ငှားရမ်းခွင့် ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို ၁၃-၂-၂၀၁၆ရက်နေ့မှစ၍ မကွေးတက္ကသိုလ်၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ကိုယ်တိုင်လာရောက် ထုတ်ယူကြရမည်။

တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(လှလှအေးမြင့်)**
**လက်ထောက်မော်ကွန်းထိန်း၊**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မကွေးတက္ကသိုလ်။**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁-၂-၂၀၁၆ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၄-၂-၂၀၁၆ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ၇/၂၀၁၅-၂၀၁၆

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ အထည်စက်ရုံများနှင့် ဝါကြိတ်စက်ရုံများမှ အသုံးမလိုပိုလျှံ စက်နှင့်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ အထွေထွေပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

| | | | |
|---|---|---|---|
| (က) | အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း) | စက်ပစ္စည်း | ၁မျိုး |
| (ခ) | အမှတ်(၆)အထည်စက်ရုံ (ဆားလင်းကြီး) | စက်ပစ္စည်းနှင့် အထွေထွေပစ္စည်း | ၂မျိုး |
| (ဂ) | အမှတ်(၆)အထည်စက်ရုံခွဲ ဝါကြိတ်စက်ရုံ(မြင်းမူ) | စက်ပစ္စည်းနှင့် အထွေထွေပစ္စည်း | ၁၃မျိုး |
| (ဃ) | အမှတ်(၆)အထည်စက်ရုံခွဲ၊ ဝါကြိတ်စက်ရုံ(ပုလဲ) | စက်ပစ္စည်းနှင့် အထွေထွေပစ္စည်း | ၁၆မျိုး |
| (င) | အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) | စက်အရန်ပစ္စည်း | ၁၄၀မျိုး |
| (စ) | အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ) | စက်ပစ္စည်း | ၁မျိုး |

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) တင်ဒါပုံစံရောင်းချမည့်ရက် -၈-၂-၂၀၁၆ရက်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ
(၁) နေပြည်တော် -အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ (စီမံရေးဌာန)၊ ရုံးအမှတ်(၃၇)
(၂) ရန်ကုန် -အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ (ရုံးခွဲ)၊ အမှတ်(၁)သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်
(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁၈-၂-၂၀၁၆ရက်၊ ၁၆နာရီ
(ဃ) တင်ဒါပေးသွင်းရမည့်နေရာ -စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်-၃၇၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းနိုင်ပါသည်။
(က) အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်
ဖုန်းနံပါတ် -၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၁၅၆
(ခ) လုပ်ငန်းရုံးခွဲ (ရန်ကုန်)
ဖုန်းနံပါတ် -၀၁-၅၅၄၁၇၇ ၊ ၀၁-၅၅၈၃၃၆

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်း အမျိုးအမည် |
|---|---|---|
| (က) | 12(T)17/MR(RBE) | (RBE) In-Service Rail Bus (18) Nos ဝယ်ယူရန် |
| (ခ) | ၈၆/မမ/CME | အင်းစိန်စက်ခေါင်းစက်ရုံတွင် Computerized စနစ်သုံး Inventory Control System, Time Attendance and Payroll System နှင့် Network လုပ်ငန်းများဆောင်ရွက်ရန် |

စဉ်(က) တင်ဒါပိတ်မည် နေ့/အချိန် - ၁၅.၂.၂၀၁၆ (တနင်္လာနေ့ )(၁၂. ၃၀)နာရီ
စဉ်(ခ) တင်ဒါပိတ်မည် နေ့/အချိန် - ၁.၃.၂၀၁၆ (အင်္ဂါနေ့ )(၁၂. ၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ( ၁.၂.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-291985, 294352, 291994

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ မြေကွက်အမှတ်(၇၆၂/ခ)၊ မြေကွက်တည်နေရာ အမှတ် ၇၆၂ (ခ)၊ ဇောတိကလမ်း၊ ၁၆/၁ ရပ်ကွက်မြေအား စီမံချက်ကာလ (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့) ဒေါ်တင်ညွန့် အမည်ဖြင့် မြေဂရန် ဝန်ဆောင်ခငွေပေးသွင်းထားသောချလန်မူရင်းတင်ပြ၍ ဒေါ်တင်ညွန့် [၁၂/သဃက(နိုင်) ၀၁၀၇၄၈]က ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြိုင်ဟေဝန် ကွန်ဒိုမီနီယမ် အဆောက်အအုံတွင်ရှိသော အခန်းအမှတ် (၄၀၅/အေ)၊အကျယ်အဝန်း ၁၃၅၀ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးလှမြင့်သော်[၉/မခန(နိုင်)၀၁၅၀၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)ဒုတိယထပ်**
**၂၃လမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းချုပ်ဆိုသည့် အခွန်ထမ်းဆောင်ထိုက်သော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန် အသိပေးကြေညာခြင်း

၁။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ချုပ်ဆိုခဲ့သောလုပ်ငန်းသဘောတူစာချုပ်၊ စာတမ်းအမျိုးမျိုးတို့အနက် တည်ဆဲဥပဒေများနှင့်အညီ ကျသင့်သည့်တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသောစာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင် စာချုပ်အဟောင်းတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားမှုမရှိခြင်း (သို့မဟုတ်) တံဆိပ်ခေါင်းလျော့နည်းထမ်းဆောင်ထားသောစာချုပ်များကို တည်ဆဲတံဆိပ်ခေါင်း အက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးသောစာချုပ်စာတမ်းများဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန်ဒဏ်ကြေး ကင်းလွတ်ခွင့်ကာလကို ၃၁-၃-၂၀၁၆ရက်အထိ သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် လုပ်ငန်းသဘောတူ စာချုပ်များချုပ်ဆိုခဲ့သော်လည်း ကျသင့်သည့်တံဆိပ်ခေါင်းခွန်ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသောစာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းများတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထား မှုမရှိခြင်း (သို့မဟုတ်) တံဆိပ်ခေါင်းခွန်လျော့နည်းထမ်းဆောင်ထားသောစာချုပ်များကို ဒဏ်ကြေးကင်းလွတ်စွာဖြင့် တံဆိပ်ခေါင်းခွန် ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့်ဆက်သွယ်၍ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ တံဆိပ်ခေါင်းခွန် ဒဏ်ကြေးကင်းလွတ်ခွင့်သတ်မှတ်ကာလကျော်လွန်ပြီးပါက ထိုက်သင့်သော တံဆိပ်ခေါင်းခွန်ကပ်နှိပ်ထားမှုမရှိခြင်းနှင့် တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသော စာချုပ်စာတမ်းများကိုထိုက်သင့်သော တံဆိပ်ခေါင်းခွန် (သို့မဟုတ်) လျော့နည်းထမ်းဆောင်ထား၍ ထပ်မံထမ်းဆောင်ရမည့် တံဆိပ်ခေါင်း ခွန်အပြင် ၎င်းထိုက်သင့်သော သို့မဟုတ် လျော့နည်းထမ်းဆောင်သောတံဆိပ်ခေါင်းခွန်၏(၁၀)ဆကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ၃၅(က)အရ ပေးဆောင် ရမည်ဖြစ်ပါသည်။

၄။ အဆိုပါ ဒဏ်ကြေးကင်းလွတ်ခွင့်ဖြင့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရာတွင် ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ တံဆိပ်ခေါင်းများထုတ်ပေးခြင်းမပြုဘဲ ကျသင့်တံဆိပ်ခေါင်းခွန်ကို ချလန်ဖြင့် ပေးဆောင်စေပြီး မြန်မာနိုင်ငံတံဆိပ်ခေါင်း အက်ဥပဒေပုဒ်မ၄၂ (၁)အရ မူရင်းစာချုပ်ပေါ်တွင် (Endorsement) ထပ်ဆင့်ရေးသား ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန
ဘဏ္ဍာရေးဝန်ကြီးဌာန



## ကြော်ငြာ

# ဦးအောင်ဟိန်းကျော်

ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ

**အင်္ဂလိပ်စာရေးနည်း** (အခြေခံ/ အဆင့်မြင့်)

**အင်္ဂလိပ်စကားပြော** သင်တန်း

▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

- အင်္ဂလိပ်စကားပြော(Vol:1,2,3,4)
- ရေးနည်း(Pre.,Vol:1,2,3)

ဆရာ ဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)ဖွင့်ပြီ

၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

▪ 392468, 095171841

# ဆရာဒွေး

နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံး၀ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။

ဖေဖော်ဝါရီ (၄/၆)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

**နွေသင်တန်း ၄တန်းမှ၁၀တန်းထိ လက်ခံနေပြီ။**

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441

# EPi

စာတွေ့လက်တွေ့ အတတ်သင်

နိုင်မာသော အလုပ်အကိုင်အခွင့်အလမ်း၊ ရှင်းလင်းထိရောက်သောသင်ကြားမှု...

**Software ▪ ၁ သိန်း**

**Hardware ▪ ၁ သိန်း**

## ဖုန်းပြုပြင်နည်းသင်တန်း

ကိုယ်ပိုင် စဉ်းစားဆုံးဖြတ်ပြီး ပြုပြင်နိုင်အောင် လုပ်ငန်းခွင်မှ ကျွမ်းကျင်ဆရာများက အခြေခံမှစ၍ အတတ်သင်ကြားပေးသည်။နယ်သင်တန်းသားများအတွက် တည်းခိုရန် အဆောင် **အခမဲ့** စီစဉ်ပေးမည်။

Data 2000 GB ပေးမည်။ကြိုတင်အပ်နှံသူများ 10% Discount ပေးမည်။

အမှတ်(၁၃၂)၊ဒုထပ်(ဝဲ)၊(၃၇)လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

Ph: 09 25 4040 200, 09 300 47 422

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

အဖ ဦးမောင်ညွန့်၏သမီးဖြစ်သူ ဒေါ်မြင့်မြင့်စိုး [၁၂/လမန(နိုင်)၀၃၀၇၃၇] နှင့် ဒေါ်ချိုချိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်ချိုချို

**မူးယစ်ကင်းစင် အလှဆင်**

# အာရှနဂါး

Asia Dragon ကျိုက်ထီးရိုး

ချောင်းသာ/ငွေဆောင်

Ph: 01 707062, 09 799100100
01 703790, 09 797100100

# GETC

building a better future

# nurture preschool

We nurture tomorrow leaders!

အသက် ၆ နှစ်မှ ၁၄ နှစ် အရွယ်ကလေးငယ်များအတွက် တစ်မူထူးခြားသည့် နွေရာသီ အင်္ဂလိပ်စာ အစီအစဉ်

## 2016 SUMMER ENGLISH PROGRAM

March, April, May

- ENGLISH 4-SKILLS
  - Plus: Supplementary skills, Life skills for children
- CAMBRIDGE EXAM PREPARATION (Starters, Movers, Flyers, KET, PET)

Special Discount & Presents
Original Updated Course Books
Well-qualified & Experienced Instructors



ကျောင်းအပ် လက်ခံနေပါပြီ။

School Bus Available

နိုင်ငံတကာ အသိအမှတ်ပြု ဖွံ့ဖြိုးမှု(၅)ရပ်ကိုအခြေခံသည့် မူကြိုပညာရေး

International Standard Early Childhood Education



- Emotional Development(EQ)
- Intellectual Development(IQ)
- Moral Development
- Physical Development
- Social Development

| မြေနီကုန်း | လှိုင် | စမ်းချောင်း | တာမွေ | မရမ်းကုန်းကျောင်းခွဲသစ်ဖွင့်ပြီ | အင်းစိန်ကျောင်းခွဲသစ်ဖွင့်ပြီ |
|---|---|---|---|---|---|
| (မဟာမြိုင်ဆေးခန်းအနီး) | (မြူမဟာစည်ဘုန်းကြီးကျောင်းအနီး) | (အ. ထ. က (၂) စမ်းချောင်းအနီး) | (Ocean Super Market အနီး) | (ကမ္ဘာ့အေးဘုရားအနီး) | (အင်းစိန်ဆေးရုံအနီး) |
| ဖုန်း - ၀၁-၅၃၇၈၉၅၊ ၀၉၂၆၂၉၆၃၇၇၆ | ဖုန်း - ၀၁-၅၃၀၀၉၇၊ ၀၉၂၅၄၁၄၈၀၀၅ | ဖုန်း - ၀၉၂၆၂၉၆၃၇၇၄၊ ၀၉၂၆၂၉၆၃၇၇၅ | ဖုန်း - ၀၁-၅၄၉၅၉၀၊ ၀၉၂၅၄၁၄၈၀၀၆ | ဖုန်း - ၀၁-၆၆၃၉၆၀၊ ၀၉၂၅၉၈၂၂၂၂၀ | ဖုန်း - ၀၉၂၅၉၈၂၂၂၂၆၊ ၀၉၂၅၉၈၂၂၂၂၇ |

# ကာထိက

နည်းပြ

## အ၀ေးသင်

ရူပ၊ ဓာတု၊ သင်္ချာ၊ သတ္တ၊ ရုက္ခ မေဂျာ (ပ၊ ဒု၊ တ၊ စ နှစ်) ဖွင့်ပြီ

(၁၂/၅)၊လှည်းတန်းလမ်းမ၊ကမာရွတ်။
ဖုန်း-၀၉၄၂၀၃၂၀၃၊၀၉၅၀၁၇၉၉

CS AS

# B.Sc နိုင်ဝင်းအဖွဲ့

TV,LCD-LED-PLASMA TV, PROJECTOR, 2' UBC AUDIO, လမ်းလျှောက်စက်နှင့် အားကစားပစ္စည်းပျိုးစုံကို သီးသန့်အိမ်အရောက်ပြုပြင်ပေးပါသည်။

09 73098630

# 2016 FEBRUARY SAMSUNG DAY

## Samsung smart phones နှင့် Tablets

## တွေ၀ယ်ယူပြီး ချစ်သူများနေ့ကို ကြိုဆိုကြရအောင်...





ဖေဖော်ဝါရီလ (၁)ရက် (၂)ရက် (၃)ရက်...

**ကျပ် ၅၀၀,၀၀၀ အထက် ၀ယ်ယူသူတိုင်းအတွက်**





နှစ်သက်ရာ GIORDANO ဖက်ရှင်နှင့်အသုံးအဆောင်များ ၀ယ်ယူနိုင်မည့် ကျပ် ၅၀,၀၀၀ တန်ဖိုးရှိ ကူပွန်လက်ဆောင်

**ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ၀ယ်ယူသူတိုင်းအတွက်**





နှစ်သက်ရာ GIORDANO ဖက်ရှင်နှင့်အသုံးအဆောင်များ ၀ယ်ယူနိုင်မည့် ကျပ် ၃၀,၀၀၀ တန်ဖိုးရှိ ကူပွန်လက်ဆောင်

**ကျပ် ၂၀၀,၀၀၀ အောက် ၀ယ်ယူသူတိုင်းအတွက်**







နှစ်သက်ရာ GIORDANO ဖက်ရှင်နှင့်အသုံးအဆောင်များ ၀ယ်ယူနိုင်မည့် ကျပ် ၂၀,၀၀၀ တန်ဖိုးရှိ ကူပွန်လက်ဆောင်

လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။

ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar နှင့် Giordano တို့မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။

samsungmobilemyanmar | samsungmyanmar | samsungmyanmar

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ၀ယ်ယူနိုင်ပါသည်။

SAMSUNG

## ပင့်လျှောက်ခြင်း

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော် ဒေါက်တာဘဒ္ဒန္တဇဋိလမဟာထေရ် အရှင်သူမြတ်ကြီးသည် ၂၈-၁-၂၀၁၆ရက် ည(၉)နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်) ၁-၂-၂၀၁၆ရက် ညနေ(၄)နာရီတွင် ရေဝေးသုသာန်၌ အန္တိမစျာပန ကျင်းပပူဇော်မည် ဖြစ်ပါသောကြောင့် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက်၉နာရီရောက် မဟာစည်သာသနာ့ရိပ်သာသို့ ပြည်တွင်း-ပြည်ပမဟာစည်ရိပ်သာများ၏ လမ်းညွှန်ဦးသျှောင်ဆရာတော်ကြီးများ၊ ပြည်တွင်း၊ ပြည်ပမဟာစည်ရိပ်သာများ၊ နာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ မဟာစည်နယ်လှည့် ဓမ္မကထိက အဖွဲ့ချုပ်ကြီး၏ အကျိုးတော်ဆောင်ဆရာတော်များ၊ မဟာစည်နယ်လှည့် ဓမ္မကထိကအသစ်ရွေးချယ်ရေး အဖွဲ့ဝင်ဆရာတော်များ၊ စာပေစိစစ်ရေးအဖွဲ့ဝင်ဆရာတော်များ၊ စာရင်းစစ်မော်ကွန်းထိန်းဆရာတော်များ၊ ရန်ကုန်မြို့နယ်အတွင်းရှိ ဝါဆို-ကထိန်သင်္ကန်းကပ်လှူပွဲတွင် ပင့်ဖိတ်လျက်ရှိသည့် မဟာစည်ရိပ်သာခွဲများနှင့် ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအားလုံး ကြွရောက်ကြပါရန် ရိုသေလေးမြတ်စွာ ပင့်ဖိတ်အပ်ပါသည်ဘုရား။

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်**
**မဟာစည်သာသနာ့ရိပ်သာ**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## မဟာစည်ဩဝါဒါစရိယ ဆရာတော်ကြီး
## ဒေါက်တာဘဒ္ဒန္တဇဋိလမဟာထေရ်

**(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ) (Ph.D)**

**သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်**

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာကြီး၏ ဩဝါဒါစရိယ၊ ပြည်တွင်း၊ ပြည်ပ မဟာစည်ရိပ်သာများ နာယက အဖွဲ့အကျိုးတော်ဆောင်၊ မဟာစည်နယ် လှည့်ဓမ္မကထိကအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ၊ နေပြည်တော်-ပျဉ်းမနား ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဇဋိလမဟာထေရ်မြတ်ကြီးသည် (၁၃၇၇-ခုနှစ်၊ ပြာသိုလပြည့် ကျော် ၄ရက်)၊ ၂၈-၁-၂၀၁၆ (ကြာသပတေးနေ့)၊ ည ၉နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်) ၁-၂-၂၀၁၆(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(မဟာစည်သာသနာ့ရိပ်သာ စံကျောင်းတော်ကြီး၌ စျာပနအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး မဟာစည်သာသနာ့ရိပ်သာကြီးမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်**
**မဟာစည်သာသနာ့ရိပ်သာ**

---

### အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကျင်မေ (လပွတ္တာ)

**အသက် (၈၀)**

ဦးကျော်ခင်၏ဇနီး ဒေါ်ကျင်မေ၏ နာရေးကိစ္စအဝဝတွင် မိသားစုနှင့်အတူ ဝမ်းနည်း နှစ်သိမ့်ပြီး အဘက်ဘက်မှ ပြည့်စုံအောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးပါသော ၁၉၈၄-၈၅ (ZOO 1) R.C 3 မှ သူငယ်ချင်းများ၊ ၂၉ လမ်းအတွင်းမှ ရပ်ကွက်သူရပ်ကွက်သားများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နည်းအမျိုးမျိုးဖြင့် ဝမ်းနည်းကြောင်းဖော်ပြကြသူများ၊ ကိုယ်ရောစိတ်ပါ ကူညီဆောင်ရွက်ပေးခဲ့သော ဆွေမျိုးသူငယ်ချင်းများ၊ ရက်လည်ဆွမ်းအလှူဒါနပြုသည်အထိ ကူညီပေးခဲ့သူများအားလုံး ကျေးဇူးတင်ထိုက်သူ အားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း

## ဦးမိုးရည်

**အသက်(၇၉)နှစ်**

**ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်**
**မြတ်ပါရမီပညာရွှေပြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ နာယကကြီး**

ရေနံချောင်းဒီဂရီကောလိပ်၊ သတ္တဗေဒဌာနမှ ကထိက ဒေါက်တာဇင်မေခိုင်၏ ချစ်လှစွာသောဖခင်သည် ၂၇-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ဝ၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းစိတ်မကောင်း ဖြစ်ရပါသည်။

**ရေနံချောင်းဒီဂရီကောလိပ်**
**သတ္တဗေဒဌာနမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာကြီး ဦးမိုးရည်

**အသက်(၇၉)နှစ်**

**ပါမောက္ခ(ငြိမ်း) မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်**

မန္တလေးမြို့၊ မဟာမြိုင် (၁) ခ-၇/၆၀၊ ၆၈ လမ်း၊ ၄၂×၄၈ လမ်းကြားနေ ဒေါ်ငွေးကြည်၏ ခင်ပွန်း ဆရာကြီးဦးမိုးရည်သည် ၂၇-၁-၂၀၁၆ ရက်က ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

---

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း၊ ရေတန် ဒါယကာကြီး**

## ဦးကြူးခင် (ခနောင်တို)

မိုး ရေကြောင်းသယ်ယူပို့ဆောင်ရေး
ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များ (ဥက္ကဋ္ဌ)
ပြည်တွင်းတွဲဆွဲ ရေယာဉ်ပိုင်ရှင်များအသင်း (ဥက္ကဋ္ဌ)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ်(၆၅/က)နေ ဒေါ်ငံရွှေ၏ ချစ်လှစွာသော ခင်ပွန်း၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်း (ဥက္ကဋ္ဌ) **ဦးကြူးခင်** သည် (၁၈.၁.၂၀၁၆-တနင်္လာ)နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းဝင်း + ဒေါ်ယဉ်ယဉ်ဝင်း**
**Peace Myanmar Group Co., Ltd.**

---

### ဒေါ်ညွန့်ညွန့် (၇၆)နှစ်

**မင်းကွန်းယောဂီ၊ လှည်းတန်းဈေး**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဓမ္မိကဝတီလမ်း၊ အမှတ်(၅၂)နေ ဦးဝင်းသောင်း၏ဇနီး၊ ကမာရွတ်၊ လှည်းတန်း၊ ပေ(၅၀)လမ်းနေ (ဦးတင်မောင် - ဒေါ်သောင်းမြင့်)၊ (ဦးအောင်ချစ်)-ဒေါ်ကျင်တီတို့၏ညီမ၊ ကိုသန်းလှိုင်ဝင်း(ခေတ္တ-စင်ကာပူ)၊ မမျိုးပပဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၂၉-၁-၂၀၁၆ (သောကြာနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက် ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## အလ်ဟာဂျ်ဦးတင်ဝင်း
## (အန်ဆွာရီ)(ခ)
## အလ်ဟာဂျ်မုဟမ္မဒ်စအီးဒ်

**တရားလွှတ်တော်ရှေ့နေ**
**ဒုတိယဥက္ကဋ္ဌ၊ အစ္စလာမ်**
**သာသနာရေးရာကောင်စီဌာနချုပ်**

**အသက် (၆၆)နှစ်**

ရန်ကုန်မြို့နေ [ဦးတင်ဦး(ခ)ဦးမောင်ဦး-ဒေါ်ခင်စောဝင်း]၊ (ဟာဂျီဦးမြ-ဟာဂျီမဒေါ်မြသန်း)တို့၏သား၊ (ဦးတင်ရွှေ-ဒေါ်ခင်မြသွင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉) လမ်း၊ အမှတ်(၂၀၀)၊ ပထမထပ်နေ ဒေါ်နုနုရွှေ၏ခင်ပွန်း၊ (ဦးမောင်မောင်)-ဒေါ်ခင်သန်းဝင်း၊ ဦးတင်အောင်ဝင်း-(ဒေါ်ခင်ခင်စု)၊ [ဦးအောင်မြင့်(ခ)ဦးကျော်ကျော်]-ဒေါ်မြတ်လေးရီ၊ ဦးမြမင်း-ဒေါ်အိအိချို၊ (ဦးမင်းဒင်)-ဒေါ်နွယ်နွယ်ရီ တို့၏အစ်ကို၊ ဦးဆန်းယု-ဒေါ်နှင်းနွယ်စိုး၊ ဦးခင်မောင်လွင်-ဒေါ်နန်းကလျာစိုး၊ ဦးစိုးထွန်း-ဒေါ်နန်းသူဇာယဉ်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ တူ/တူမ ၁၀ယောက်တို့၏ဘကြီး အလ်ဟာဂျ်ဦးတင်ဝင်းသည် ၃၀-၁-၂၀၁၆ (စနေနေ့) နံနက် ဝ၀း၄၂ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယနေ့ဇုဟိုရ်ဆွလာသ်အပြီးတွင် ရေဝေးမွတ်စလင်မ်ဥယျာဉ်တော်၌ ဒါဖွာနာပြုလုပ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ပါမောက္ခပဏ္ဍိတ

**မဟာဂန္ထဝါစက ပဏ္ဍိတ၊ ဝိနယဓရ၊ သာသနဓဇ ဓမ္မာစရိယ၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်**

**သိက္ခာတော် (၃၇) ဝါ၊ သက်တော် (၅၇) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့ သာသနာ့ရောင်ခြည် ပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တပါမောက္ခပဏ္ဍိတသည် (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်) ၂၆-၁-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်) ၃-၂-၂၀၁၆ ရက်တွင် စံကျောင်းချပူဇော်ပြီး (၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၉ ရက်) ၃၁-၃-၂၀၁၆ရက်-၁-၄-၂၀၁၆ရက်တို့တွင် အန္တိမအဂ္ဂိစျာပန ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိတပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**
**သက္ကလမြို့**

---

### ဦးကျော်လွင်(မော်လမြိုင်)

**အသက်(၅၉)နှစ်**

မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၂)၊ သံလမ်း၊ ပုရွတ်ဆိတ်ကုန်းရပ်ကွက်နေ မောင်လွင်အောင်-မနိုင်နိုင်ဝင်း၊ မောင်သီဟ၊ မောင်ကျော်သူစိုး၊ မောင်အောင်ထွန်းတို့၏ဖခင်၊ (ဒေါ်ရီရီနွဲ့)၏ ခင်ပွန်း၊ မောင်ခန့်ဘုန်းကျော်၏အဘိုးသည် ၂၇-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ည ၁၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ (သောကြာနေ့)တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးထွန်းဝင်း(ပုလောမြို့)

**အသက်(၄၉)နှစ်**

**အသင်းဝင်အမှတ်-၂၀၇၄**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ ဒေါ်ခင်ခင်မော်၏ခင်ပွန်းသည် ၂၇-၁-၂၀၁၆(ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိန်ကြည်(ခ)တေကြီးချမ်း (၉၄)နှစ်

**(Kaung Mah Kaung Co.,ltd)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေလိခလမ်း၊ အမှတ်(၃၃/ B-၂)နေ (ဦးဝမ်ကိန်း-ဒေါ်စီမန်)တို့၏ သား၊ (ဦးကျင်ရှောင်-ဒေါ်နု)တို့၏ သားသမက်၊ ဒေါ်မြသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန်းဦး-မခင်ခင်လင်း၊ ကိုအောင်ကိုကို- မသင်းသင်းနိုင်၊ ကိုအောင်ညီညီ-မရွှေစင်သန့်၊ Dr. ညီညီလွင်-Dr. သင်းသင်းမော်၊ မငွေးငွေးနိုင်၊ Dr. အေးအေးလွင် (ဆေးသုတေသန)၊ Dr. နီနီဝင်းတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၁-၂၀၁၆ (သောကြာနေ့) ညနေ ၅း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းတင်(ဆိုဗီယက်ပြန်အကနည်းပြ)

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်(၂၀)၊ အောင်ဇေယျ(၇)လမ်း(ဝဲ)နေ (ဦးဘဟိန်း-ဒေါ်စိမ်းညို)တို့၏သမီးချွေးမ၊ (ဦးအောင် ငြိမ်း-ဒေါ်လှမြိုင်)တို့၏ သမီးထွေး၊ ဦးမိုးသိမ်း-ဒေါ်သီတာဦး(အထက်တန်းပြ၊ အထက-၅၊ မင်္ဂလာတောင်ညွန့်)၊ ဦးမောင်မောင်လတ်-ဒေါ်စန္ဒာမြင့်၊ ကိုမင်းသန်းထိုက်(ခ)ချစ်ဝိုင်းတို့၏မွေးသမိခင်၊ မမေမြတ်မိုးသိမ်း(အလယ်တန်းပြ၊ အလက-၃၊ ဒဂုံတောင်)၊ မစုမြတ်မိုးသိမ်း၊ မောင်ကောင်းခန့်ပိုင်တို့၏ အဘွား၊ ဦးခင်မောင် ညွန့်၏ချစ်လှစွာသောဇနီးသည် ၂၉-၁-၂၀၁၆ (သောကြာနေ့) ညနေ ၃း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် အမှတ်(၂၀)၊ အောင်ဇေယျ(၇)လမ်း(ဝဲ)၊ ရန်ကုန်သစ်ရပ်ကွက်၊ သယ်န်းကျွန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဒုတိယဗိုလ်မှူးကြီး ဖြိုးကိုလင်း(ရေ)DSA(37)**

မိသားစုအပေါ် နွေးထွေးစွာစောင့်ရှောက်ပေးခဲ့သောသား မိသားစုနှင့်ခွဲခွာသွားတာ ၁-၂-၂၀၁၆ရက်ဆိုရင် (၂)နှစ်ပြည့်သော်လည်း အမေတို့ နေ့တိုင်းလွမ်းဆွတ်သတိရနေဆဲပါသားရေ--

သားအတွက် အမြဲတန်းကောင်းမှုကုသိုလ်၊ အလှူဒါန အစုစုကို သားရောက်ရာ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုပါသားရေ---အမျှ အမျှ အမျှ---

**အမေ၊ ညီမလေး**
**ချစ်ဇနီး၊ သားလေး လင်းသစ်**

---

### အထူးကျေးဇူးတင်ရှိခြင်း

## ဦးလှမြင့် (တရားလွှတ်တော်ရှေ့နေ)

**အသက် (၆၂)နှစ်**

**ပဲခူးမြို့**

၂၃-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသောဖခင်ကြီး ဦးလှမြင့် (တရားလွှတ်တော်ရှေ့နေ)၏စျာပနကိစ္စအဝဝတွင် ကူညီပေးကြသော နာရေးကူညီမှုအသင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လှူဖွယ်ဝတ္ထုများ ပေးပို့လှူဒါန်းပေးသူများ၊ အားပေးနှစ်သိမ့်ပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ မေတ္တာထား၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်းဒါယကာကြီး**

## လင်ကျန်ဝှက်(ခ)ဦးအောင်ဝင်း(ပုသိမ်) (၅၈)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ သီရိရတနာရိပ်သာ၊ ရတနာသိပ္ပံလမ်း၊ ခြံအမှတ်(၁၄)နေ ဦးမောင်ကျင်-ဒေါ်စန်းမြင့်တို့၏ ဒုတိယသား၊ ရွှေလောင်းမြို့နေ ဦးအမိုင်-(ဒေါ်စန်းရင်)တို့၏သားသမက်၊ ဒေါ်နီနီခိုင်၏ချစ်လှစွာသောခင်ပွန်း၊ မနှင်းယုအောင်(လသာ-၂၊ ကျောင်းသူဟောင်း)၊ မသီရိရွှေစင်(တ-နှစ်၊ ဆေးတက္ကသိုလ်-၁)တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၃၀-၁-၂၀၁၆ (စနေနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၆ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဆရာမကြီးဒေါ်ကြည်ကြည်စိန်

**အသက်(၆၇)နှစ်**

**ပါမောက္ခ/ဌာနမှူး(ငြိမ်း) မြန်မာစာဌာန၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး**

မန္တလေးမြို့နေ ကျောက်ဆည်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးမြမောင်၏ဇနီး ဆရာမကြီးဒေါ်ကြည်ကြည်စိန်သည် ၂၇-၁-၂၀၁၆ ရက်ကကွယ်လွန်သွားကြောင်း ကြားသိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

---

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မာစော

**အသက် (၆၁) နှစ်**

**လက်ထောက်မန်နေဂျာ(ငြိမ်း)**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)**

ဒေါ်ခင်မာစော(လက်ထောက်မန်နေဂျာ၊ငြိမ်း)သည် ၂၉-၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆက်သွယ်ရေးအရာရှိအဆင့်(၃) (၂/၈၄)သူငယ်ချင်းများ**

---

## ဦးအောင်ခိုင်စိုး (၄၄)နှစ်

**B.Sc (Physics)**
**2nd Mate F/G East Wind Co.,Ltd**
**CDC-38616**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ်(၁၉၅)၊ (ပ)ထပ်နေ (ဦးဘိုကေ-ဒေါ်သန်း)တို့၏ မြေး၊ (ဦးမြသောင်း)-ဒေါ်ခင်အုန်းတို့၏သားကြီး၊ (ဦးသောင်းထိုက်စိုး)၊ ဦးအောင်ကျော်စိုး-ဒေါ်ချိုသက်နွယ်၊ ဒေါ်နှင်းရူပါတို့၏ အစ်ကိုကြီး၊ မမေဇွန်မြတ်မိုး၏ဦးကြီး ဦးအောင်ခိုင်စိုးသည် ၃၀-၁-၂၀၁၆ (စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည် ဖြစ်ကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကြော်ငြာ

### ဦးစောလှကြည်(ခ)ဦးလှဝင်း
**နိုင်ငံတော်ရွှေတံဆိပ်ဆုရ တယောဆရာကြီး**
**အသက်(၈၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ မင်းရပ် ရပ်ကွက်နေ (ဒေါ်မြမေ)၏ ခင်ပွန်း၊ သားသမီးခုနစ်ယောက်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် မင်းမွေးတောင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**
### ဒေါ်ရှုရင်(ကြူကြူ)
**ဘားအံ၊တောင်စွန်း**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၈၂/၁၈၄)၊ အခန်း(၆၀၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးယုကန်- ဒေါ်မြရင်မွှေး)တို့၏သမီး၊ (ဦးအင်းကောင်- ဒေါ်ကင်း)တို့၏သမီးချွေးမ၊ (ဦးကျော်စိုး)၏ဇနီး၊ ကိုထူးမြတ်-မယဉ်ယဉ်စိုး၊ မသွယ်သွယ်စိုး၊ မဇင်မာစိုးတို့၏ချစ်လှစွာသောမွေးသမိခင်၊ မောင်ထူးနိုင်မိုးယံ၊ မောင်ဘုန်းပြည့်မိုးယံတို့၏ ချစ်လှစွာသော အဘွားသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀း၂၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၂-၂၀၁၆ (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါမည်။]

ကျန်ရစ်သူမိသားစု

### ဦးခင်ဝင်း (၅၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တိုက်(B)၊ အခန်း(၃)နေ (ဦးမြ-ဒေါ်သက်မေ)တို့၏သား၊ (ဦးစိုးတင့်)-ဒေါ်ထွေးကျင်တို့၏ သားသမက်၊ မစိုးစိုးဝင်း၊ မောင်မင်းဇော်ထွဋ် (မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သစ်တောဦးစီးဌာန)-မသက်ထားရွှေ၊ မောင်ကျော်စွာအောင်-မကျော့ကျော့ခိုင် (ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တိ/ထိန်းဌာန)၊ မောင်သူရိန်အောင် (ရန်ကုန်တိရစ္ဆာန်ဥယျာဉ် တိ/ထိန်းဌာန)-မနီလာအောင်၊ မဝေဦးခင်တို့၏ဖခင်၊ ဒေါ်မြမြဝင်း၏ခင်ပွန်းသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

### မောင်ကောင်းခန့်သာ(ခ)ဒူးဒူး
**အသက်(၁၃)နှစ်**
**(မကွေး)**

မကွေးမြို့၊ ကန်သာရပ်၊ (၁၈)လမ်း၊ အမှတ်(C-၇၆)နေ ဦးခင်မောင်ပိုက် (ရွှေစင်ဂိတ်တာဝန်ခံ)-ဒေါ်ဆွေဆွေသန်း၊ ဦးစံခင်-ဒေါ်စောကြည်တို့၏မြေး၊ ဦးအောင်ကိုကိုထွန်း (စင်ထွာဒစ်ဂျစ်တယ် ကတ္တား)-ဒေါ်ယဉ်ငြိမ်းအေး( A-Roy Myanmar Travels and Tours)၊ ဦးခင်မောင်ဆွေ (စီးပွား/ကူးသန်း၊ နေပြည်တော်) - ဒေါ်ယဉ်လှိုင်းခတ် (စီးပွား/ကူးသန်း၊ နေပြည်တော်)၊ ဒေါ်နေခြည်နွေးနွေးပိုက် (Save the Children)၊ မောင်ဟိန်းကျော်(ခ) မောင်သဲညာပိုက်(ခေတ္တ-ဟောင်ကောင်)တို့၏ အချစ်ဆုံးတူ၊ ဦးအောင်ဆန်းဝင်း (Pact/ Myanmar Renewable Energy Project)-ဒေါ်ယဉ်ငြိမ်းချမ်း (အားကစားဝန်ကြီးဌာန၊ နေပြည်တော်) တို့၏သားကြီး၊ မောင်သီဟနိုင်အောင်၏ အစ်ကို၊ မောင်ကောင်းခန့်သာ(ခ)ဒူးဒူး သည် ၃၀-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် မကွေးမြို့ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
### ဦးခင်မောင်သန်း (၈၂)နှစ်
**ဆောက်/လျှပ်(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ စီးပွားကူးသန်းဝန်ထမ်းအိမ်ရာ၊ တိုက်(၁၆)၊ အခန်း(၂၈)နေ (ဦးမောင်သန်း-ဒေါ်အေးကြည်)တို့၏သား၊ (ဒေါ်လှကြည်)၏ခင်ပွန်း၊ ဦးအောင်ကို-ဒေါ်မဥ္ဇူထွဋ်၊ ဦးစိုးတင့်-ဒေါ်သင်းသင်းရီ၊ ဦးအောင်သူ-ဒေါ်နီလာအေး၊ မမာမာခင်၊ ကိုညီညီထွန်း-မမီမီခင်(ဟိန်းထက်စတိုး)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃၀-၁-၂၀၁၆(စနေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသု သာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍၅-၂-၂၀၁၆(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**
### ဒေါ်ရှုရင်(ကြူကြူ) (၇၈)နှစ်
**ဘားအံ၊တောင်စွန်း**

ရန်ကုန်မြို့၊ အမှတ်(၁၈၂/၁၈၄)၊ အခန်း(၆၀၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဦးကျော်စိုး)၏ဇနီး၊ ဦးဟုတ်စိန်-(ဒေါ်ငွေရင်)၊ ဦးစိုးမြင့်-ဒေါ်မီရင်၊ (ဦးလှဝါ)-ဒေါ်ဝှာရင်၊ ဦးကိုကိုနိုင်-ဒေါ်ထွေးတို့၏အစ်မ၊ တူ/တူမ ၁၅ယောက်တို့၏အဒေါ်သည် ၃၁-၁-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၁၀း၂၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါမည်။

ကျန်ရစ်သူမိသားစု

**ဟသ်ာတအသင်း**
### ဒေါ်သန်းသန်းနွဲ့ (၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဖေယျာသုခလမ်း၊ အမှတ်(၇၇၁)၊ လေးလွှာနေ (ဦးလှကြည်-ဒေါ်ခင်ညွန့်)တို့၏ သမီးကြီး၊ ဟသ်ာတအသင်း တွဲဘက်အတွင်းရေးမှူး ဦးခိုင်ထွန်းအောင်၏အစ်မကြီး၊ ဒေါ်သန်းသန်းနွဲ့သည် ၂၇-၁-၂၀၁၆ ရက် ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသားများ သိစေအပ်ပါသည်။အမှုဆောင်အဖွဲ့

### ဒေါ်ကျင်ငွေ (၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၀၃၄)၊ ကန်သာယာ(၁)လမ်း၊ (၃၅)ရပ်ကွက်နေ (ဦးမောင်ခင်-ဒေါ်ဆွမ်ကြိုး)တို့၏သမီး၊ ဦးခင်မောင် (တိ/မွေးကု-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်နှင်းရီ(YUFL)၊ ဒေါ်တင်မိုးအေး (YCDC)၊ ဒေါ်အေးအေးမိုး(တိ/မွေး/ကု)၊ ဦးထွန်းမိုးကျော်-ဒေါ်ဝေဝေမောင်၊ ဒေါ်ယဉ်ယဉ်ထွေး(YCDC)တို့၏ မွေးသမိခင်ကျေးဇူးရှင် မြေးသုံးယောက်တို့၏အဘွားသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ၁၅ နှစ်ပြည့်အလွမ်း
**ချစ်ခင်ပွန်း ဗိုလ်ကြီးမျိုးထွန်းသိုက်**
**၁-၂-၂၀၀၁ - ၁-၂-၂၀၁၆**

ခွဲခွာသွားသည်မှာ ၁၅ နှစ်ပြည့်ခဲ့ပါပြီ။
တစ်နေ့မှ မမေ့ရက်ပါ
ပြုပြုသမျှ ကုသိုလ်ဒါန အစုစုကို ချစ်ခင်ပွန်း ကောင်းရာဘုံဘဝမှ ရရှိခံစားနိုင် ပါစေ။

**ချစ်ဇနီးကြူကြူ**
**လင်းလင်း အီလက်ထရောနစ်**

## အနိစ္စ

### ဒေါ်ကျော့နု (၈၉)နှစ်
**ဆလက(စစ်တွေ)**

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်နေ (ဦးသာဒိုး-ဒေါ်မအေး)တို့၏ သမီး၊ (ဦးသာထွန်းဦး-ဒေါ်စိုးမြဦး)တို့၏ညီမ၊ [ဒေါ်မဖြူ (သတင်းစာကိုယ်စားလှယ်၊ ရှုပမြောက်]၏အစ်မ၊ ဦးသာမြ၊ ဒေါ်နုနုအေး၊ (ဦးထင်ကျော်)တို့၏ အဒေါ်သည် ၂၈-၁-၂၀၁၆ (ကြာသပတေးနေ့)တွင် အမှတ်(၄၂)၊ ပထမထပ်၊ သုခလမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဒေါ်တင်အေး (၈၆)နှစ်
**(ကန်တော်လေး)**

ရန်ကုန်မြို့၊ အမှတ် (၈၂)၊ ပထမထပ်၊ ဒေါ်သိန်းတင်လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအောင်သိန်း)၏ဇနီး (ဦးကျင်-ဒေါ်ပု)တို့၏သမီး၊ (ဦးတျန်စိန်- ဒေါ်ညော်ညား)၊ (ဦးသွန်လျောင်-ဒေါ်ရှုအိမ်)တို့၏သမီးချွေးမ၊ ဒေါ်ပြုံးပြုံး (ISL-Logistics Co., Ltd)၊ ဦးကိုကိုအောင်-ဒေါ်မိုင်တင်စီ (OT Sister EYE Hospital)၊ ဒေါ်သီသီထွေး (Jetro)၊ ဒေါ်ကြူကြူ (Golden Hawks Int,l Ltd) ဦးညီညီအောင်-ဒေါ်မိုးမိုးမြိုင် (HR-Manager MICASA HOTEL)တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀ နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဒေါ်မညွန့်(မောင်တော)
**အသက်(၈၃)နှစ်**

(ဦးသာထွန်းအောင်-ဒေါ်အိမ်သာဖြူ)တို့၏သမီး၊ ဦးမောင်ကြီး-ဒေါ်မမြသိန်း၊ (ဒေါ်အေးကျော့ဖြူ)၊ ဦးစိန်လှ (ခေတ္တ-Australia)တို့၏ မွေးသမိခင်၊ ဦးထွန်းထွန်းနိုင်-ဒေါ်သန္တာအောင်၊ ဒေါ်စံပယ်ခိုင်(ခေတ္တ-Australia)၊ ဒေါ်သူဇာခိုင်၊ ဦးထွန်းထွန်းခိုင်၊ ဒေါ်စုစုခိုင်တို့၏ အဘောင်ရှင်၊ မြစ်ခုနစ်ယောက်တို့၏ အဖီးရှင်သည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃း၃၀ နာရီတွင် အမှတ်(၃၀၄/ပ)၊ ဗညားဒလလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးရှိ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြော်ငြာပါမည်။) ကျန်ရစ်သူမိသားစု

### ဦးညွန့်ရင်(မုံရွာ) (၇၅)နှစ်

မုံရွာမြို့နေ (ဦးဘိုးဆင့်-ဒေါ်လှခင်)တို့၏သား၊ မုံရွာမြို့၊ မျိုးညွန့်ဓာတ်ပုံတိုက်နေ (ဦးမောင်တင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၁၁၂)၊ ငါးလွှာ (ညာ)ဘက်ခန်းနေ ဒေါ်ဝင်းရီ၏ ခင်ပွန်း၊ မန္တလေးမြို့နေ ဦးရဲမင်း-ဒေါ်မြင့်မြင့်ခိုင်(VEC)၊ (ဦးကျော်သူအောင်)-ဒေါ်နီနီအောင် တို့၏ဖခင်၊ မောင်ရဲရင့်အောင်၊ မောင်လင်းလက်အောင်၊ မောင်သုတအောင် တို့၏အဘိုး ဦးညွန့်ရင်သည် ၃၁-၁-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၄း၁၅ နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး**
### ဦးစိန်ငွေး (၆၅)နှစ်

သမိုင်းနေ (ဦးထွန်းကြည်-ဒေါ်စိန်မြိုင်)၊ ကြည့်မြင့်တိုင်မြို့နယ်နေ ဦးဝင်းကို-ဒေါ်ထားညွန့်၊ ဦးငွေးဝင်း-ဒေါ်ကျင်ရီတို့၏တူ၊ အမှတ်(၁၂)၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင့်တိုင်မြို့နယ်နေ (ဦးသန်း)-ဒေါ်စန်းစန်းနွဲ့တို့၏ချစ်လှစွာသောမောင်၊ ဦးကျော်စွာလင်း-ဒေါ်သင်းသင်းဆွေ၊ ဦးကျော်သီဟစိုး-ဒေါ်ဇင်မေချစ်တို့၏ ဦးလေး ဦးစိန်ငွေးသည် ၃၁-၁-၂၀၁၆ ရက် နံနက် ၂း၁၅နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ရက် နံနက် ၁၁း၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သိန်းဥ (အလုံ) (၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၁၄၇)နေ (ဦးဉာဏ်ကြွယ်-ဒေါ်အေးပို)တို့၏သမီး၊ (ဦးစိန်-ဒေါ်ရှင်လေး)တို့၏သမီးချွေးမ၊ (ဦးကျော်)-ဒေါ်ဝင်းစိန်၊ (ဦးအောင်တင်-ဒေါ်အုန်းကြည်)တို့၏ညီမ၊ ဒေါ်ခင်စိန်၏ အစ်မ၊ (ဦးသိန်းဇံ)၏ ချစ်လှစွာသောဇနီး၊ (ဦးအောင်မြင့်-ဒေါ်တင်တင်အေး)၊ (ဦးမောင်မောင်)-ဒေါ်ခင်တီတီ(အောင်ဘုန်းမြတ်သက်နန်းတိုက်)၊ (ဗိုလ်ကြီးသိန်းထွဋ်)-ဒေါ်သင်းသင်းလှ၊ ဦးမောင်မောင်ဇံ-ဒေါ်ထွေးထွေးသိန်း၊ (ဒေါ်ရင်ရင်ဇံ)၊ ဒေါ်ဝင်းဝင်းဇံ(အထက-၅၊ အလုံ)၊ (ဗိုလ်ကြီးမိုးမြင့်ဦး)-ဒေါ်ခင်မမ(အထက-၁၊ ပန်းဘဲတန်း၊ ငြိမ်း)၊ ဦးလှထွေး-ဒေါ်အေးသက်ပိုင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ (သောကြာနေ့) ညနေ ၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၀-၁-၂၀၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး**
### ဒေါ်ခင်မြင့်(ခ)ကေ့ပိုးကြူး(ဒိုက်ဦး) အသက်(၉၀)
**(၃၅၁)ဘီရုံ၊ သိမ်ကြီးဈေး၊ သရဖူမွေ့ယာဆိုင်**

ရန်ကုန်မြို့၊ အနော်ရထာလမ်း၊ အမှတ်(၁၉၅)နေ (ဦးချိန်ကျန်-ဒေါ်ငြိမ်းကြည်)တို့၏ တတိယသမီး၊ (ဒေါ်ကျင်မြိုင်)၊ (ဦးကျင်စိန်-ဒေါ်ဝိုင်းကြည်)၊ (ဒေါ်ကျင်မြ)တို့၏ညီမ၊ လောင်ပင်ကျောင်း-(ဒေါ်ညိုညို)၊ ဦးအောင်မြင့်-ဒေါ်ဖြူဖြူဝင်း၊ ဦးကြီးမြင့်-ဒေါ်အေးမြင့်တို့၏အစ်မ၊ (ဦးခင်မောင်ဝင်း)၏ဇနီး၊ မုံရွာမြို့နေ ဒေါ်မြ အေး၏အစ်မ၊ ဦးအောင်ထွေး-ဒေါ်မို့မို့ဝင်း၊ ဒေါက်တာကျော်နိုင်-ဒေါက်တာသီတာဝင်းတို့၏မိခင်၊ မသဇင်အောင်ထွေး၊ မမေစပယ်ကျော်၊ မဆုမြတ်သီတာ၊ မအိရတနာကျော်တို့၏အဘွားသည် ၂၈-၁-၂၀၁၆ရက် နံနက် ၁း၄၅နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Hiospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆(သောကြာနေ့) နံနက် ၉နာရီတွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးအေးဝင်း(ခ)ဦးကောက် (၆၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၄၈၃-၄၈၅)နေ (ဦးဘိယာ-ဒေါ်ရှုလွမ်)တို့၏သား၊ ဦးခွေရှောင်-ဒေါ်မဆင့်တို့၏သားသမက်၊ ဒေါ်ခင်နု၏ချစ်လှစွာသောခင်ပွန်း၊ (ဦးလှဝင်း)-ဒေါ်တင်ဝင်း၊ (ဦးကျောက်ခဲ-ဒေါ်ကျင်သန်း)၊ ဦးအောင်ဝင်း-ဒေါ်ရွှေဝင်း၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်သိန်းတို့၏ ညီ/မောင်၊ ဦးအောင်မြင့်-ဒေါ်ခင်နု၊ ဦးလှမြင့်-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကို၊ Dr. ဖြိုးသီဟ၊ Dr. သက်နိုင်၊ မဇင်မာထက်၊ Dr. သက်ထွန်းအောင်-မမြတ်သူခိုင်တို့၏ဖခင်သည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၆-၂-၂၀၁၆(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ်(၆၃)၊ နှစ်လွှာ(ယာ)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်ယုလွင်(ခ)မယု (မြိတ်-မော်လမြိုင်)
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ဆင်မလိုက်၊ ယုဇနဟိုင်းဝေးအိမ်ရာဝင်း၊ နှင်းဆီလမ်း၊ တိုက်အမှတ်(B)၊ အခန်းအမှတ်(၁၁၂)နေ [ဦးခီးယာ(ခ)ဦးမောင်ကြည်-ဒေါ်သိန်း]တို့၏သမီး၊ (ဦးရွှေအောင်-ဒေါ်ထားစိန်)တို့၏ သမီးချွေးမ၊ အမှတ်(၃၃၄)၊ (၂၂)လမ်း၊ မြိုင်သာယာ၊ ရွှေအင်းကြင်းခြံ၊ မော်လမြိုင်မြို့နေ ဦးဝေလင်း(ခ)ဦးမောင်မောင်၏ဇနီး၊ မအင်ကြင်းဝေ (စတုတ္ထနှစ်ပထဝီ-မော်လမြိုင်တက္ကသိုလ်)၏မိခင်၊ ဦးသက်လွင်-ဒေါ်အာယုတို့၏ညီမ၊ ဦးသိန်းအင်-ဒေါ်စပယ်ခိုင်၊ ဦးကျော်ညွန့်-ဒေါ်အေးအေးယု၊ ဦးစင်းအင်-ဒေါ်စောကြည်၊ ဦးဂွမ်အင်၊ (ဦးအင်စိုး)၊ (ဦးထွေးအင်)-ဒေါ်သန်းသန်းနွယ်၊ ဒေါ်ဆွေဆွေယု၊ ဒေါ်ဝေဝေယု၊ ဦးသက်ထွေး(ခ)ဦးခိုင်-ဒေါက်တာငြိမ်းပပ တို့၏ အစ်မ၊ ဒေါ်ခင်ယုလွင်(ခ)မယုသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉း၅၂ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) ညနေ ၆ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ယုဇနဟိုင်းဝေးအိမ်ရာဝင်းမှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးဗညားအောင်ကြည်(ဘိုဘို) (၄၄)နှစ်
**ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(ကျောင်းသားဟောင်း)**
**B.E (E.P), RIT(1989th Batch)**
**3/E V.Ship. CDC(61082)**

ရန်ကုန်မြို့၊ အမှတ်(၈၂)၊ ကျွန်းရွှေမြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ [ဗိုလ်မှူးခင်မောင်ကြည် (အငြိမ်းစား-ရေ)-ဒေါ်ခင်လှရီ] တို့၏ချစ်လှစွာသောသား၊ ဒေါ်ဥမ္မာကြည် (စီမံကိန်းရေးဆွဲရေးဦးစီးဌာန-ငြိမ်း)၊ ဦးကျော်စွာကြည် (UNITEM MARINE Co., Ltd.)-ဒေါ်သီတာရွှေ (ဦးအောင်မြင်ကြည်)၊ ဦးညီညီ (C/O WALLENIUS MARINE SINGAPORE)-ဒေါ်စန္ဒာရီ (စက်မှုစား/ကုန်၊ ငြိမ်း)၊ ဒေါ်ကြည်ချယ်ရီ(ဒု/ညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးဇော်အောင်-ဒေါ်ဇင်ကြည်ရီ (ဦးတေဇာအောင်ကြည်)၊ ဦးပြည့်ဝန်းဇော်-ဒေါ်စောစန္ဒာနွယ် (TULIPANO SPA)တို့၏ချစ်လှစွာသောညီ/မောင်၊ ဦးသီဟအောင်ကြည်(ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောအစ်ကို၊ တူ/တူမ သုံးယောက်တို့၏ ဦးလေးသည် ၃၀-၁-၂၀၁၆ (စနေနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ ကွယ်လွန်သူအားရည်စူး၍ ၅-၂-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ချောစုစုမွန်(ခ)ဒေါ်အိမွန်သူ (၃၆)နှစ်
**WFP. Yangon Office**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉/B)နေ ဦးဝင်းဖေ-ဒေါ်မူမူအေး တို့၏ သမီး၊ ဦးမြင့်ဦး-(ဒေါ်မြသိန်းကြူ)တို့၏ သမီးချွေးမ၊ ကိုအေးလွင်-ဒေါက်တာဝင်းနွဲ့နွဲ့သူတို့၏ညီမ၊ မဖူးပြည့်ငြိမ်းချမ်း(ခ) ဘရဏီ (Grade-1, Horizon)၏ အဒေါ်၊ မတူးတူးဝေ(Zifam Co., Ltd.)၊ မောင်ထွန်းနိုင်ဦး(Picasoft Computer)တို့၏ အစ်မ၊ ကိုဖြိုးမောင်ဦး (Picasoft Computer)၏ ချစ်လှစွာသောဇနီး၊ မောင်ရာဇမင်းခန့်(ခ)Toum Toum (Grade-2, Horizon)၏ မိခင်သည် ၂၇-၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
### ဘဒ္ဒန္တဝဏ္ဏိသရ
**(ရပ်ကွက်သံဃနာယကအဖွဲ့၊ ဥက္ကဋ္ဌ)**
**သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၆)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီကျောင်းတိုက်၊ မဟာဝိဇိတာရုံကျောင်းဆရာတော် (ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ)၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ချောင်းဝကျောင်းရွာနေခမည်းတော်(ဦးလုံးချေ)-မယ်တော်(ဒေါ်အေးစံ)တို့၏သား ဘဒ္ဒန္တဝဏ္ဏိသရ သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၆)နှစ် အရှင်သူမြတ်ကြီးသည် (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ရက်) ၃၀-၁-၂၀၁၆ (စနေနေ့) ည ၁၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ရက်) ၃-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့် သံဃာအပေါင်းနှင့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ဈာပနဖြစ်မြောက်ရေးကော်မတီ

**ခရစ်တော်၌အိပ်ပျော်ခြင်း**
### ဖီးဖီးနော်သိန်းတင် (၉၆)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ သူဌေးကုန်းလမ်း၊ အမှတ်(၂၇)နေ (စောဘသိန်း-နော်ချိုချို)တို့၏သမီး၊ (စောဖိုးတုတ်-နော်စိန်ပွင့်)တို့၏သမီးချွေးမ၊ (စောအောင်တင်ကြီး-နော်တေး)တို့၏ အစ်မ၊စောထဲနယ်၊ Rev. Dr.စောခရီးနာ-နော်သတိုဖော၊ တွဲဖက်ပါမောက္ခ Dr.စောအီမာ-နော်ဂျိုးအဲနာ၊ (စောထွန်းနိုင်)-မမြင့်ဆွေတို့၏မိခင်၊ နော်မိုးပွင့်ဖြူ၊ စောအယ်တာတော၊ စောစေးလွယ်၊ နော်ဆုမြတ်နိုင်တို့၏ဖီးဖီး၊ (စောလှမောင်)၏ချစ်ဇနီး ဖီးဖီးနော်သိန်းတင်သည် ၃၁-၁-၂၀၁၆ရက် နံနက် ၇း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၁၁နာရီတွင် နှစ်ခြင်းခရစ်ယာန်အသင်းချုပ်အောက်မေ့ဘွယ်ခန်းမဆောင်(၁၄၃-မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်)၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးတင်ညွန့် (အုတ်ဖိုမြို့) (၉၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ်(၃၈)နေ (ဦးဌေး-ဒေါ်ကျင်ဖန်)တို့၏ သားကြီး၊ (ဦးလှိုင်ဟင်း-ဒေါ်ကြင်မြိုင်)တို့၏ သားသမက်၊ ဒေါ်ခင်ညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကြည်ဝမ်း-ဒေါက်တာလှလှဌေး၊ ဒေါ်မေရီဆွေ၊ (ဦးစိန်ဝင်း)-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးစန်းလွင်၊ ဒေါ်ဖြူဖြူဝင်း၊ ဦးညီညီလွင်-ဒေါ်အေးအေးမြင့်တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉း၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်စန်းခင်(မငေး) (၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀/ခ)၊ ဦးရွှေစိုးလမ်း၊ မကျည်းတန်းတောင် အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးရွှေထွန်း-ဒေါ်ပု)တို့၏သမီး၊ ဦးလှမြင့်၏ချစ်လှစွာသောဇနီး၊ ဒေါ်မြင့်မြင့်သိန်း(အထက-၅၊ အလုံ)၊ ဦးမျိုးသိန်း-ဒေါ်ခင်ခင်သော်၊ ဦးညွန့်ဆွေ-ဒေါ်ခင်မေဦးတို့၏မိခင်၊ မယုယုဝေ၊ မောင်အောင်ပြည့်ဖြိုးတို့၏အဘွားသည် ၃၀-၁-၂၀၁၆(စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးအထူးကုဆောင်၌ ကွယ်လွန်သွားပါသဖြင့်၁-၂-၂၀၁၆(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေ မျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးငွေနှင်း(ခ)ဦးစိန်ဝင်း(မြင်းခြံ) (၇၄)နှစ်
**စိုက်ပျိုးရေး(ငြိမ်း)**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နေ (ဦးဘမှိ-ဒေါ်ဖွားခင်)တို့၏သား၊ (ဦးအောင်ဂျမ်း-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၂)လမ်း၊ အမှတ်(၃၆/က)နေ ဒေါ်ခင်အုန်းကြင်၏ ခင်ပွန်း၊ ဒေါက်တာအောင်ဆန်းလင်း-ဒေါက်တာကေသီနှင်း(သင်္ချာဌာန၊ မြင်းခြံဒီဂရီကောလိပ်)၊ ဦးနိုင်ဇော်မိုး-ဒေါက်တာနန္ဒာနှင်း(သင်္ဃန်းကျွန်းစံပြဆေးရုံကြီး)တို့၏ဖခင်ကြီး၊ မောင်သစ်ဆင်း၊ မောင်အောင်နန္ဒတို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၃၁-၁-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၇း၂၀နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [၄-၂-၂၀၁၆(ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးဘုန်းမြင့် (၅၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ အမှတ် (၂၅/ဘီ)၊ ငွေအိမ်စည်သက်န်းတိုက်နေ (ဦးရဲမြင့်-ဒေါ်မြရီ)တို့၏သား၊ ဖျာပုံမြို့နေ (ဦးကြီးစိန်-ဒေါ်ကျင်မြ)တို့၏သားသမက်၊ မောင်နိုင်မင်းဦး၏ဖခင်၊ ဒေါ်တင်တင်စိန်၏ခင်ပွန်းသည် ၃၀-၁-၂၀၁၆ (စနေနေ့) နံနက် ၁၁း၁၅ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကိုချိုလွင် (KCL) (၅၂)နှစ်
**B.Sc (maths);Dip: in French (UFL)**
**(Sweet & Smart) Fashion Collection**

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့နေ (ဦးစံဝ-ဒေါ်သိန်းခင်)တို့၏သား၊ (ဦးထွန်းရင်)-ဒေါ်ကျင်ယုံတို့၏ တူ/သား၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ဝေ၊ (ကိုဝင်းမြင့်)၊ (ကိုချိုတူး)တို့၏ ညီ/မောင်၊ ကိုဝင်းမော်၊ ကိုဇော်မိုးလွင်တို့၏အစ်ကို၊ Designer မင်းသက်စံနှင့် (Sweet & Smart) Fashion Collection တို့၏ကျေးဇူးရှင် ကိုချိုလွင်သည် ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇း၃၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [အမှတ်(၂၅၆)၊ (၃)ရပ်ကွက်၊ (၁၂)လမ်း၊ တောင်ဥက္ကလာပနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

# ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ

မင်္ဂလာပါတပည့်တို့။ ဒီကနေ့ ဆွေးနွေးမှာကတော့ ၂၀၁၆ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာနဲ့ သတိပြုရမယ့် အချက်အလက်တွေပဲ ဖြစ်ပါတယ်။

ပထမဦးစွာ ဓာတုဗေဒမေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေမှုတို့ကို ရှင်းပြလိုပါတယ်။ မေးခွန်းဟောင်းပုံစံအရ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီး အပိုင်း (၂) ပိုင်း ပါဝင်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE / FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ် (၁) မှ နံပါတ် (၄) အထိ ၁ မှတ်တန်မေးခွန်း (၇) ပုဒ်စီ မေးထားပါတယ်။ နံပါတ် (၅) မှာ ၁ မှတ်တန် Definition (၈) ပုဒ် မေးထားတဲ့အတွက် စုစုပေါင်း (၃၆) မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ short question ဆိုတဲ့ (၂) မှတ်တန် မေးခွန်း(၆) ပုဒ်ကို နံပါတ်(၆) မှာ မေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ်(၇)မှာတော့ Medium question ဖြစ်တဲ့ (၄)မှတ်တန်မေးခွန်း (၈)ပုဒ်မေးပြီး (၅)ပုဒ်၊ နံပါတ် (၈) မှာတော့ (၈)မှတ်တန် (၈)ပုဒ်မေးပြီး (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း (၁၀၈) မှတ် ထဲက (၆၄) မှတ်ဖိုး၊ စုစုပေါင်း အမှတ်(၁၀၀) ဖိုး ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်း (၁) မှ (၅) အထိဟာ အခန်းတိုင်းနဲ့ သက်ဆိုင်တဲ့အတွက် ဒီမေးခွန်းတွေ ဖြေဆိုတဲ့အခါမှာ သတိပြုရမယ့်အချက်တွေကို ဦးစွာရှင်းပြပါမယ်။

မေးခွန်း (၁) အမှား၊ အမှန် ရွေးချယ်စေတဲ့မေးခွန်းမှာ အဖြေကို T (သို့) F လို့မရေးဘဲ TRUE (သို့) FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ပြည့်ရနိုင်မှာဖြစ်ပါတယ်။

မေးခွန်း (၂) ကွက်လပ်ဖြည့်တဲ့မေးခွန်းဖြေရာမှာ စာလုံးပေါင်းမှန်ရမယ့်အပြင် ပြည့်စုံရပါမယ်။ ဥပမာ (၁) …… is the purest form of industrial iron. ဆိုတဲ့ မေးခွန်းရဲ့ အဖြေဟာ Wrought iron ဖြစ်ရမယ့်အစား Rought iron (သို့) Wrought ion (သို့) wrought iron လို့ဖြေရင် မှားပါတယ်။ စာကြောင်းရဲ့အစဖြစ်လို့ capital letter နဲ့လည်း ဖြေရပါမယ်။

မေးခွန်း (၃) ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ တိကျဖို့လိုပါတယ်။ အဖြေမှန်တစ်ခုထက် ပိုဖြေမိရင်လည်းကောင်း၊ အဖြေမှန် (၂)ခုကို တစ်ခုတည်းဖြေရင်လည်းကောင်း အမှတ်မရနိုင်ပါဘူး။ ဥပမာ (၂) Effect of pressure on [solids; liquids; gases] is negligible. ဆိုတဲ့မေးခွန်းအတွက် solids နဲ့ liquids လို့ဖြေမှ အမှတ်ပြည့်ရနိုင်ပါမယ်။

မေးခွန်း (၄) List A နဲ့ List B ပါအကြောင်းအရာကို ယှဉ်တွဲခြင်းမေးခွန်းအတွက် ပုဒ်ခွဲနံပါတ်အပြင် စာသားများအားလုံး အပြည့်အစုံဖော်ပြဖြေဆိုရပါမယ်။ ပုဒ်ခွဲနံပါတ်အက္ခရာ (a), (b), (c)... နဲ့ ပုဒ်ခွဲ နံပါတ် (i), (ii), (iii) ... တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမယ်ဆိုရင် အမှတ်မရနိုင်ပါဘူး။ တစ်စုံမှားတွဲရင် နောက်တစ်စုံဟာ အလိုလိုအတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် ဖြေဆိုရာမှာ သေသေချာချာစဉ်းစားပြီးမှ ယှဉ်တွဲပေးဖို့လိုပါတယ်။

နံပါတ် (၁) မှ (၄) အထိ Objective types မေးခွန်းတွေကို အမှတ်ပြည့်ရအောင် ဖတ်စာအုပ်တစ်အုပ်လုံးကို နှံ့နှံ့စပ်စပ်သိမှ ဖြေနိုင်မှာဖြစ်ပါတယ်။

မေးခွန်း (၅) မှာ (၁) မှတ်တန် Definition တွေ (၈) ပုဒ် ပါပါတယ်။ Definition ကို စာသားနဲ့ပဲ ဖြေဆိုရပါမယ်။ အကြောင်းအရာချင်းတူနေလျှင်ဖြစ်စေ၊ အဓိပ္ပာယ်ပြောင်းလဲမှုမရှိလျှင်ဖြစ်စေ မည်သည့် Definition ကိုမဆို ဖြေဆိုလို့ရပါတယ်။

ဥပမာ (၄) Avogadro's number ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ "The number of carbon atoms present in 12 g of $12_C$. (OR) The number of particles present in 12 g of $12_C$. (OR) The number of atoms present in the relative atomic mass is the same for all elements. The numerical value of this number is known as Avogadro's number." လို့ ဖြေဆိုနိုင်ပါတယ်။

အခုဆက်လက်ပြီး Section-B မေးခွန်း (၆) မှ (၈) အထိ ဖြေဆိုတဲ့အခါမှာ Chapter အလိုက် သတိပြုရမယ့်အချက်တွေကို ပြောပြပါမယ်။ ဒီ Section-B မှာ definition, law, explanation မေးရင် (၂)မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေပါ ထည့်ဖြေရပါမယ်။ ဥပမာ (၅)- State the Boyle's law အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အပြင် Mathematical expression ကိုပါ ဖြေဆိုရပါမယ်။

Chapter (1) The Electronic Structures of Atoms, Periodic Table and Chemical Bonds အခန်းမှာ ဒြပ်စင်တစ်ခုရဲ့ အက်တမ်တစ်ခုမှာပါတဲ့ p, ē, n အရေအတွက်ကို တွက်တတ်ရမယ်။ ပါဝင်တဲ့ ē တွေရဲ့ တည်ဆောက်ပုံအမျိုးမျိုး Electronic structures, Complete electronic structures နဲ့ Essential electronic structures၊ ဒီဒြပ်စင်ရဲ့ Periodic Table ရှိတည်နေရာ၊ ဒီဒြပ်စင်ရဲ့ valency, type of element တွေကို ရှာတတ်ရမယ်။ ဒြပ်စင်အချင်းချင်းပေါင်းစပ်တဲ့အခါ ဖြစ်လာမယ့် ဓာတ်စည်းအမျိုးအစား၊ ဒီဖြစ်လာတဲ့ ဒြပ်ပေါင်းရဲ့ electron dot – cross structure တွေကို ရေးတတ်ဖို့လိုပါတယ်။ octet rule ကိုလိုက်နာတဲ့ ဒြပ်ပေါင်းရှိသလို သွေဖည်တဲ့ ဒြပ်ပေါင်းတွေလည်းရှိတယ်ဆိုတာ သိထားရမယ်။ အဲဒီဒြပ်ပေါင်းတွေရဲ့ ē dot-cross structure တွေကို လေ့ကျင့်ထားဖို့ လိုအပ်ပါတယ်။

ဥပမာ (၆) $_9F$ အတွက်ဆိုရင် Electronic structure ဟာ 2.7 ပဲရေးရေး၊ $1s^2\ 2s^2\ 2p^5$ လို့ပဲ ရေးရေး၊ Complete electronic structure ဆိုရင်တော့ $1s^2\ 2s^2\ 2p^5$ လို့ sub-shell တွေနဲ့ အပြည့်အစုံရေးရမယ်။ Essential electronic structure ဆိုရင် outermost shell $2s^2\ 2p^5$ ကိုပဲ ရေးရမယ်။ position ကတော့ Period 2, Group VIIB ဖြစ်ပြီး Valency 1 ဖြစ်တယ်။ type of element ဆိုရင် broken line ရဲ့ညာဘက် p-block element ဖြစ်လို့ non-metal ဖြစ်ပြီး Halogen လည်းဖြစ်တယ်။ ဒီဒြပ်စင် F ဟာ Na metal နဲ့ ပေါင်းစပ်တဲ့အခါ ionic bond ပဲ ဖြစ်မယ်။ ē dot-cross structure ကိုလည်း ရေးတတ်ရမယ်။

ခြွင်းချက်အနေနဲ့ Al ဟာ dark line ရဲ့ ဘယ်ဘက်မှာရှိပြီး p-block element ဖြစ်ပေမယ့် metal ဖြစ်တယ်၊ metal နဲ့ non-metal ပေါင်းရင် ionic bond ဖြစ်တယ်ဆိုပေမယ့် Al metal နဲ့ Cl non metal ပေါင်းရင် covalent bond ဖြစ်တယ်။ ဒါ့အပြင် alkaline earth metal ဖြစ်တဲ့ Be နဲ့ non-metal Cl ပေါင်းရင်လည်း covalent bond ပဲဖြစ်တယ်ဆိုတာတွေကို သတိထားရလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ionic bond, covalent bond ဖြစ်နိုင်မှုဟာ ပေါင်းစပ်တဲ့ atom နှစ်ခုရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှု (electronegativity difference) အပေါ်မှာ မူတည်လို့ပဲ။ ဥပမာ- AlF3 မှာ Al နဲ့ F ဟာ ionic bond ဖြစ်ပြီး $AlCl_3$ မှာ Al နဲ့ Cl ဟာ covalent bond ဖြစ်တယ်။ Al နဲ့ F ရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှုဟာ 1.5 ထက်ကြီးပြီး Al နဲ့ Cl ရဲ့ လျှပ်စစ်ဓာတ်မဆွဲအားခြားနားမှုဟာ 1.5 ဖြစ်တဲ့အတွက်ကြောင့်ဖြစ်တယ်။ Ionic compounds နဲ့ Covalent compounds တွေရဲ့ ခြားနားချက်တွေကိုလည်း သိထားရမယ်။

နောက်တစ်ခုကတော့ molecule တစ်ခုတည်းရှိ atom ပေါ်မှာ lone pair ē ရှိပြီး ဒီပစ္စည်းက ē deficient molecule နဲ့ ပေါင်းစပ်ရင် co-ordinate bond ဖြစ်ကြောင်း သိထားရမယ်။ ဥပမာ (7) $NH_3$ ရဲ့ nitrogen atom မှာ lone pair ē ရှိပြီး $BF_3$ ရဲ့ B atom မှာ ē ၈ လုံးပြည့်ဖို့ (၂) လုံး လိုနေတာကြောင့် ယင်းဒြပ်ပေါင်း (၂) ခု ပေါင်းစပ်ရင် nitrogen က lone pair ē စုံကိုပေးပြီး အဲဒီ ē စုံကို N နဲ့ B တို့ဟာ ဖက်စပ်သုံးကြတယ်။ ဒါကြောင့် co-ordinate bond ကို Special type of covalent bond လို့ခေါ်တယ်။

Periodic table ရဲ့ group နဲ့ period အလိုက် Periodic properties တွေဖြစ်တဲ့ atomic size, ionization energy, electron affinity, electronegativity နဲ့ electropositivity တွေ ပြောင်းလဲမှုကို လေ့လာတဲ့အခါ Atomတွေရဲ့ size ဟာ အုပ်စုတစ်ခုတည်းမှာ အပေါ်မှ အောက်သို့သွားရင် အရွယ်ကြီးလာပြီး အပိုင်းတစ်ခုတည်းမှာ ဘယ်ဘက်မှ ညာဘက်သို့ သွားရင် အရွယ်ငယ်သွားတာကို တွေ့ရပါမယ်။ Ionization energy နဲ့ electron affinity ကတော့ atomic size နဲ့ ပြောင်းပြန်ပြောင်းလဲခြင်းဖြစ်တာကို တွေ့ရပါမယ်။ period တစ်ခုတည်းမှာ ဘယ်ဘက်မှ ညာဘက်သို့သွားရင် electropositivity နည်းသွားပြီး electronegativity တိုးလာတာကို တွေ့နိုင်ပါတယ်။

ဒါပေမယ့် ခြွင်းချက်တော့ရှိပါတယ်။ Period 2 ထဲမှာ $_4Be$ ရဲ့ ionization energy က $_5B$ ထက်များနေပြီး $_7N$ ရဲ့ ionization energy ဟာ $_8O$ ထက်များနေတဲ့အကြောင်းတွေက Be မှာ fully filled 2s sub-shell ရှိပြီး N မှာတော့ half filled 2p sub-shell ရှိနေလို့ပါပဲ။ ဒါကြောင့် Be နဲ့ N ကတည်မြဲတယ်။ ē ကိုထုတ်ဖို့မလွယ်ဘူး။ စွမ်းအင်အများကြီးလိုတယ်။ ဒါကြောင့် ionization energy ကြီးတာပေါ့။ Group VII B, halogens တွေထဲမှာ $_9F$ ရဲ့ electron affinity က $_{17}Cl$ ထက်ငယ်နေတဲ့အကြောင်းကတော့ F atom ဟာ အလွန်သေးငယ်တဲ့အတွက် ဝင်လာတဲ့ ē ကို F atom မှာရှိပြီးသား ē (9) လုံးက ပြင်းထန်စွာတွန်းကန်ကြတဲ့ F atom ရဲ့ anomalous behaviour ကြောင့်ဖြစ်တယ်။

Periodic table ထဲမှာ ionization energy အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုရှိသလို electron affinity အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုလည်း ရှိပါတယ်။ group IA (alkali metals) ဟာ ionization energy ရော electron affinity ပါ အနည်းဆုံးရှိပါတယ်။ Group IA metals တွေရဲ့ အပြင်ဘက်ဆုံးအခွံမှာ electron တစ်လုံးတည်းရှိနေတာကြောင့် စွမ်းအင်အနည်းဆုံးသုံးပြီး electron ကို လွယ်ကူစွာဖယ်ထုတ်နိုင်တဲ့အတွက် ionization energy နည်းပါတယ်။ electron affinity အတွက်ဆိုရင်လည်း အဲဒီ electron တစ်လုံးကို ကောင်းစွာထိန်းချုပ်မထားနိုင်တဲ့အတွက် နောက်ထပ် electron တစ်လုံးထပ်ထည့်ဖို့ ခက်ခဲတဲ့အတွက် ထွက်ပေါ်လာတဲ့ energy က နည်းသွားရခြင်းဖြစ်ပါတယ်။ Group 0 (noble gases) မှ element တွေဟာ တည်မြဲတဲ့ electron တည်ဆောက်ပုံ ပိုင်ဆိုင်ထားတဲ့အတွက် အပြင်ဆုံးအခွံမှ ē တစ်လုံးဖယ်ဖို့ခက်ပြီး စွမ်းအင်များများသုံးရလို့ ionization energy များရခြင်းဖြစ်တယ်။ group VII B (halogens) မှ element များမှာတော့ အပြင်ဘက်ဆုံးအခွံမှာ ē (7) လုံးရှိကြပါတယ်။ နောက်ထပ် ē တစ်လုံးထပ်ထည့်လိုက်ရင် noble gases တွေရဲ့ ē တည်ဆောက်ပုံဖြစ်သွားကြလို့ ē ထည့်ဖို့လွယ်ကူပြီး electron affinity များရခြင်းဖြစ်တယ်ဆိုတာ နားလည်ဖို့လိုအပ်ပါတယ်။

အခန်း (၂) မှာတော့ ဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့နိယာမတွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် mathematical expression, mathematical formula / equation, constant terms, measurable quantities နဲ့ units တွေပါသိထားဖို့လိုအပ်ပါတယ်။ Law နဲ့ပတ်သက်တဲ့ပုစ္ဆာတွေ တွက်တဲ့အခါမှာလည်း အသုံးပြုရမယ့် gas aw equation နဲ့ unit များကို မှန်ကန်စွာ ရေးတတ်ဖို့ လိုပါတယ်။ unit များမလိုပါက မထည့်မိဖို့ သတိထားရပါမယ်။ Law တွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (သို့) mathematical expression/ formula ပေးပြီး Law အမည်ကို ပြန်ရေးတဲ့အခါ အပြည့်အစုံဖော်ပြရပါမယ်။ Mathematical expression နဲ့ mathematical equation မတူတာ သေချာသိထားဖို့ လိုပါတယ်။

ဒီအခန်းမှာပါတဲ့ gas Laws တွေကို Table 1 မှာ စုစည်းဖော်ပြထားပါတယ်။

ဒါ့အပြင် ဓာတ်ငွေ့ one mole ရဲ့ mass နဲ့ one molecule ရဲ့ mass တွေကို ခွဲခြားတတ်ရမယ်။ One mole of $H_2$ ရဲ့ mass ဆိုရင် 2 g ဖြစ်ပြီး one molecule of $H_2$ ရဲ့ mass ဆိုရင် 2 amu ဖြစ်တယ်ဆိုတာ သိရမယ်။

Chapter (3) Stoichiometry မှာတော့ ဓာတ်ပြုခြင်းတစ်ခုမှာပါတဲ့ ဓာတ်ပြုပစ္စည်း/ ဓာတ်ဖြစ်ပစ္စည်းတို့ရဲ့ပမာဏတွေကို law of conservation of mass, relative masses of atoms, the concept of the mole အစရှိတဲ့ ဓာတုနိယာမ၊ စည်းမျဉ်းတွေအပေါ် အခြေခံပြီး တွက်ချက်ရတာတွေပါပါတယ်။ ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းတွေရဲ့ formula mass/ formula weight, % composition တွေကိုလည်း တွက်တတ်အောင် လေ့ကျင့်ထားရပါမယ်။ ဓာတ်ပစ္စည်းများရဲ့ molecular mass (formula mass), relative molecular mass နဲ့ molar mass တွေကို တွက်ချက်ခြင်း၊ ဓာတ်ပစ္စည်းတွေရဲ့ ပမာဏကို mole (သို့) millimole နဲ့ တွက်ချက်ခြင်းတို့ကို သိရှိနားလည်ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုမှာပါဝင်တဲ့ ဓာတ်ပြုပစ္စည်းများအနက် ဓာတ်ပြုညီမျှခြင်းအရ လိုအပ်တာထက် နည်းပါးစွာပါဝင်နေတဲ့ပစ္စည်းကို limiting substance လို့ ခေါ်ပါတယ်။ အဲဒီဓာတ်ပြုခြင်းကဖြစ်ပေါ်လာတဲ့ ဓာတ်ဖြစ်ပစ္စည်းပမာဏဟာ limiting substance ပေါ်မူတည်နေကြောင်း နားလည်ဖို့ လိုပါတယ်။

Table 1 Summary of Gas Laws

| Law | Constant factors | Variable factors | Mathematical expression | Mathematical equation |
|---|---|---|---|---|
| 1. Boyle's law | mass & T | P, V | $V \propto 1/P$ (or) $P \propto 1/V$ | $P_1V_1 = P_2V_2$ |
| 2. Charles' law | mass & P | V & T | $V \propto T$ | $V_1/T_1 = V_2/T_2$ |
| 3. P-T relationship | mass & V | P & T | $P \propto T$ | $P_1/T_1 = P_2/T_2$ |
| 4. Combined gas law | mass | P, V, T | $V \propto T/P$ | $P_1V_1/T_1 = P_2V_2/T_2$ |
| 5. Gay-Lussac's law of combining volumes of gases | T & P | Volume | - | - |
| 6. Avogadro's theory | T & P | V & no. of molecules | $V \propto n$ | - |
| 7. Dalton's law of partial pressures | T | P | - | $P_{total} = P_1+P_2+P_3+...$ |
| 8. Graham's law of gaseous diffusion | T & P | Rate of diffusion & density of gas | $r \propto 1/(d)^{1/2}$ | $\frac{r_1}{r_2} = \frac{(d_2)^{1/2}}{(d_1)^{1/2}}$ (or) $\frac{r_1}{r_2} = \frac{(M_2)^{1/2}}{(M_1)^{1/2}}$ |

Volumetric analysis (ထုထည်တိုင်းဓာတ်ခွဲခြင်း)မှာ Burette, Pipette, Conical flask တွေသုံးပြီး ပျော်ရည်အချင်းချင်းဓာတ်ပြုခြင်းကို လေ့လာတာဖြစ်ပါတယ်။ Titration, standardization, molarity, molar solution တို့ကို နားလည်ရမယ့်အပြင် equivalence point နဲ့ end point ခြားနားချက်တို့ကိုလည်း သိရှိရမှာဖြစ်ပါတယ်။ ပျော်ရည်များဖြစ်တဲ့အတွက် ယင်းပျော်ရည်များရဲ့ပြင်းအား (molarity) တွက်ချက်ခြင်း၊ စံပျော်ရည် (ပြင်းအားသိပျော်ရည်) ဖျော်ယူခြင်း၊ စံပျော်ရည်များအသုံးပြုပြီး acid-base titration လုပ်ဆောင်နိုင်ခြင်းတို့ကို သိရှိနားလည်ဖို့လိုပါတယ်။ Molarity (concentration) ရဲ့ unit တွေကိုလည်း သတိထားရမယ်။ amount of solute ကို mole နဲ့ပြရင် ထုထည်ကို $dm^3$ နဲ့ ထားရပြီး millimole နဲ့ ပြရင်တော့ Volume ကို $cm^3$ နဲ့ ရေးရမှာဖြစ်တယ်။

Dilution of solution (ပျော်ရည်ရေရောခြင်း) ပုစ္ဆာမျိုးကို တွက်မယ်ဆိုရင် ယင်းပျော်ရည်ထဲမှာရှိတဲ့ total amount of substance (mole or millimole) မပြောင်းမှ M1V1 = M2V2 နဲ့ တွက်လို့ရတယ်ဆိုတာ သတိပြုရပါမယ်။ Titration ပုစ္ဆာတွေတွက်ရင် balanced equation ကို မှန်ကန်အောင်ရေးနိုင်ဖို့ အရေးကြီးပါတယ်။ Chemical formula မှားရင် equation မှားမယ် (သို့) formula မှန်နေပေမယ့် equation ညှိတာမညီခဲ့ရင် mole ratio မှားနိုင်တာကြောင့် ပုစ္ဆာတစ်ပုဒ်လုံး မှားနိုင်တယ်ဆိုတာ အထူးဂရုစိုက်ရပါမယ်။ Molarity ရှာတဲ့အခါ Molarity ပုံသေနည်းကို မှန်ကန်ပြည့်စုံစွာ ရေးပြီးမှ တွက်ရပါမယ်။

Chapter (4) Electrolysis အခန်းကတော့ ပျော်ရည်အခြေအနေအမျိုးမျိုးတို့ကို လျှပ်ခေါင်းတိုင် အမျိုးမျိုးပြောင်းပြီး လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းတွေကို လေ့လာတဲ့အကြောင်းအရာဖြစ်ပါတယ်။ ဒီအခန်းမှာ conductor နဲ့ insulator ခြားနားချက်၊ electrolytes နဲ့ non-electrolytes ခြားနားချက်တွေကို နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ Conductor ဟာ အခဲအခြေအနေဖြစ်စေ၊ အရည်အခြေအနေဖြစ်စေ လျှပ်ကူးနိုင်တယ်။ metallic lattice ထဲမှာ valence ē တွေရှိလို့ဖြစ်တယ်။ Cu, Ag တို့ဟာ solid conductor ဖြစ်ပြီး mercury ကတော့ liquid conductor ဖြစ်တယ်။ Insulator ကတော့ metallic lattice မရှိတဲ့အတွက် လျှပ်မကူးနိုင်ပါဘူး။ ဥပမာ-သစ်သား၊ ရော်ဘာ၊ ပလတ်စတစ်တွေပေါ့။

Electrolyte တွေကတော့ electrovalent compound ဖြစ်ပြီး သူတို့ရဲ့ အခဲရည်ပျော် သို့မဟုတ် ရေမှာဖျော်ထားသောပျော်ရည်မှာ ion တွေ ရွေ့လျားလို့ လျှပ်ကူးနိုင်တယ်။ ဥပမာ-NaCl အခဲရည်ပျော်နဲ့ NaCl ရေပျော်ရည်တွေဖြစ်တယ်။ non-electrolyte တွေက covalent compound ဖြစ်ပြီး molecule တွေဖြစ်တယ်။ ion တွေမပါလို့ လျှပ်မကူးနိုင်ပါဘူး။ ဥပမာ-သကြားပျော်ရည်၊ ယူရီးယားပျော်ရည်တွေပေါ့။

Electrolysis လုပ်ရာမှာ molten salt (အခဲရည်ပျော်)နဲ့ aqueous salt solution (ဆားပျော်ရည်) ဘယ်လိုကွာခြားသလဲဆိုတာ သိထားရပါမယ်။ molten salt မှာ salt မှ ထွက်လာတဲ့ cation တစ်မျိုးနဲ့ anion တစ်မျိုးစီသာပါပြီး aqueous salt solution မှာတော့ အဲဒီ ion များအပြင် ရေမှထွက်လာတဲ့ $H^+$ နဲ့ $OH^-$ ions တွေ ပါလာမယ်ဆိုတာသိရှိထားရပါမယ်။ electrode reaction ရေးရင် ထည့်သွင်းစဉ်းစားရပါမယ်။ ပျော်ရည်အမျိုးမျိုးကို လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းမှရလာတဲ့ ဓာတ်ဖြစ်ပစ္စည်းများဟာ electrochemical series မှာရှိတဲ့ သတ္တုများနဲ့ အုပ်စုများရဲ့တည်နေရာ၊ လျှပ်လိုက်ပစ္စည်းများရဲ့ ပါဝင်ကိန်း၊ လျှပ်ခေါင်းတိုင်များရဲ့

»»» စာမျက်နှာ ၂ သို့

»»» စာမျက်နှာ ၁ မှ

သဘာဝစတဲ့အချက်များက လွှမ်းမိုးနေကြောင်း ရှင်းရှင်းလင်းလင်းသိထားဖို့လိုပါတယ်။

ဒါမှ cathode နဲ့ anode reactions များရေးနိုင်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက cathode မှာ ထွက်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက anode မှာထွက်မယ်ဆိုတာ မှန်ကန်စွာဆုံးဖြတ်နိုင်ပါမယ်။ ဥပမာ- fused (သို့) molten NaCl ဆိုရင် ရေမပါဘူး။ $Na^+$ နဲ့ $Cl^-$ ion တွေပဲရှိတယ်။ ဒါကြောင့် cathode မှာ $Na^+$ ကပ်တင်ပြီး anode မှာ $Cl_2$ gas ထွက်မယ်။ Dilute NaCl ဆားပျော်ရည်ဖြစ်ရင်တော့ $Na^+$, $Cl^-$ အပြင် $H^+$, $OH^-$တို့ကိုပါ စဉ်းစားရမယ်။ electro-chemical series (E.C.S) ရဲ့ position အောက်ဘက်ရောက်လေ discharge ဖြစ်လွယ်လို့ $H_2$ နဲ့ $O_2$ gas တွေထွက်မယ်။ Moderately concentrated NaCl solution ဆိုရင်တော့ concentration effect ကြောင့် anode မှာ $O_2$ မထွက်ဘဲ $Cl_2$ ထွက်မယ်။ Brine (saturated NaCl solution) ကို Pt or graphite electrodes သုံးပြီး electrolysis လုပ်မယ်ဆိုရင်လည်း NaCl ရဲ့ ပြင်းအားများတာကြောင့် concentration effect ရှိတယ်။ Anode မှာ $Cl_2$ ပဲထွက်မယ်။ ဒါပေမယ့် brine ကို graphite anode နဲ့ mercury cathode သုံးပြီး electrolysis လုပ်ရင်တော့ nature of electrode နဲ့ concentration effect တွေပေါ်မှာ မူတည်ပြီး product တွေထွက်မယ်။ Electrolysis products အပေါ်မှာ သက်ရောက်တဲ့ အချက်တွေကို Table (4) မှာ ဖော်ပြထားပါတယ်။

**Table 4 Factors Influencing Electrolysis Products**

| Electrolytes & theirs ions | Electrodes | Reactions at | | Anode product | Cathode product | Deciding factor |
|---|---|---|---|---|---|---|
| | | Anode | Cathode | | | |
| 1) Fused NaCl ($Na^+$, $Cl^-$) | Pt (or) graphite | $2Cl^- \rightarrow Cl_2 + 2\bar{e}$ | $Na^+ + \bar{e} \rightarrow Na$ | $Cl_2\uparrow$ | Na deposited | - |
| 2) Dilute Aqueous NaCl solution ($Na^+$, $Cl^-$, $H^+$, $OH^-$) | Pt (or) graphite | $4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$ | $2H^+ + 2\bar{e} \rightarrow H_2$ | $O_2\uparrow$ | $H_2\uparrow$ | E.C.S. effect |
| 3) Saturated NaCl solution (brine) ($Na^+$, $Cl^-$, $H^+$, $OH^-$) | graphite | $2Cl^- \rightarrow Cl_2 + 2\bar{e}$ | $2H^+ + 2\bar{e} \rightarrow H_2$ | $Cl_2\uparrow$ | $H_2\uparrow$ | Concentration effect |
| | graphite anode & mercury cathode | $2Cl^- \rightarrow Cl_2 + 2\bar{e}$ | $Na^+ + \bar{e} \rightarrow Na$ Na+Hg→Na/Hg | $Cl_2\uparrow$ | sodium amalgam | Nature of electrode & concentration effects |

Faraday's laws တွေကို အသုံးပြုပြီး သတ္တုဒြပ်စင်တွေရဲ့ relative molecular mass၊ cathode ပေါ်မှာကပ်တင်တဲ့ သတ္တုပမာဏ၊ electrolysis လုပ်နေစဉ် ဖြတ်သန်းတဲ့လျှပ်စစ်ပမာဏနဲ့ anode မှာ ထွက်လာတဲ့ဓာတ်ငွေ့ထုထည်တွေကို တွက်ယူနိုင်ပါတယ်။ Electroplating လုပ်ငန်းများဖြစ်တဲ့ ကြေးရည်စိမ်ခြင်း၊ ငွေရည်စိမ်ခြင်းနှင့် ခရိုမီယမ်စိမ်ခြင်းတွေမှာလည်း Faraday's first law သုံးပြီး သတ္တုရည်စိမ်မယ့်ပစ္စည်းပေါ်မှာ ကပ်တင်စေမယ့် သတ္တုပမာဏ၊ လျှပ်စစ်ဖြတ်သန်းစေရမယ့်အချိန်၊ ဖြတ်သန်းရမယ့် လျှပ်စစ်ပမာဏတို့ကို ကြိုတင်တွက်ယူနိုင်ပါတယ်။ ဒ့ါအပြင် electroplating (၃)မျိုးမှာ အသုံးပြုထားတဲ့ electrolytes တွေ၊ anode မှာ သုံးတဲ့ metal တွေ၊ electrode reactions တွေကို Table (5) မှာ လေ့လာနိုင်ပါတယ်။ object ကိုတော့ cathode မှာပဲ ထားရမယ်ဆိုတာ သေချာစွာမှတ်သားထားစေလိုပါတယ်။

**Table 5 Electroplating (for appearance and resistance to corrosion)**

| Name of Electroplating | Electrolytes used | Electrodes used as | | Reactions | |
|---|---|---|---|---|---|
| | | Cathode | Anode | Cathode | Anode |
| (i) Cu plating | $CuSO_4$ soln. | Object (article) | Cu | $Cu^{2+} + 2\bar{e} \rightarrow Cu$ | $Cu \rightarrow Cu^{2+} + 2\bar{e}$ |
| (ii) Ag plating | $KAg(CN)_2$ | Object | Ag | $Ag^+ + \bar{e} \rightarrow Ag$ | $Ag \rightarrow Ag^+ + \bar{e}$ |
| (iii) Cr plating | $Cr_2(SO_4)_3$ in $H_2SO_4$ and water | Steel object | Pb | $Cr^{3+} + 3\bar{e} \rightarrow Cr$ | $4OH^- \rightarrow 2H_2O + O_2 + 4\bar{e}$ |

Chapter (5) Oxidation and Reduction အခန်းမှာတော့ oxidation နဲ့ reduction တွေရဲ့အဓိပ္ပာယ်ကို ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုသတ်မှတ်နိုင်ပါတယ်။ ဒြပ်စင်တွေ၊ ဒြပ်ပေါင်းတွေနဲ့ ions တွေမှာရှိတဲ့ element တွေရဲ့ Oxidation number တွက်ပုံတွက်နည်းကို လေ့ကျင့်ထားရပါမယ်။ Oxidation no. ရေးရင် သင်္ကေတ/သင်္ချာဂဏန်းရဲ့ရှေ့မှာ (+) (-) လက္ခဏာထည့်ပြီး ဖော်ပြရပါမယ်။ Ion တွေရဲ့ charge ကိုရေးရင် သင်္ချာဂဏန်းရဲ့နောက်မှာ လက္ခဏာထည့်ရမယ်။

Oxidizing agent (ဓာတ်တိုးစေသောပစ္စည်း)နဲ့ reducing agent (ဓာတ်လျှော့စေသောပစ္စည်း) ခြားနားချက်တွေကတော့ ē တွေကို လက်ခံတဲ့ပစ္စည်းဟာ Oxidizing agent ဖြစ်ပြီး ē ထုတ်ပေးတဲ့ပစ္စည်းက reducing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်တိုးစေပြီး ကိုယ်တိုင်ဓာတ်လျှော့ရင် Oxidizing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်လျှော့စေပြီး ကိုယ်တိုင်ဓာတ်တိုးရင် reducing agent ဖြစ်တယ်ဆိုတာ သိထားသင့်တယ်။ Oxidizing agent နဲ့ reducing agent တွေ ပေးထားရင်လည်း ရွေးတတ်ရမယ်။

Redox reaction တွေမှာ reducing agent ရှိ ē တွေက oxidizing agent ဆီ ကူးပြောင်းသွားတာကို သဘောပေါက်နားလည်ရမယ်။

Chapter (4) Electrolysis အခန်းမှာတွေ့ခဲ့ရတဲ့ Electrolytic process တွေမှာ Redox reaction တွေ ပါဝင်နေတယ်။ ဓာတ်ဖို ion (cation) တွေက cathode (ဓာတ်မတိုင်)မှာ ဓာတ်လျှော့ခြင်း ဖြစ်ပေါ်ကြပြီးတော့ ဓာတ်မ ion (anion) တွေက anode (ဓာတ်ဖိုတိုင်)မှာ ဓာတ်တိုးခြင်းဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိထားမှ electrode တွေပေါ်မှာဖြစ်ပေါ်တဲ့ half-reaction တွေကို မှန်မှန်ကန်ကန်ရေးနိုင်ပါမယ်။

ဓာတ်တိုးဓာတ်လျှော့ညီမျှခြင်းညှိရာမှာ ညှိပုံ (၂)မျိုး oxidation number method နဲ့ half-reaction method ရှိပါတယ်။ မေးခွန်းမှာ ဘယ်နည်းနဲ့မေးမေး၊ အဆင့်ဆင့်ဖြေဆိုနိုင်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ oxidation number method နဲ့ ဖြေမယ်ဆိုရင် ပေးထားတဲ့ညီမျှခြင်းမှာပါတဲ့ ဓာတ်တိုးဓာတ်လျှော့ဖြစ်တဲ့ element (သို့) ion များအပေါ်မှာ element/atom တစ်လုံးရဲ့ oxidation number ကို ဖော်ပြခြင်း၊ oxidize (-ē) / reduce (+ē) ရေးပေးရခြင်း၊ ē transfer အရေအတွက် (oxidation ဖြစ်တဲ့ atom အတွက် ē ဆုံးရှုံးမှုနဲ့ reduction ဖြစ်တဲ့ atom က ē ရရှိမှု)တွေကို မှန်မှန်ကန်ကန် ရေးပေးရပါမယ်။ ခဲတံနဲ့မရေးမိဖို့လည်း သတိပြုရပါမယ်။ Oxidation number ကို သက်ဆိုင်ရာ အက်တမ်ရဲ့အပေါ်မှာပဲ ရေးခွင့်ရှိပါတယ်ဆိုတာ သေသေချာချာမှတ်ထားပေးဖို့လိုပါတယ်။

Half-reaction method ဆိုရင်တော့ oxidation နဲ့ reduction ဖြစ်တဲ့ half-reaction နှစ်ကြောင်းခွဲရေးပြီး အဆင့်ဆင့်မှန်ကန်စွာ ဖြေဆိုပေးရပါမယ်။ နောက်ဆုံးအဖြေထုတ်တဲ့ညီမျှခြင်းကို အသေးငယ်ဆုံး mole အရေအတွက်နဲ့ ဖော်ပြရမယ်။

Chapter (6) Rates of Reactions and Equilibria အခန်းမှာတော့ ဓာတ်ပြုနှုန်းနဲ့ ဓာတ်ပြုမျှခြေဆိုင်ရာအကြောင်းအရာတွေ ပါပါတယ်။ ဓာတ်ပြုနှုန်းဆိုတာ အချိန်တစ်ယူနစ်အတွင်း ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းများရဲ့ ပြောင်းလဲခြင်းဖြစ်တယ်။ ဓာတ်ပြုနှုန်းနှေးရင် အချိန်ကြာပြီး ဓာတ်ပြုနှုန်းမြန်ရင် အချိန်တိုပါတယ်။ ဒါကြောင့် ဓာတ်ပြုနှုန်းဟာ အချိန်နဲ့ပြောင်းပြန်အချိုးကျတယ်။ လုံလောက်တဲ့စွမ်းအင်နဲ့ ဓာတ်ပြုခြင်းဖြစ်စေမယ့် သင့်လျော်တဲ့အနေအထားမှာ ဓာတ်ပြုပစ္စည်းများ အချင်းချင်းထိတိုက်မှု အကြိမ်များလေလေ ဓာတ်ပြုနှုန်းမြန်လေလေဖြစ်တယ်။

ဓာတ်ပြုခြင်းတစ်ခုရဲ့မြန်ခြင်း၊ နှေးခြင်းအပေါ် သက်ရောက်တဲ့အချက်(၆) ချက်ရှိတယ်။ ဓာတ်ပြုပစ္စည်းများရဲ့ ပါဝင်ကိန်း၊ ဖိအား၊ အပူချိန်၊ ဓာတ်ကူပစ္စည်းများ၊ ရောင်ခြည်နဲ့ ဓာတ်ပြုပစ္စည်းများရဲ့ မျက်နှာပြင်ဧရိယာတို့ ဖြစ်တယ်။

Mg ribbon 1 g နဲ့ 0.5 M HCl တို့ရဲ့ ဓာတ်ပြုနှုန်းဟာ Mg ribbon 1 g နဲ့ 1 M HCl တို့ ဓာတ်ပြုနှုန်းထက် နှေးတာကိုတွေ့ရတယ်။ အဲဒါဟာ effect of concentration of reactants ဖြစ်တယ်။ HCl ရဲ့ ပါဝင်ကိန်းကိုတူအောင်ထားပြီး Mg ribbon အစား powder သုံးရင် ဓာတ်ပြုနှုန်းမြန်တာတွေ့ရပါမယ်။ ဒါက effect of surface area of reactants ဖြစ်ပါတယ်။

Effect of pressure ကတော့ ဓာတ်ပြုခြင်းတစ်ခုတည်းမှာ ဓာတ်ငွေ့များနဲ့သာ သက်ဆိုင်တယ်။ Solids, liquids နဲ့ aqueous solutions များ ပါဝင်ခဲ့ရင် ဖိအားသက်ရောက်မှုမရှိနိုင်ပါ။ သံစလေးတွေဟာ oxygen ၂၀% သာပါတဲ့လေထဲမှာ ဖြည်းညင်းစွာလောင်ကျွမ်းပြီး pure oxygen မှာတော့ မီးပွားများထွက်ပြီး ပြင်းထန်စွာလောင်ကျွမ်းတာကိုတွေ့ရပါတယ်။ oxygen ပါဝင်မှုများလေလေ ယင်းဓာတ်ငွေ့ရဲ့ဖိအားလည်း များလေလေဖြစ်ပြီး ဓာတ်ပြုနှုန်းလည်းမြန်လာတယ်။

Effect of temperature မှာတော့ ဓာတ်ပြုခြင်းများဟာ နိမ့်တဲ့အပူချိန်ထက်မြင့်တဲ့ အပူချိန်မှာ လျင်မြန်စွာ ဓာတ်ပြုနိုင်ကြတယ်။ ဒါကြောင့် ရေခဲသေတ္တာထဲမှာ သိမ်းဆည်းထားတဲ့ အစားအစာတွေဟာ အခန်းအပူချိန်မှာထားတဲ့ အစားအစာတွေထက် ပုပ်သိုးပျက်စီးမှုနှေးတာကို တွေ့နိုင်ပါတယ်။ အပူချိန် ၁၀ ဒီဂရီ မြင့်လာရင် ဓာတ်ပြုနှုန်းဟာ ၂ ဆ ပိုမြန်လာတယ်လို့ဆိုပါတယ်။

Effect of catalysts မှာ positive catalyst နဲ့ negative catalyst (၂)မျိုးရှိတယ်။ $H_2O_2$ ကို $MnO_2$ အပေါ်တစ်စက်ချင်းချလိုက်ရုံနဲ့ ရေနဲ့ အောက်ဆီဂျင်အဖြစ် အမြန်ဆုံးပြိုကွဲသွားနိုင်လို့ $MnO_2$ ဟာ positive catalyst ဖြစ်တယ်။ ဒါပေမယ့် glycerine ကတော့ $H_2O_2$ ပြိုကွဲနှုန်းကို နှေးစေလို့ negative catalyst ဖြစ်တယ်။

Enzyme (biocatalyst) ကို သက်ရှိများရဲ့ တစ်ရှုးများမှာတွေ့ရတယ်။ အစာခြေအင်ဇိုင်းများဖြစ်တဲ့ တံတွေးထဲမှ ptyalin နဲ့ အစာအိမ်အရည်ထဲမှ pepsin enzymes တွေဟာ starch နဲ့ proteins တို့လို မော်လီကျူးကြီးတွေကို ခန္ဓာကိုယ်ဆဲလ်များမှ အသုံးပြုနိုင်တဲ့ sugar လို သေးငယ်တဲ့ မော်လီကျူးများအဖြစ်ခြေဖျက်ရာမှာ လျင်မြန်စေတဲ့အတွက် ယင်းအင်ဇိုင်းများဟာ positive catalysts များဖြစ်ကြတယ်။

Effect of radiation ကို ဓာတ်ပြုခြင်းတချို့မှာ တွေ့နိုင်ပါတယ်။ $H_2$ နဲ့ $Cl_2$ gas တို့ဟာ တောက်ပတဲ့ နေရောင်အောက်မှာ ပြင်းထန်စွာပေါက်ကွဲပြီးဓာတ်ပြုနိုင်တယ်။ အလင်းရောင်စုပ်ယူပြီးမှဖြစ်တဲ့ ဓာတ်ပြုခြင်းကို photo-chemical reaction လို့ခေါ်ပါတယ်။

Chapter (6) ရဲ့ နောက်ပိုင်းက မျှခြေ (equilibrium) အပိုင်းဖြစ်တယ်။ ဓာတ်ပြုခြင်းတစ်ခုမျှခြေရောက်ဖို့ ဒီဓာတ်ပြုခြင်းဟာ အပြန်အလှန်ဓာတ်ပြုခြင်းအမျိုးအစား ဖြစ်ရပါမယ်။ Reversible reaction မှာ ရှေ့သို့ဓာတ်ပြုခြင်း (forward reaction) ဆိုတာ product ဖြစ်တဲ့ဘက်၊ ညာဘက်သို့ သွားခြင်းဖြစ်တယ်။ ရှေ့သို့ ဓာတ်ပြုခြင်းနဲ့ ဆန့်ကျင်ဘက်သွားတဲ့ ဓာတ်ပြုခြင်းကို reverse reaction လို့ခေါ်တယ်။ product တွေပြန်ပြိုကွဲပြီး reactant ပြန်ဖြစ်သွားတာပါ။ မျှခြေရောက်ပြီဆိုရင်တော့ ဓာတ်ပြုခြင်း (၂)ခုလုံးရဲ့ ဓာတ်ပြုနှုန်းကတူသွားပြီး ပါဝင်ပစ္စည်းများရဲ့ ပါဝင်ကိန်းတွေ မပြောင်းတော့ပါဘူး။ ဒါပေမယ့် reaction က ရပ်သွားတာမဟုတ်ဘဲ ရှေ့သို့နဲ့ နောက်ပြန်ဓာတ်ပြုခြင်းတွေဖြစ်နေဆဲပဲ။ ဒါကို dynamic equilibrium လို့ ခေါ်တယ်။ ဒီ dynamic equilibrium ပေါ်ကို သက်ရောက်မှုတွေပေးလိုက်ရင် မျှခြေလားရာပြောင်းလဲပုံကို LeChatelier's principle က ဖော်ပြထားတယ်။

ဒီမျှခြေကိုပျက်စီးစေတဲ့ သက်ရောက်မှု (၃)ခု ရှိပါတယ်။ temperature, pressure နဲ့ concentration တို့ပဲ ဖြစ်ပါတယ်။ မျှခြေကို ရောက်နေတဲ့ ဓာတ်ပြုခြင်းတစ်ခုမှာ အပူချိန်မြင့်လိုက်ရင် အပူစုပ်တဲ့ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပြီး မျှခြေယာယီပျက်သွားပါတယ်။

ထို့နည်းတူပဲ ဖိအားမြှင့်ပေးခဲ့ရင် ဓာတ်ငွေ့ပါတဲ့ဓာတ်ပြုခြင်းတွေမှာ Boyle's law အရ ထုထည် ကျုံ့တဲ့ဘက်ကို ဦးတည်ပြီး ဓာတ်ပြုခြင်းဖြစ်ကာ မျှခြေယာယီပျက်သွားပါတယ်။ ဓာတ်ငွေ့ reactant နဲ့ product တွေရဲ့ mole (သို့) volume တူရင် ဖိအားသက်ရောက်မှုမရှိပါဘူး။ LeChatelier's principle နဲ့ပတ်သက်တဲ့ ပုစ္ဆာတွေကိုလည်း လေ့ကျင့်ထားဖို့လိုပါတယ်။

ပါဝင်ပစ္စည်းများဖြစ်တဲ့ reactant နဲ့ product တွေရဲ့ပါဝင်ကိန်းတွေကို ပြောင်းပေးရင် ပါဝင်ကိန်းများတဲ့ဘက်မှ နည်းတဲ့ဘက်ကို ဦးတည်ပြီးမျှခြေယာယီပျက်သွားပါတယ်။ ဒါပေမယ့် တစ်ချိန်ချိန်မှာ မျှခြေကို ပြန်ပြီးရောက်သွားပါတယ်။ ဒါကြောင့် reversible reaction တွေဟာ အချိန်ဘယ်လောက်ကြာကြာ ဓာတ်ပြုပစ္စည်းကုန်ဆုံးသွားတာမျိုး မရှိပါဘူး။

Chapter (7) မှာတော့ Energy changes in chemical reactions (ဓာတ်ပြုခြင်းများနဲ့ သက်ဆိုင်တဲ့ စွမ်းအင်ပြောင်းလဲခြင်း) တွေကို ဖော်ပြထားပါတယ်။ Energy အမျိုးအစားများနဲ့ ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်ရင် အပူထွက်ခြင်း (သို့) အပူစုပ်ခြင်းအကြောင်းတွေကို တွေ့ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုဖြစ်လို့ ပတ်ဝန်းကျင်ကိုအပူတွေထွက်လာရင် exothermic reactions လို့ခေါ်ပြီး အပူပြောင်းလဲခြင်း $\triangle H^\theta$ တန်ဖိုးကို အနုတ်လက္ခဏာနဲ့ဖော်ပြရတယ်။ အကယ်၍ ဓာတ်ပြုခြင်းတစ်ခုဖြစ်ဖို့ ပတ်ဝန်းကျင်မှ အပူကိုစုပ်ယူရရင် Endothermic reaction လို့ခေါ်ပြီး $\triangle H^\theta$ တန်ဖိုးကို အပေါင်းလက္ခဏာနဲ့ ပြရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်တဲ့အခါ heat absorbed (သို့) heat released ဖြစ်ခြင်းကို constant pressure မှာလေ့လာခဲ့ရင် Enthalpy change ($\triangle H$) လို့ သတ်မှတ်တယ်။ အကယ်၍ standard temperature (25 °C/ 298K ) နဲ့ standard pressure (1 atm/ 760 mmHg) မှာ လေ့လာမယ်ဆိုရင် Standard enthalpy change ($\triangle H^\theta$) ဖြစ်တယ်ဆိုတာ သတိပြုရပါမယ်။ Thermochemical equations တွေကို ရေးသားတဲ့အခါမှာ ဓာတ်ပစ္စည်းတွေရဲ့ အပူပြောင်းလဲခြင်း (အပေါင်း (သို့) အနုတ်လက္ခဏာ)များ၊ physical states တွေကို ထည့်ပေးဖို့ လိုအပ်ပါတယ်။

ဓာတ်ပြုခြင်းအမျိုးမျိုးမှရလာတဲ့ heat change တွေမှာ heat of combustion, heat of formation of a compound နဲ့ heat of neutralization ဆိုပြီး (၃) မျိုးရှိပါတယ်။ ယင်းတို့ရဲ့ symbol တွေ၊ $\triangle H^\theta$ တန်ဖိုးကို (+) (သို့) (-) လက္ခဏာဖော်ပြခြင်းတွေ၊ unit တွေကို ခွဲခြားပြီးမှတ်သားထားရပါမယ်။

Hess's law ပုစ္ဆာတွေနဲ့ပတ်သက်ပြီး သတိထားရမယ့်အချက်တွေကတော့ ပေးထားချက်နဲ့ နောက်ဆုံးအဖြေဟာ heat of formation (သို့) heat of combustion လားဆိုတာကို မေးခွန်းမှာ သေသေချာချာဖတ်ပြီးမှ ဓာတ်ပြုညီမျှခြင်းရေးခြင်း၊ ညှိခြင်း၊ $\triangle H^\theta$ တန်ဖိုးများရေးခြင်းတို့ လုပ်ရပါမယ်။ physical state, heat change ($\triangle H^\theta$) ရဲ့ လက္ခဏာတွေနဲ့ unit များကို ပြည့်ပြည့်စုံစုံထည့်သွင်း ဖော်ပြရပါမယ်။ heat of combustion ဖြစ်တဲ့ element (or) compound က 1 mole သာဖြစ်ရမယ်။ heat of formation ဖြစ်တဲ့ compound က 1 mole ဖြစ်တဲ့အပြင် ယင်း compound မှာပါတဲ့ elements တွေသာ ပေါင်းပြီး ဓာတ်ပြုရမယ် ဆိုတာတွေကို သတိပြုရပါမယ်။

Heat of combustion နဲ့ heat of formation တွေအတွက် unit က $kJmol^{-1}$ ဖြစ်ပြီး heat of formation ကို သင်္ကေတ $\triangle H^\theta_f$ နဲ့ ဖော်ပြရမယ်။ ဓာတ်ပြုညီမျှခြင်းများကို မြှောက်ဖော်ကိန်းတစ်ခုခုနဲ့ မြှောက်လိုက်ရင် unit ဟာ kJ ဖြစ်သွားပြီး မူလအပူတန်ဖိုးပြောင်းလဲသွားပါမယ်။ ဓာတ်ပြုညီမျှခြင်းများကို ပြောင်းပြန်ရေးလိုက်ရင်လည်း heat change ရဲ့ unit မှာ kJ ဖြစ်ပြီး လက္ခဏာပါ ပြောင်းပေးရပါမယ်။ နောက်ဆုံးအဖြေမှာ heat of combustion ဆိုရင် သင်္ကေတက $\triangle H^\theta$ နဲ့ heat of formation ဆိုရင် သင်္ကေတဟာ $\triangle H^\theta_f$ ဖြစ်ပါတယ်။ unit တွေမှာ $kJmol^{-1}$ ဖြစ်ရမယ်ဆိုတာ သေသေချာချာသိထားဖို့ လိုပါတယ်။ heat change ပါတဲ့ thermochemical equation ပေးပြီး ၎င်း equation ရှိ substance တွေရဲ့ mass ကို မေးတဲ့ ပုစ္ဆာတွေကိုလည်း လေ့လာထားရပါမယ်။

Chapter (8) Some important metals and their compounds နဲ့ Chapter (9) Metal reactivity ကတော့ metallurgy (သတ္တုဗေဒ) နဲ့ ပတ်သက်တဲ့အခန်းတွေဖြစ်တယ်။ Metal တွေကို သူတို့ရဲ့ သတ္တုရိုင်း (Ores) တွေမှ ထုတ်ပုံ၊ metal တွေရဲ့ reactivity ပေါ်မူတည်ပြီး ဘယ်သတ္တုတွေကို electrolysis နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို reduction နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို သဘာဝအတိုင်း တွေ့ရှိနိုင်တယ်ဆိုတာကို လေ့လာထားရပါမယ်။

သတ္တုတွေနဲ့ အက်စစ်၊ လေ (အောက်ဆီဂျင်)၊ ရေ၊ ရေငွေ့တို့နဲ့ ဓာတ်ပြုနိုင်စွမ်းသတ္တိတွေကို ဖော်ပြထားတဲ့ reactivity series ကိုလည်း သေသေချာချာသိထားရပါမယ်။ ores တွေနဲ့ ores ထဲမှာ အများဆုံးပါတဲ့ ဒြပ်ပေါင်းတွေရဲ့ အမည်တွေ၊ Chemical formula ၊ သတ္တုရိုင်းမှ သတ္တုထုတ်ဖော်ပုံတွေ၊ ယင်းသတ္တုများပါတဲ့ ဒြပ်ပေါင်းထုတ်ဖော်ပုံတွေ၊ ယင်းတို့ရဲ့အသုံးပြုပုံတွေအပြင် ဓာတ်ပြုညီမျှခြင်းတွေကိုလည်း လေ့လာထားရမှာ ဖြစ်ပါတယ်။

Steel အမျိုးအစား (၅) မျိုး၊ alloys (သတ္တုစပ်များ)နဲ့ ယင်းတို့ရဲ့ composition တွေ၊ properties တွေနဲ့ အသုံးဝင်ပုံတွေကိုလည်း သေသေချာချာသိဖို့လိုပါတယ်။ ပြီးတော့ သံချေးတက်ခြင်းအကြောင်းနဲ့ သံချေးတက်ခြင်းကို ကာကွယ်ခြင်း၊ recycling metals (Al & Fe) အကြောင်းတွေကို လေ့လာထားဖို့ လိုပါတယ်။

Chapter (10) Nitrogen and its compounds, Chapter (11) Sulphur and its compounds နဲ့ Chapter (12) The halogens အခန်းများကတော့ nitrogen ဆိုင်ရာ ဓာတ်ခွဲခန်း ဓာတ်ငွေ့ ($N_2$, $NH_3$, NO, $N_2O$, $NO_2$) ထုတ်ဖော်ပုံ၊ sulphur နဲ့သက်ဆိုင်တဲ့ ဓာတ်ငွေ့($H_2S$, $SO_2$) ထုတ်ဖော်ပုံ၊ halogen များဖြစ်တဲ့ $Cl_2$, $Br_2$, $I_2$ ထုတ်ဖော်ပုံတွေအပြင်၊ ammonia, nitric acid, sulphuric acid, mining sulphur, chlorine အမြောက်အမြားထုတ်ဖော်ပုံတွေကို သိရှိထားရမယ်။ ဓာတ်ခွဲခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေမှာ အညွှန်းမှန်ကန်ပြည့်စုံတဲ့ပုံ၊ မှန်ကန်တဲ့ စာသားညီမျှခြင်းနဲ့ သင်္ကေတညီမျှခြင်း၊ မှန်ကန်တဲ့ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ပြုအခြေအနေ၊ ဓာတ်ငွေ့စုဆောင်းပုံ၊ ဓာတ်ငွေ့ပြည့်မပြည့် စမ်းသပ်နည်း၊ လိုအပ်လျှင် ဓာတ်ငွေ့ကို ခြောက်သွေ့အောင်ပြုလုပ်နည်းတို့နဲ့တကွ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

ဓာတ်ငွေ့စုဆောင်းတဲ့နည်းတွေကိုလည်း သက်ဆိုင်ရာဓာတ်ငွေ့တွေရဲ့ ရုပ်ဂုဏ်သတ္တိတွေနဲ့ ယှဉ်တွဲပြီး မှတ်ထားရပါမယ်။ ထုတ်ယူမယ့်ဓာတ်ငွေ့ဟာ အက်စစ်ဂုဏ်သတ္တိရှိလား၊ ဗေ့စ်ဂုဏ်သတ္တိရှိလား၊ ဂုဏ်မဲ့လား၊ ပျော်ဝင်သတ္တိဘယ်လိုရှိသလဲ၊ လေထက်လေးသလား၊ ပေါ့သလားစတဲ့ ဂုဏ်သတ္တိတွေနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ဓာတ်ငွေ့စုဆောင်းနည်းကို မှန်ကန်စွာရေးရပါမယ်။

ဓာတ်ခွဲခန်းတွေတွင် bromine ထုတ်ဖော်ခြင်းမှာ အရည်အဖြစ်စုဆောင်းလိုတာကြောင့် ရီတော့ပေါင်းအိုးကို သုံးရခြင်းဖြစ်ပါတယ်။ nitrogen, sulphur, halogen တွေနဲ့ဆိုင်တဲ့ ဒြပ်ပေါင်းတို့ရဲ့ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနဲ့ အသုံးဝင်ပုံတွေကိုလည်း သိမှတ်ထားဖို့လိုပါတယ်။

Chapter (13) Acids, Bases and their Neutralization မှာတော့ အဓိပ္ပာယ်ဖွင့်ချက်အမျိုးမျိုး၊ proton လွယ်ကူစွာထုတ်နိုင်မှုအပေါ် အခြေခံတဲ့ strong acid နဲ့ weak acid၊ pure acid ပါဝင်မှု (သို့) solvent ပါဝင်မှုပေါ်အခြေခံတဲ့ concentrated acid နဲ့ dilute acid တို့ရဲ့ ခြားနားမှု၊ conjugate acids နဲ့ conjugate bases တို့ကို Bronsted & Lowry theory အရ ခွဲခြားသတ်မှတ်ခြင်းတို့

»»» စာမျက်နှာ ၃ သို့

# ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

**အခန်း (၈)**

**မတည်ရင်းနှီးငွေ၊ သီးသန့်ရန်ပုံငွေနှင့် အဓိကကျသည့်ပိုင်ဆိုင်မှု**

၃၄။ (က) ဘဏ်များသည် ၎င်းတို့၏မတည်ငွေရင်းကို အောက်ပါအတိုင်းထားရှိရမည်-

(၁) နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသည့် ဘဏ်ဖြစ်လျှင် ယင်း၏ ထည့်ဝင်ပြီး မတည်ငွေရင်းမှာ ကျပ်သန်းနှစ်သောင်း (ကျပ် ၂၀ ဘီလီယံ) အောက် မနည်းရှိခြင်း၊

(၂) နိုင်ငံခြားဘဏ်၏ ဘဏ်ခွဲ သို့မဟုတ် လက်အောက်ခံအဖွဲ့အစည်းဖြစ်ပါက အမေရိကန်ဒေါ်လာ ၇၅ သန်းနှင့် ညီမျှသော ငွေပမာဏအောက်မနည်း မတည်ငွေရင်း ထည့်ဝင်ပြီးဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါမတည်ငွေရင်းကို ဗဟိုဘဏ်ကထုတ်ပြန်သည့် စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း အခါအားလျော်စွာ တိုးမြှင့်နိုင်သည်။

(ဂ) ဘဏ်သည် အသားတင် မတည်ရင်းနှီးငွေကို ဆုံးရှုံးမှုများကြောင့် လျော့နည်းမှုမရှိစေဘဲ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့်သတ်မှတ်ထားသည့် အချိုးအစားအတိုင်း အမြဲထိန်းသိမ်းထားရှိရမည်။

(ဃ) ဤဥပဒေပါရည်ရွယ်ချက်များအတွက် ဘဏ်၏ကနဦးမတည်ရင်းနှီးငွေသည် ထည့်ဝင်ပြီး မတည်ငွေရင်းဖြစ်ရမည်။

(င) ဘဏ်သည် အစုရှယ်ယာ မတည်ငွေရင်းကိုလျှော့ချလိုပါက ဗဟိုဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်ရယူရမည်။

(စ) လက်အောက်ခံ အဖွဲ့အစည်းရှိသော ဘဏ်သည် တလုံးတစည်းတည်းသော မတည်ရင်းနှီးငွေထားရှိမှုကို အခြေခံတွက်ချက်၍ လုံလောက်သော အနည်းဆုံးမတည်ရင်းနှီးငွေ အချိုးပြည့်မီစွာ ထားရှိရမည်။

(ဆ) ဤဥပဒေအလို့ငှာ-

(၁) အဓိကမတည်ငွေရင်း သို့မဟုတ် အလွှာ (၁) မတည်ငွေရင်း (Core capital or Tier 1 Capital) ဆိုသည်မှာ အပြည့်အဝထည့်ဝင်သည့် သာမန်အစုရှယ်ယာများနှင့် ထပ်တိုးစုဆောင်းထားခွင့်မရှိသော သက်တမ်းသတ်မှတ်ထားခြင်းမရှိသည့် ဦးစားပေးအစုရှယ်ယာများ (Perpetual non-cumulative preference shares)၊ မတည်ငွေရင်းမှ ခွင့်ပြုငွေများ (Capital grants) နှင့် ယင်းနှစ်အတွင်း ဆုံးရှုံးငွေများ၊ နာမည်ကောင်းတန်ဖိုး၊ လုပ်ငန်းမလည်ပတ်မီကုန်ကျစရိတ်များ၊ ကြိုတင်ထုတ်ပေးသည့်ကုန်ကျစရိတ်များ၊ ရွှေ့ဆိုင်းထားသည့်စရိတ်များ (deferred charges)၊ ငှားရမ်းခွင့်များ(Leasehold rights) နှင့် ထိတွေ့၍မရသော အခြား ရရန်ပိုင်ခွင့်များကိုနုတ်ပယ်ပြီး အများပြည်သူသို့ ထုတ်ဖော်ကြေညာသော သီးသန့်ငွေများကိုဆိုသည်။

(၂) ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ (၂) မတည်ငွေရင်း ဆိုသည်မှာ အနာဂတ်ဆုံးရှုံးမှုများအတွက် အထွေထွေလျာထားမှုများ၊ လက်ငင်းမဖော်ပြနိုင်သည့် ဆုံးရှုံးမှုများ၊ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများ၊ ရွေးနုတ်နိုင်သော ဦးစားပေးအစုရှယ်ယာများအတွက် လျာထားငွေနှင့်ဗဟိုဘဏ်က အခါအားလျော်စွာသတ်မှတ်နိုင်သည့် အခြားပုံစံတစ်မျိုးမျိုးဖြင့် မတည်ရင်းနှီးငွေတို့ကို ဆိုသည်။

(၃) စုစုပေါင်းမတည်ငွေရင်းဆိုသည်မှာ အဓိကမတည်ရင်းနှီးငွေ (Core Capital) နှင့် ဖြည့်စွက်မတည်ငွေရင်း နှစ်ခုပေါင်းကိုဆိုသည်။

(၄) ဆုံးရှုံးနိုင်ခြေ အလေးပေးတွက်ချက်ထားသော စုစုပေါင်းရရန်ပိုင်ခွင့်များနှင့် လက်ကျန်ရှင်းတမ်း၌မပါဝင်သည့် ရရန်ရှိကြွေးမြီများဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်ထားသည့် နည်းလမ်းဖြင့် ဆုံးရှုံးနိုင်ခြေ ကိုက်ညှိတွက်ချက်ထားသော မတူညီသော ရရန်ပိုင်ခွင့်အမျိုးအစားများနှင့် လက်ကျန်ရှင်းတမ်းတွင် မပါဝင်သည့် ရရန်ရှိကြွေးမြီများကို ဆိုသည်။

၃၅။ (က) ဘဏ်သည် သီးသန့်ရန်ပုံငွေတစ်ရပ်ထားရှိရမည်။ နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို အထွေထွေသီးသန့် ငွေစာရင်းသို့ လွှဲပြောင်းပေးရမည်။ ထိုသို့ လွှဲပြောင်းပေးခြင်းကို ထည့်ဝင်ပြီး မတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသည်အထိ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သည်ဘဏ်၏ နှစ်စဉ် အသားတင်အမြတ်ငွေမှ ယင်း၏သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းပေးရန်မတူညီသော အချိုးတစ်ရပ်ကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

၃၆။ ဘဏ်သည် ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များ အနည်းဆုံး သို့မဟုတ် ပျမ်းမျှအနည်းဆုံးပမာဏကို အမြဲတမ်းဖြစ်စေ၊ သတ်မှတ်ကာလတစ်ရပ်အတွက်ဖြစ်စေ ဗဟိုဘဏ်ကသတ်မှတ်ထားသည့်စည်းမျဉ်းအတိုင်း ထားရှိရမည်။

၃၇။ ဘဏ်သည် ဗဟိုဘဏ်ကစည်းမျဉ်းဖြင့် သတ်မှတ်ထားသည့်အတိုင်း ရရန်ပိုင်ခွင့်များ အနည်းဆုံးပမာဏကို အမြဲထားရှိရမည်။

၃၈။ (က) နိုင်ငံခြားဘဏ်သည် ယင်း၏ဘဏ်ခွဲအတွက် သတ်မှတ်ထားသော အနည်းဆုံးမတည်ရင်းနှီးငွေထားရှိရမည်။ ယင်းပမာဏမှာ နိုင်ငံခြားဘဏ်ခွဲကို ပြည်တွင်းဘဏ်တစ်ခုအဖြစ် တည်ထောင်၍ လိုင်စင်ပေးရာတွင်ထားရှိရမည့် အနည်းဆုံးကနဦးမတည်ငွေရင်း ပမာဏအတိုင်းထားရှိရမည်။

(ခ) နိုင်ငံခြားဘဏ်က မိမိ၏ဘဏ်ခွဲအတွက် ထိန်းသိမ်းထားရှိရမည့် သတ်မှတ်ထားသော မတည်ငွေရင်းကို ဗဟိုဘဏ်ကသတ်မှတ်သည့်ပုံစံနှင့်နည်းလမ်းအတိုင်း ထိန်းသိမ်းထားရှိရမည်။

၃၉။ ဘဏ်သည် -

(က) အမြတ် သို့မဟုတ် အရှုံး တစ်ခုခုကို ကြေညာခြင်းမပြုမီ ထုတ်ချေးငွေများ၊ ကြိုတင်ထုတ်ချေးငွေများနှင့် အခြားရရန်ပိုင်ခွင့်များအတွက် ဆုံးရှုံးနိုင်မှုကိုကာမိစေရန် ကြိုတင်လျာထားချက်များ ပြုလုပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုလုပ်သည့်ထုတ်ချေးငွေများ၊ ကြိုတင်ထုတ်ချေးငွေများနှင့် အခြားရရန်ပိုင်ခွင့်များအတွက် ကြိုတင်လျာထားချက်များကို ဗဟိုဘဏ်ကသတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ လုံလောက်စွာထားရှိရမည်။

**အမြတ်ဝေစုခွဲဝေခြင်း**

၄၀။ (က) ဘဏ်သည် ၎င်း၏အစုရှယ်ယာဝင်များသို့ ၎င်းရရှိသောအမြတ်ငွေများမှ အစုပေါ် အမြတ်ငွေပေးခြင်း သို့မဟုတ် နည်းလမ်းတစ်မျိုးမျိုးဖြင့် ခွဲဝေခြင်းကိုသာပြုလုပ်ရမည်။

(ခ) ဘဏ်သည် ၎င်း၏အစုရှယ်ယာဝင်များအား အစုပေါ် အမြတ်ငွေပေးခြင်း သို့မဟုတ် အမြတ်ခွဲဝေမှု နည်းလမ်းတစ်မျိုးမျိုးကို အောက်ပါအခြေအနေများတွင် ဆောင်ရွက်ခြင်းမပြုရ-

(၁) ရုပ်ဝတ္ထုပုံသဏ္ဍာန်ဖြင့် ရရန်ပိုင်ခွင့်များ၊ မသက်ဆိုင်သည့် ကြိုတင်အသုံးစရိတ်များနှင့် အခြားအသုံးစရိတ်များ အပါအဝင် ၎င်း၏ ငွေလုံးငွေရင်းအသွင်ပြောင်းအသုံးစရိတ်များ အားလုံးကို လုံးဝပယ်ဖျက်မှုမရှိသေးခြင်း၊

(၂) ၎င်း၏ ရရန်ပိုင်ခွင့်များ တန်ဖိုးစုစုပေါင်းသည် ပေးရန်တာဝန် စုစုပေါင်းတန်ဖိုးနှင့် မတည်ရင်းနှီးငွေစုစုပေါင်းတန်ဖိုးထက် လျော့နည်းနေခြင်း၊

(၃) ဘဏ်သည် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သတ်မှတ်ချက်ကိုဖြစ်စေ ချိုးဖောက်ခြင်း။

**ရရန်ပိုင်ခွင့်၊ ပေးရန်တာဝန်နှင့် လျာထားချက်များသတ်မှတ်ခြင်း**

၄၁။ ဗဟိုဘဏ်သည် အောက်ပါတို့ကိုသတ်မှတ်နိုင်သည် -

(က) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစားအလိုက် သို့မဟုတ် အမျိုးအစားအလိုက် အနည်းဆုံးထားရှိရမည့် ရရန်ပိုင်ခွင့်ပမာဏ အမျိုးမျိုး၊

**စာမျက်နှာ ၄ သို့**

**»»» စာမျက်နှာ ၂ မှ**

ပါဝင်ပါတယ်။ Ionic product of water ($K_w$) ရဲ့ mathematical expression, numerical value တို့ကို သိထားရပါမယ်။ အပူချိန်တစ်ခုမှာ $K_w$ တန်ဖိုးကိန်းသေဖြစ်တယ်။ အပူချိန်ပြောင်းရင် $K_w$ တန်ဖိုးပြောင်းတယ်ဆိုတာလည်း သိရမယ်။

ပျော်ရည်တစ်ခုဟာ အက်စစ်လား၊ ဗေ့စ်လားခွဲဖို့ pH နဲ့ pOH ကို အသုံးပြုနိုင်ပါတယ်။ pH တန်ဖိုး 7 ထက်ငယ်ရင်တော့ acid ပျော်ရည်၊ pH တန်ဖိုး 7 ထက်ကြီးရင်တော့ alkali/base ပျော်ရည်များ ဖြစ်တယ်။ pH7 မှာဆိုရင်တော့ ရေသန့် (သို့) ဓာတ်ပြယ်တဲ့ပျော်ရည်ဖြစ်ပါတယ်။ acid တွေရဲ့ ပြင်းအားကို $K_a/pK_a$ နဲ့ ပြနိုင်သလို Base / alkali ပျော်ရည်တွေရဲ့ ပြင်းအားကို $K_b/pK_b$ နဲ့ ဖော်ပြနိုင်ပါတယ်။ ပျော်ရည်တစ်ခုတည်းမှာ $[H^+]$ များမယ်၊ $K_a$ တန်ဖိုးကြီးပြီး $pK_a$ တန်ဖိုးငယ်ခဲ့ရင် acid strength ကောင်းပြီးတော့ $[H^+]$ နည်းမယ်၊ $K_a$ တန်ဖိုးငယ်ပြီး $pK_a$ တန်ဖိုးကြီးခဲ့ရင် acid strength နည်းမယ်ဆိုတာ နားလည်သဘောပေါက်ဖို့ လိုပါတယ်။

ဆားအမျိုးအစား (၄) မျိုးဖြစ်တဲ့ အားပြင်းအက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပြင်းအက်စစ်နဲ့ အားပျော့ဗေ့စ်၊ အားပျော့အက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပျော့အက်စစ်နဲ့ အားပျော့ဗေ့စ်တို့ရဲ့ ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာတွေ ရေးပေးပြီး အကျိုးအကြောင်းဆက်စပ်ဖြေရှင်းတတ်ဖို့ လိုပါတယ်။

Buffer solution နဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ examples နဲ့ ပုစ္ဆာတွေကို မှန်ကန်စွာရေးနိုင်၊ တွက်နိုင်ဖို့လိုပါတယ်။ Buffer ပျော်ရည်များက acid/base အနည်းငယ်ထည့်သော်လည်း ပျော်ရည်တစ်ခုရဲ့ pH ကို ဘာကြောင့် မပြောင်းအောင်ထိန်းနိုင်တာလဲဆိုတာ ရှင်းလင်းချက်ကို သိထားဖို့ လိုပါတယ်။ Buffer solution ပုစ္ဆာတွက်တဲ့အခါ အက်စစ်ပျော့တွေရဲ့ ပြိုကွဲမှုကို အပြန်အလှန်ညီမျှခြင်း၊ ဆားတွေရဲ့ပြိုကွဲမှုကို တစ်ဖက်သွားညီမျှခြင်း၊ concentration ကို square bracket, [ ] နဲ့ ဖော်ပြရပြီး unit ကို M (သို့) mol $dm^{-3}$ နဲ့ဖော်ပြခြင်း၊ pH, pOH, $pK_a$ နဲ့ $pK_b$ တို့မှာ unit ဖော်ပြရန် မလိုအပ်ခြင်းစတဲ့ သတိထားရမယ့်အချက်တွေကို နားလည်ဖို့လိုအပ်ပါတယ်။ acid, base တွေရဲ့ pH, pOH, $[H^+]$, $[OH^-]$, $pK_a$, $pK_b$ ရှာတဲ့ပုစ္ဆာတွက်တွေကိုလည်း mathematical formula တွေ မှန်ကန်စွာရေးပြီး တွက်နိုင်ရပါမယ်။

Chapter (14) Organic Chemistry အခန်းမှာတော့ alkane, alkene, alkyne နဲ့ alcohol တွေကို ပါဝင်တဲ့ carbon လုံးရေအလိုက် graphic structure, molecular structure နဲ့ molecular formula ရေးပုံ၊ Isomer တွေရဲ့ တည်ဆောက်ဖွဲ့စည်းပုံ၊ ယင်းတို့ကို trivial နဲ့ IUPAC system တွေနဲ့ အမည်ပေးပုံ၊ ယင်း H/C ဒြပ်ပေါင်းတွေကို ဓာတ်ခွဲခန်းမှာ ထုတ်ယူနည်းများနဲ့ ယင်းတို့ရဲ့ ဂုဏ်သတ္တိတွေ လေ့လာထားရပါမယ်။ ယင်းဒြပ်ပေါင်းများထုတ်ယူနည်းနဲ့ ဂုဏ်သတ္တိတွေထဲပါတဲ့ အမည်ရှိဓာတ်ပြုခြင်းတွေ၊ ဒြပ်ပေါင်းတစ်ခုမှတစ်ခု ပြောင်းလဲခြင်းတွေ၊ ညဏ်စမ်းပုစ္ဆာတွေ၊ ခွဲခြားခြင်းတွေကို သေသေချာချာ လေ့ကျင့်ထားရမယ်။ ခွဲခြားခြင်းတွေမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkynes အချင်းချင်း ခွဲခြားတတ်အောင်၊ ခွဲခြားရာမှာ မျက်စိဖြင့်မြင်ရပြီး သိသာထင်ရှားတဲ့အရောင်ပြောင်းလဲမှု၊ အနည်ကျမှုတို့ပါတဲ့ ဓာတ်ပြုခြင်းတွေကိုသာ အသုံးပြုရပါမယ်။

နောက်ထပ်သတိပြုရမယ့်အချက်ကတော့ ဓာတ်ပြုညီမျှခြင်းများကို ရေးရင် အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့ အမည်၊ ဓာတ်ပြုအခြေအနေ အပြည့်အစုံထည့်ရေးပေးဖို့လိုအပ်ပါတယ်။

Petroleum industry and petrochemicals အကြောင်းနဲ့ပတ်သက်ပြီး non-renewable energy များဖြစ်တဲ့ fossil fuels (crude oil, natural gas, coal) ဖြစ်ပေါ်ပုံ၊ renewable energy များဖြစ်တဲ့ biodiesel & biogas, crude oil ကို fractional distillation နည်းစဉ်ဖြင့် သန့်စင်ခြင်း၊ ယင်းနည်းစဉ်ဖြင့် ရလာတဲ့ H/Cs နဲ့ ယင်းတို့ရဲ့ အသုံးဝင်ပုံ၊ kerosene, diesel တို့ကို catalytic cracking နည်းစဉ်သုံးပြီး gasoline ပြောင်းလဲနိုင်ပုံ၊ gasoline(liquid fuel) ရဲ့ flash point နဲ့ ignition temperature ခြားနားချက်တွေကို သိထားဖို့လိုပါတယ်။

အစားထိုးလောင်စာဆီများဖြစ်တဲ့ methanol မှ ထုတ်ယူရရှိတဲ့ gasoline, diesel, LPG, CNG, biodiesel, biogas တွေရဲ့ အကြောင်းအရာများကို လေ့လာမှတ်သားထားဖို့ လိုပါတယ်။ ဒါ့အပြင် transesterification နည်းစဉ်ဖြင့် biodiesel ထုတ်ယူခြင်း၊ anaerobic fermentation နည်းဖြင့် biogas ထုတ်ယူခြင်း၊ ကျောက်မီးသွေးဖြစ်စဉ်အမျိုးမျိုးနဲ့ ကျောက်မီးသွေးမှ ရနိုင်တဲ့ Chemicals တွေအကြောင်း၊ အဲဒီ Chemical တွေရဲ့ အသုံးဝင်ပုံ၊ crude oil, diesel, LPG, CNG, biodiesel, biogas, zeolite, coal နဲ့ coal gas တွေမှာ အဓိကပါတဲ့ elements တွေနဲ့ compounds တွေကို သိရှိထားရပါမယ်။

နောက်ဆုံး Chapter (15) Chemistry in Society ဆိုတဲ့လူနေမှုဘဝနဲ့ ဓာတုဗေဒဘာသာရပ်တို့ ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းမှာတော့ အပင်တွေကြီးထွားဖို့လိုအပ်နေတဲ့ elements အကြောင်းတွေ၊ အပင်တွေ အသက်ရှင်နေနိုင်ဖို့ လိုအပ်တဲ့ သကြားဓာတ်ကို photosynthesis မှရရှိပုံ၊ သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာတို့ဟာ အပင်တွေရဲ့ အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကို အားပေးပုံ၊ insecticides အမျိုးအစားတွေနဲ့ အပင်ကြီးထွားမှုကိုအားပေးတဲ့ growth substances တွေအပြင် cement ထုတ်ဖော်ပုံအဆင့်ဆင့်၊ cement ထုတ်ဖော်ရာမှာ သုံးတဲ့ကုန်ကြမ်းပစ္စည်းတွေ၊ Plaster of Paris မှာ ပါတဲ့ composition၊ ထုတ်ဖော်ပုံနဲ့ ဂုဏ်သတ္တိတွေ၊ ပင်လယ်ရေထဲမှာပါဝင်တဲ့ ဆားများနဲ့ ပင်လယ်ရေမှ ဆားထုတ်ဖော်နည်းများ အကြောင်းတွေ ပါဝင်ပါတယ်။

ဒါ့အပြင် plastics and polymers အပိုင်းမှာတော့ natural polymers နဲ့ synthetic polymers တွေ၊ မျိုးတူတဲ့ monomer အချင်းချင်းပေါင်းပြီး homopolymer (addition polymer) ဖြစ်ပေါ်လာပုံ၊ မျိုးမတူတဲ့ monomers အချင်းချင်းပေါင်းပြီး copolymer (condensation polymer) ဖြစ်ပေါ်လာပုံတွေ၊ မျိုးတူ monomer တွေကို addition polymerization reaction သုံးပြီး PE, PP, PVC, PTFE, PS အစရှိတဲ့ addition polymer ပြုလုပ်ပုံ၊ မျိုးမတူတဲ့ monomer နှစ်ခုပေါင်းပြီး ရေမော်လီကျူးဖယ်တဲ့ condensation polymerization နည်းဖြင့် Nylon, polyester စတဲ့ condensation polymer ပြုလုပ်ပုံနဲ့ ပါဝင်တဲ့ ဓာတ်စည်းအမျိုးအစား၊ addition နဲ့ condensation polymer တွေရဲ့ ဂုဏ်သတ္တိနဲ့ အသုံးပြုပုံတွေကို လေ့လာကျက်မှတ်ထားရပါမယ်။ Thermoplastic နဲ့ Thermosetting polymer တွေကို ပြန်လည်အသုံးချတဲ့နည်းတွေကိုလည်း လေ့လာမှတ်သားထားဖို့လိုပါတယ်။ နောက်ဆုံးအနေနဲ့ ဆပ်ပြာချက်ခြင်းအကြောင်း၊ soapless detergent အကြောင်းနဲ့ ယင်းတို့ရဲ့ ချေးချွတ်နိုင်စွမ်း သတ္တိအကြောင်းတွေကို တည်ဆောက်ပုံများနဲ့တကွ ရှင်းလင်းထားတာတွေကို သိရှိထားသင့်ပါတယ်။ Addition polymers၊ Condensation polymers တို့နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို Table (6) မှာ ဖော်ပြပေးထားပါတယ်။

**Table 6 Summary of Polymers**

| Type of Polymers (based on structures) | Name of polymers | Monomers present | Properties of polymers | Uses |
|---|---|---|---|---|
| Addition polymers | Polyethene/ Polyethylene (PE) | ethene $CH_2=CH_2$ | tough, durable | plastic bags, bowls, bottles, packaging |
| | Polypropene/ Polypropylene (PP) | propene $CH_3CH=CH_2$ | tough, durable | crates and boxes, plastic rope |
| | Polychloroethene/ Polyvinylchloride (PVC) | chloroethene $CH_2=CHCl$ | strong, hard | insulation, pipes & guttering |
| | Polytetrafluoroethene/ Teflon (PTFE) | tetrafluoroethene $CF_2=CF_2$ | non-stick surface, withstands high temperature | non-stick frying pans, non-stick taps & joints |
| | Polyphenylethene/ Polystyrene (PS) | Styrene $C_6H_5CH=CH_2$ | light, poor conductor of heat | insulation, packaging (foam) |
| Condensation polymers | Nylon/Polyamide | a diamine & a dicarboxylic acid | - | making shirts, ties, sheets & racquet strings |
| | Terylene/Polyester | diol & dicarboxylic acid | - | fibre, clothing |

**အကြံပြုချက်**

အခု Chapter တစ်ခုချင်းအလိုက် လေ့လာကျက်မှတ်ရမယ့်အကြောင်းအရာနဲ့ သတိပြုရမယ့်အချက်တွေကို အသေးစိတ်ဆွေးနွေးပေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာကျက်မှတ်သင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ်နှံ့နှံ့စပ်စပ်ကျက်မှတ်ဖို့၊ ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို အတိုကောက်မရေးမိဖို့၊ အပုဒ်တိုင်းရဲ့ သက်ဆိုင်ရာမေးခွန်းပုစ္ဆာနံပါတ်ကို ဖော်ပြရေးသားပေးဖို့ သတိပြုရပါမယ်။ အထူးသတိပြုရမယ့်အချက်ကတော့ မေးခွန်းနံပါတ် (၁) မှ (၆) အထိဟာ လုံးဝရွေးချယ်ခွင့်မရှိတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်း (၁၅)ခန်းလုံးကို နှံ့နှံ့စပ်စပ်သိထားဖို့လိုပါတယ်။

နောက်ဆုံးအနေနဲ့ ဆရာ၊ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကိုပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၁၆ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။ ။

**စာမျက်နှာ ၃ မှ**

(ခ) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစား သို့မဟုတ် အမျိုးအစားများအလိုက် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၊

(ဂ) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစားနှင့် အမျိုးအစားများအလိုက် ဤဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ထားရှိရမည့် လျာထားချက်များ။

**အကျိုးစီးပွားများရယူပိုင်ဆိုင်ခြင်း**

၄၂။ (က) ဘဏ်တစ်ခုခု၏ အဓိကကျသည့်အကျိုးစီးပွားရယူလိုသူသည် ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း အခြားအထောက်အထား၊ စာတမ်းအမှတ်အသားများပူးတွဲ၍ ဗဟိုဘဏ်သို့ လျှောက်ထားရမည်။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) တွင် ပူးတွဲတင်ပြထားသည့်အထောက်အထားများနှင့် လျှောက်ထားသူ၏ နောက်ကြောင်းကို စစ်ဆေးပိုင်ခွင့်ရှိသည်။ ထပ်မံလိုအပ်သည့် စာတမ်းအမှတ်အသားများနှင့် သတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ တင်သွင်းသည့် လျှောက်လွှာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုကြောင်း တွေ့ရှိပါက အတည်ပြုချက် ထုတ်ပေးခြင်း မပြုရန် ဆုံးဖြတ်နိုင်သည် -

(၁) လျှောက်ထားသူမှာ ပုဂ္ဂိုလ်ရေးအရ သင့်မြတ်လျော်ကန်သူ မဟုတ်ခြင်း၊

(၂) လျှောက်ထားသူသည် ဥပဒေအရဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါက ယင်း၏ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ဒါရိုက်တာများ သို့မဟုတ် အမှုဆောင်အရာရှိများမှာ သင့်မြတ်လျော်ကန်သူများ မဟုတ်ခြင်း၊

(၃) လျှောက်ထားသူသည် ဘဏ်အပေါ် သိသိသာသာဩဇာလွှမ်းမိုး၍ ဆောင်ရွက်ခြင်းကြောင့် ဘဏ်၏စီမံခန့်ခွဲမှုကို ထိခိုက်နိုင်ကြောင်း ဗဟိုဘဏ်က သိရှိထားခြင်း။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက် တစ်ရပ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုပိုင်ခွင့်ရှိသည်။

၄၃။ ဘဏ်၏ အဓိကအစုရှယ်ယာဝင်ဖြစ်သူ မည်သူမဆို ဤဥပဒေစတင်အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း အဆိုပါ အဓိကအစုရှယ်ယာဝင်အဖြစ် ဆက်လက်တည်ရှိရေးအတွက် ဗဟိုဘဏ်၏ သဘောတူအတည်ပြုချက်ရရှိရန် လျှောက်ထားခြင်းပြုရမည်။ ဗဟိုဘဏ်၏ သဘောတူ အတည်ပြုချက် ရရှိမှသာလျှင် အဆိုပါ အဓိကအစုရှယ်ယာဝင်အဖြစ် ဆက်လက်တည်ရှိရမည်။

၄၄။ ဘဏ်အသီးသီးသည် ဘဏ်တွင်အဓိကကျသည့် အကျိုးစီးပွားရှိသည့် အစုရှယ်ယာဝင်များ၏ အမည်နှင့် နေရပ်လိပ်စာ၊ အဆိုပါအစုရှယ်ယာဝင်များက မဲပေးပိုင်ခွင့်အရေအတွက်တို့ပါဝင်သည့် နှစ်စဉ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်။

၄၅။ ပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ၊ တစ်ဦးထက်ပိုသူများက ပူးပေါင်း၍ဖြစ်စေ ဘဏ်တစ်ခုခုမှ အဓိကကျသည့် အကျိုးစီးပွားများရယူရန် သဘောတူစာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်ခြင်း ပြုလုပ်လိုလျှင် ဗဟိုဘဏ်စာဖြင့် ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၄၆။ (က) ပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၅ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့်သက်ဆိုင်ခြင်းမရှိစေရ -

(၁) အောက်ပါကိစ္စရပ်များအတွက် ဘဏ်ကပိုင်ဆိုင်ရရှိသည့် မဲပေးပိုင်ခွင့်ရှိသော အစုရှယ်ယာများ -

(ကက) မိမိရရန်ရှိသော ကြွေးမြီအတွက် လက်ခံရရှိသည့် အစုရှယ်ယာများ၊

( ခခ ) တာဝန်ခံ၍ ရောင်းချပေးခြင်းအစီအစဉ်အရ ဘဏ်က တစ်နှစ်အတွင်း သို့မဟုတ် ဗဟိုဘဏ်ကခြွင်းချက်ဖြင့် တစ်နှစ်ထက်ပို၍ ခွင့်ပြုပေးသည့် ကာလအတွင်း ထုတ်ရောင်းမည့် အစုရှယ်ယာများ၊

(၂) ကိုယ်စားလှယ်၊ ယုံမှတ်အပ်နှံသူ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် မဲပေးနိုင်သည့် အစုရှယ်ယာများရယူခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ကက) အရ ဘဏ်တစ်ခု၏ မဲပေးနိုင်သည့် အစုရှယ်ယာများကိုရယူသော အခြားဘဏ်သည် အဆိုပါမဲပေးသည့် အစုရှယ်ယာများကို ရယူကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

၄၇။ (က) ဗဟိုဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦးက ပုဒ်မ ၄၂၊ ၄၃၊ ၄၄ နှင့် ၄၅ တို့ပါ ပြဋ္ဌာန်းချက်ကို ဖြစ်စေ၊ ပုဒ်မ ၅၀ အရ ထုတ်ပြန်သည့် သတ်မှတ်ချက်များကိုဖြစ်စေ မလိုက်နာကြောင်း တွေ့ရှိလျှင် အောက်ပါ စီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူဆောင်ရွက်နိုင်သည်-

(၁) ဖောက်ဖျက်သူ၏ မဲပေးသည့်အစုရှယ်ယာများနှင့် စပ်လျဉ်း၍ အဆိုပါ အစုရှယ်ယာကို လွှဲပြောင်းခြင်း သို့မဟုတ် အစုရှယ်ယာလွှဲပြောင်းရန် သဘောတူညီချက် သို့မဟုတ် အစီအစဉ်ကို လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊

(၂) အဆိုပါ အစုရှယ်ယာနှင့်စပ်လျဉ်း၍ မဲပေးပိုင်ခွင့်အား တားမြစ်ခြင်း၊

(၃) အစုရှယ်ယာများ ထပ်မံထုတ်ခြင်းကို တားမြစ်ခြင်း သို့မဟုတ် ၎င်းအစုရှယ်ယာများ ကိုင်ထားသူအား ရောင်းချရန် ကမ်းလှမ်းခြင်းကို တားမြစ်ခြင်း၊

(၄) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှအပ အဆိုပါအစုရှယ်ယာအပေါ် ဘဏ်ထံမှ ပေးချေမှုကို တားမြစ်ခြင်း၊

(၅) ဖောက်ဖျက်သူနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ကအဆိုပါ အစုရှယ်ယာများကို အများပြည်သူအားလေလံတင်၍ ရောင်းချရန် အဆိုပါပုဂ္ဂိုလ်အား ညွှန်ကြားခြင်း။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(က)အရ ထုတ်ပြန်သည့် ညွှန်ကြားချက်ကို ဖောက်ဖျက်သူထံသို့ ဖြစ်နိုင်သမျှ ချက်ချင်းပေးပို့ရမည်ဖြစ်ပြီး သင့်လျော်သည့်နည်းလမ်းဖြင့် အများသိစေရန် ကြေညာရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားချက် ထုတ်ဆင့်ခံရသော ဖောက်ဖျက်သူတစ်ဦးဦးသည် ထိုညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ဗဟိုဘဏ်သို့ အဆိုပါအမိန့်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ပြင်ဆင်ပေးရန် စာဖြင့်လျှောက်ထားနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီးနောက် အဆိုပါညွှန်ကြားချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတစ်ခုခုကို ပြုလုပ်နိုင်သည်။

(င) ဗဟိုဘဏ်သည် ဘဏ်၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများထံသို့ ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သလို ညွှန်ကြားနိုင်သည်။

**ဘဏ်များပေါင်းစည်းခြင်း**

၄၈။ (က) ဘဏ်သည် ဗဟိုဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်ရရှိမှသာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(၁) ဘဏ်တစ်ခုက အခြားဘဏ်တစ်ခု၏လုပ်ငန်းကိုဖြစ်စေ၊ လုပ်ငန်း၏ အဓိက အစိတ်အပိုင်းကိုဖြစ်စေ ရယူခြင်း သို့မဟုတ် မိမိ၏ ကိုယ်ပိုင်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အဓိက အစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၂) ဘဏ်တစ်ခုက အခြားဘဏ်တစ်ခုနှင့်ပေါင်းစပ်ခြင်း သို့မဟုတ် ပူးပေါင်းခြင်း၊

(၃) နိုင်ငံခြားဘဏ်က နိုင်ငံတော်ရှိ ဘဏ်၏လုပ်ငန်းကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေရယူခြင်း သို့မဟုတ် နိုင်ငံတော်ရှိ ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၄) ဘဏ်၏ သို့မဟုတ် ၎င်း၏ဦးပိုင်ကုမ္ပဏီ၏ ထိန်းချုပ်ကွပ်ကဲမှု ပြောင်းလဲခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ဗဟိုဘဏ်၏စာဖြင့်ကြိုတင်ခွင့်ပြုချက်ရရှိရန်အတွက် လျှောက်လွှာကို အဆိုပြု သဘောတူစာချုပ်မိတ္တူနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများကို ပူးတွဲ၍ ဗဟိုဘဏ်သို့ တင်ပြရမည်။

(ဂ) ဗဟိုဘဏ်သည် လျှောက်လွှာကို လက်ခံရရှိပြီးနောက် လျှောက်ထားသူထံသို့ဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးထံသို့ဖြစ်စေ နောက်ထပ်သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများ ထပ်မံလိုအပ်ပါက တောင်းခံနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီး လျှောက်လွှာကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လျှောက်လွှာကို အတည်ပြုရာတွင် လိုအပ်သော ပြင်ဆင်ခြင်းကိုဖြစ်စေ၊ စည်းကမ်းချက်များ သတ်မှတ်ခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) နှင့်စပ်လျဉ်း၍ ထိန်းချုပ်ကွပ်ကဲခြင်းတွင် အောက်ပါတို့ ပါဝင်သည်-

(၁) ကုမ္ပဏီ သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခု၏ ဒါရိုက်တာအဖွဲ့၏ပါဝင်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဩဇာလွှမ်းမိုးမှုရှိခြင်း၊

(၂) ကုမ္ပဏီများ သို့မဟုတ် လက်အောက်ခံကုမ္ပဏီများ သို့မဟုတ် ဦးပိုင်ကုမ္ပဏီမှ တစ်ဆင့်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းပိုင်ဆိုင်မှုအရ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ စုစုပေါင်း ဆန္ဒမဲပေးပိုင်ခွင့် ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၂၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်ထားခြင်း။

၄၉။ (က) ဗဟိုဘဏ်က ပုဒ်မ ၄၈ အရ စာဖြင့် ကြိုတင်ခွင့်ပြုချက်နှင့်စပ်လျဉ်း၍ လျှောက်ထားမှုကို အတည်ပြုချက်ထုတ်ပေးသည့်အခါ မိမိ၏ လုပ်ငန်းကို အခြားပုဂ္ဂိုလ်သို့ လွှဲပြောင်းပေးရမည့်အဖွဲ့အစည်းနှင့် လုပ်ငန်းကိုလွှဲပြောင်းရယူမည့်သူတို့သည် သဘောတူစာချုပ်ကို အကျိုးသက်ရောက်မှုရှိစေရေးအတွက် လိုအပ်သည့် အမိန့်ထုတ်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ ပူးတွဲလျှောက်လွှာကို တင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ လျှောက်လွှာအပေါ် ကြားနာရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ကိစ္စရပ်အခြေအနေအရ သင့်လျော်မျှတမည်ဟု ထင်မြင်သည့်အတိုင်း အကျိုးသက်ရောက်မှုရှိသည့် စည်းကမ်းချက်ဖြင့် အမိန့်ချမှတ်ပေးခြင်း၊ အဆိုပါအမိန့်ကိုပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ချမှတ်သည့် အမိန့်ကိုလွှဲပြောင်းပေးခြင်းခံရသူသည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) လွှဲပြောင်းပေးသူသည် ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဆိုပါ အမိန့်မှန်ကန်ကြောင်း အတည်ပြုထားသည့် အမိန့်မိတ္တူကို ဗဟိုဘဏ်က မှန်ကန်ကြောင်း အတည်ပြုထားသည့် သဘောတူညီချက် သို့မဟုတ် အစီအစဉ်မိတ္တူ ပူးတွဲ၍ -

(၁) ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံနှင့်၊

(၂) ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်ဆက်စပ်ဆောင်ရွက်လျက်ရှိသော သို့မဟုတ် အမိန့်အရ လွှဲပြောင်းပေးသည့်ရွှေ့ပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးသက်ဆိုင်သည့် သက်ဆိုင်ရာမှတ်ပုံတင် သို့မဟုတ် မှတ်တမ်းအာဏာရှိသူထံ (ရှိလျှင်) တင်သွင်းရမည်။

(င) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ပုဒ်မခွဲ (က) အရ လွှဲပြောင်းရောင်းချနိုင်သော မြေကိုဖြစ်စေ၊ အစုရှယ်ယာတစ်ခုခုကိုဖြစ်စေ၊ လွှဲပြောင်းရောင်းချနိုင်သောမြေတွင် အကျိုးအမြတ်ကိုဖြစ်စေ လွှဲပြောင်းပေးခြင်းခံရသူသို့ အမိန့်ဖြင့် အပြီးအပိုင်အပ်နှင်းသည့်အခါ အဆိုပါ အမိန့်ချမှတ်ပြီးနောက် မြေစီမံခန့်ခွဲသူက ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုရှိစေရန်အလို့ငှာ အဆိုပါအမိန့်မိတ္တူကို မြေစီမံခန့်ခွဲသူထံ ချက်ချင်းပေးပို့စေရမည်။

(စ) ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အမိန့်သည် နိုင်ငံတော်ပြင်ပ၌ရှိသော လွှဲပြောင်းပေးသူ၏ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်နိုင်သည်။ ထိုသို့သက်ဆိုင်မှုရှိနေလျှင် အကျိုးသက်ရောက်မှုရှိစေရန် အဆိုပါပစ္စည်း သို့မဟုတ် လုပ်ငန်းတည်ရှိသည့် နိုင်ငံနှင့် နိုင်ငံတော်အကြား တရားရုံးစီရင်ချက်များကို အတည်ပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ အပြန်အလှန် အစီအစဉ်များရှိလျှင် ထိုအစီအစဉ်အတိုင်း လုပ်ရမည်။ ထိုကဲ့သို့ အစီအစဉ်မရှိလျှင် အဆိုပါနိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

**အစုရှယ်ယာအများဆုံးပိုင်ဆိုင်မှုကို ကန့်သတ်ခြင်း**

၅၀။ ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) ပုဂ္ဂိုလ်တစ်ဦးဦးက အများဆုံးကိုင်ဆောင်ထားနိုင်သည့် ဘဏ်၏ မဲပေးနိုင်သည့် အစုရှယ်ယာ ရာခိုင်နှုန်းနှင့်၊

(ခ) ကုမ္ပဏီ၊ လုပ်ငန်းအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အတန်းအစားအလိုက် ပုဒ်မခွဲ (က) အရ အများဆုံး ပိုင်ဆိုင်နိုင်သည့် အစုရှယ်ယာရာခိုင်နှုန်း။

## အခန်း (၉)
## လုပ်ကိုင်ခွင့်ပြုသည့် ဘဏ်လုပ်ငန်းများ

၅၁။ ဘဏ်သည် ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းများကို ၎င်း၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် လိုင်စင်တွင်ပါရှိသော စည်းကမ်းချက်နှင့် ကန့်သတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၅၂။ ကူးသန်းရောင်းဝယ်ရေးဘဏ်သည် အောက်ပါလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်-

(က) အပ်နှံငွေလက်ခံခြင်းလုပ်ငန်း၊

(ခ) ချေးငွေထုတ်ချေးခြင်းလုပ်ငန်း၊

(ဂ) အငှားချသည့်လုပ်ငန်း၊

(ဃ) ကြွေးမြီများဝယ်ယူကောက်ခံသည့် လုပ်ငန်း၊

(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊

(စ) ချေးငွေတိုကင်လုပ်ငန်း၊

(ဆ) နိုင်ငံခြားသုံးငွေလုပ်ငန်း၊

(ဇ) အကြွေးဝယ်ကတ်၊ ခရီးသွားချက်လက်မှတ်နှင့် ဘဏ်ငွေလွှဲလက်မှတ် (ငွေပေးအမိန့်လက်မှတ်) အစရှိသည့် ငွေပေးချေမှုစာချုပ်စာတမ်းများ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၊

(ဈ) အာမခံများနှင့် တာဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊

(ည) မိမိ၏ ကိုယ်ပိုင်ငွေစာရင်းအတွက်ဖြစ်စေ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်းအတွက်ဖြစ်စေ ချက်လက်မှတ်၊ ငွေတောင်းခံလွှာများနှင့် အပ်နှံငွေသက်သေခံလက်မှတ်များ၊ နိုင်ငံခြားသုံးငွေ လဲလှယ်ရေး၊ ငွေကြေး ကြိုတင်ရောင်းခြင်းနှင့် လက်ငင်းရောင်းချခြင်းဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းများ၊ ပေါက်ဈေးဖြင့် အတိုးနှုန်းဆိုင်ရာ စာချုပ်စာတမ်းများ၊ စာချုပ်စာတမ်းများနှင့် လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အစရှိသည့် ငွေကြေးဈေးကွက်စာချုပ်စာတမ်းများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း၊

(ဋ) စီးပွားရေးလုပ်ငန်းကြီးများကိုအကြံဉာဏ်ပေးခြင်းလုပ်ငန်း၊

(ဌ) ငွေကြေးပွဲစားလုပ်ငန်း၊

(ဍ) ရင်းနှီးမြှုပ်နှံမှုအစုအဝေးစီမံခန့်ခွဲမှုနှင့် အကြံပေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်း၊

(ဎ) ယုံကြည်အပ်နှံမှု ဝန်ဆောင်မှုလုပ်ငန်း၊

(ဏ) ချေးငွေထုတ်ချေးရန် ထိုက်တန်သူ ရည်ညွှန်းပေးသည့် ချေးငွေ သတင်းအချက်အလက် အထောက်အကူပြုလုပ်ငန်း၊

(တ) အီလက်ထရွန်နစ်နည်းဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်း လုပ်ငန်း၊

(ထ) မိုဘိုင်းဘဏ်လုပ်ငန်း၊

(ဒ) အပ်နှံမှုလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၊

(ဓ) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

(န) အပေါင်လက်ခံ၍ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

(ပ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြားဘဏ်လုပ်ငန်းများ။

၅၃။ ဘဏ်သည် အောက်ပါလုပ်ငန်းတို့ကို သီးခြားဖွဲ့စည်းသည့် လက်အောက်ခံကုမ္ပဏီ ထူထောင်၍ ဆောင်ရွက်နိုင်သည် -

(က) အာမခံလုပ်ငန်း၊

(ခ) ငွေချေးသက်သေခံလက်မှတ်များ ပွဲစားလုပ်ငန်း၊

(ဂ) ဗဟိုဘဏ်က ခွင့်ပြုသည့်ဘဏ်လုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်။

၅၄။ ဖွံ့ဖြိုးရေးဘဏ်သည် အောက်ပါလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည် -

(က) ကာလရှည် ငွေကြေးဖြည့်ဆည်းသည့်လုပ်ငန်း၊

(ခ) အာမခံချက်နှင့် ကတိဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊

(ဂ) ဗဟိုဘဏ်က သတ်မှတ်သော အခြားဘဏ်လုပ်ငန်းများ။

၅၅။ ဘဏ်၏ လက်အောက်ခံကုမ္ပဏီများသည် ဘဏ်တစ်ခုအား စစ်ဆေးသည့် နည်းလမ်းနှင့်အညီ ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးခြင်းကို ခံယူရမည်။ ဗဟိုဘဏ်သို့ အစီရင်ခံရမည့် ကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အဆိုပါဘဏ်နှင့် ယင်း၏ လက်အောက်ခံကုမ္ပဏီအသီးသီး၏ သတင်းအချက်အလက်တစ်ရပ်ရပ်ကို သီးခြားဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တင်ပြရန်တောင်းဆိုနိုင်သည်။

၅၆။ မည်သည့်ဘဏ်မျှ အောက်ပါကိစ္စရပ်များမှအပ ဘဏ်၏ငွေစာရင်းကို အသုံးပြု၍လည်းကောင်း၊ ကော်မရှင်ခယူ၍လည်းကောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများအပါအဝင် လက်ကား သို့မဟုတ် လက်လီ ကုန်သွယ်မှုလုပ်ငန်းများ မဆောင်ရွက်ရ-

(က) ဘဏ်၏ လက်ဝယ်ရှိအာမခံပစ္စည်းများ ထုခွဲရောင်းချခြင်း၊

(ခ) ဘဏ်က ရွှေ သို့မဟုတ် နိုင်ငံခြားငွေကို ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း။

**စာမျက်နှာ ၅ သို့**

စာမျက်နှာ ၄ မှ

၅၇။ မည်သည့်ဘဏ်မျှ ဗဟိုဘဏ်ကသတ်မှတ်သည့် ၎င်း၏ မတည်ရင်းနှီးငွေ၏ အချိုးအစား တစ်ရပ်ထက်ပို၍ အောက်ပါကိစ္စရပ်များမှအပ မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်းများ ဝယ်ယူခြင်း သို့မဟုတ် အခြားနည်းဖြင့်ရယူခြင်း မပြုရ-

(က) ဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်းအတွက် သော်လည်းကောင်း၊ ၎င်း၏ဝန်ထမ်းများအတွက် အိမ်ရာ သို့မဟုတ် အခြားခံစားခွင့်များ ပံ့ပိုးပေးရန်အတွက်သော်လည်းကောင်း ရယူခြင်း၊

(ခ) ချေးငွေအတွက် အာမခံအဖြစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လက်ခံရယူခြင်း။

**ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းနှင့်သက်ဆိုင်သောသတ်မှတ်ချက်များ**

၅၈။ (က) ဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ထားရှိရမည်-

(၁) ချေးငွေထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် ချေးငွေနှင့် ရင်းနှီးမြှုပ်နှံမှုအား စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လုံလောက်သော ဌာနတွင်းမူဝါဒများ၊ ကျင့်သုံးသည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊

(၂) ရရန်ပိုင်ခွင့်များ၏ အရည်အသွေးဆန်းစစ်အကဲဖြတ်ခြင်း၊ ချေးငွေဆုံးရှုံးမှုအတွက် လျာထားခြင်းနှင့် သီးသန့်ငွေ လုံလောက်စွာ ထားရှိခြင်းတို့နှင့်စပ်လျဉ်း၍ လုံလောက်သော မူဝါဒများ၊ ကျင့်စဉ်များနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိခြင်း။

(ခ) ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ဘဏ်နှင့် ချေးငွေရယူသူတို့ ချုပ်ဆိုထားသည့် သဘောတူညီချက် တစ်ရပ်ရပ်နှင့် ချေးငွေရယူသူအပေါ် သတ်မှတ်ထားသည့် ချေးငွေကန့်သတ်ချက်အတွင်းမှသာ ငွေချေးခြင်းပြုရမည်။

(ဂ) ဘဏ်သည် ဗဟိုဘဏ်သို့ အောက်ပါတို့ကို တင်ပြရမည်-

(၁) ချေးငွေပမာဏ တစ်ရပ်ရပ်ထုတ်ပေးရေးအတွက် ၎င်း၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့်သတင်း အချက်အလက်များ၊

(၂) ချေးငွေခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိများအတွက် ထားရှိသည့် ပမာဏကန့်သတ်ချက် သို့မဟုတ် စည်းကမ်းချက်များဆိုင်ရာ အစီရင်ခံစာ။

(ဃ) ဗဟိုဘဏ်သည် သက်ဆိုင်ရာဘဏ်က တင်ပြသည့် ချေးငွေမူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို လိုအပ်ပါက ပြင်ဆင်နိုင်သည်။

**ပမာဏကြီးမားသောကြွေးမြီများ**

၅၉။ (က) ဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးလုပ်ငန်း အုပ်စုတစ်ခုခု သို့မဟုတ် ဆက်နွှယ်နေသည့် မိတ်ဖက်အဖွဲ့အစည်း အုပ်စုတစ်ခုခုသို့ ချေးငွေထုတ်ချေးရာတွင် မိမိ၏ အဓိက မတည်ငွေရင်း၏ ၂၀ ရာခိုင်နှုန်းထက်ပို၍ ထုတ်ချေးခြင်းမပြုရ။ ယင်းကန့်သတ်ချက်သည် နိုင်ငံတော်ပိုင်ဘဏ်များ၏ အစိုးရမူဝါဒဆိုင်ရာ ချေးငွေများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ပုဒ်မခွဲ (က) ပါကန့်သတ်ချက်သည် ဗဟိုဘဏ်က သီးသန့်ဖော်ပြသတ်မှတ်ခြင်းမရှိပါက ဘဏ်များအကြား ဆောင်ရွက်ချက်များအတွက် အကျုံးဝင်ခြင်းမရှိစေရ။

(ဂ) ဗဟိုဘဏ်သည် ဘဏ်တစ်ခု၏ အာမခံဖြင့်ချေးသော ချေးငွေ၊ အာမခံမဲ့ချေးငွေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအာမခံဖြင့် ချေးငွေတို့အတွက် ထပ်တိုးကန့်သတ်ချက်များ သတ်မှတ်နိုင်သည်။

(ဃ) ဘဏ်သည် မိမိ၏ ပမာဏကြီးမားသော ကြွေးမြီတစ်ခုစီ၏ အချက်အလက်များကို ဗဟိုဘဏ်သို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့တင်ပြရမည်။

(င) ဗဟိုဘဏ်သည် ဆက်နွှယ်နေသည့် မိတ်ဖက်အဖွဲ့အစည်းအုပ်စု၊ စုစုပေါင်းကြွေးမြီ ပမာဏ၊ ထပ်တိုးကန့်သတ်ချက်နှင့် အခြား လိုအပ်ချက်များကို လိုအပ်သလို သတ်မှတ်ဖော်ပြနိုင်သည်။

(စ) ဤပုဒ်မပါအလို့ငှာ ကြွေးမြီ ဆိုသည်မှာ ဘဏ်က ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်စားလှယ်သို့ဖြစ်စေ ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ချေးငွေ၊ ကြိုတင်ထုတ်ပေးငွေ၊ စာရင်းပိုထုတ်ငွေ၊ ငှားရမ်းမှုအတွက် ချေးငွေ၊ ချေးငွေဆိုင်ရာစာရွက်စာတမ်းများ လက်ခံခြင်း၊ အာမခံချက်ပေးခြင်း၊ ဘဏ်ငွေလွှဲစာတမ်း၊ ဘဏ်အာမခံစာချုပ်၊ နိုင်ငံခြားသုံးငွေဆိုင်ရာသဘောတူစာချုပ်နှင့် ဘဏ်၏လက်ကျန်ရှင်းတမ်းတွင် မပါဝင်သော ချေးငွေတစ်ခုခုအပါအဝင် ဆက်သွယ်ဆောင်ရွက်သူက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဘဏ်တစ်ခုသို့ ငွေရေးကြေးရေးပေးရန်တာဝန်များလည်း ပါဝင်သည်။

**ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များ**

၆၀။ (က) ဘဏ်တစ်ခုသည် အောက်ပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအမျိုးအစား တစ်ခုခု၏ အစုရှယ်ယာများကို ရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း မပြုရ-

(၁) အများနှင့်သက်ဆိုင်သော ကုမ္ပဏီမဟုတ်သည့်အပြင် ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း၊

(၂) ဗဟိုဘဏ်က လုပ်ကိုင်ခွင့်မရှိဟု ကြေညာထားသောလုပ်ငန်းအမျိုးအစားကို လုပ်ကိုင်နေသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း။

(ခ) ဘဏ်တစ်ခုသည် အခြားကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုတွင် အစုရှယ်ယာ ရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းပြုလျှင် မိမိဘဏ်၏ မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းထက်မပိုသော ပမာဏကိုသာ ဝယ်ယူနိုင်ခွင့်ရှိသည်။

၆၁။ (က) ဘဏ်တစ်ခုသည် အခြားကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုတွင် အောက်ပါအတိုင်း အစုရှယ်ယာရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း ပြုနိုင်သည်-

(၁) အခြားဘဏ်တစ်ခုတွင် အဆိုပါဘဏ်၏ မတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းအထိ တန်ဖိုးရှိသော အစုရှယ်ယာ၊

(၂) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းဆောင်ရွက်သည့်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုတွင် အဆိုပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်းမတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းအထိ တန်ဖိုးရှိသော အစုရှယ်ယာ။

(ခ) ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ခ)ပါ ကန့်သတ်ချက်တွင် အောက်ပါတို့ အကျုံးမဝင်-

(၁) တာဝန်ခံ၍ရောင်းချခြင်း သို့မဟုတ် တစ်ဆင့်တာဝန်ခံ၍ ရောင်းချခြင်း စာချုပ်တစ်ရပ်ရပ်အရ အလုပ်လုပ်ရက် ခုနစ်ရက်ထက်မပိုသော ကာလအတွက် သို့မဟုတ် ဗဟိုဘဏ်က အတည်ပြုသည့် အခြားထပ်တိုးကာလတစ်ခုခုအတွက် ဘဏ်က ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းတစ်ခုခု၏ ရှယ်ယာတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်း၊

(၂) ဘဏ်၏ လက်အောက်ခံကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ သို့မဟုတ် ဤဥပဒေ အခန်း (၁၄) နှင့် (၁၅) တို့အရ အခြားဘဏ်တွင် ဗဟိုဘဏ်က အတည်ပြုပေးသည့် ရှယ်ယာကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်း၊

(၃) ဘဏ်တစ်ခုသို့ ပေးရန်စေ့ရောက်သည့် ကြွေးမြီတစ်ရပ်ရပ်အတွက် ပေးချေသည့် ရှယ်ယာအား လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်းတစ်ရပ်ရပ်ရှိပါက အဆိုပါ ရယူခြင်း၊ လက်ဝယ်ထားရှိခြင်းကို ဗဟိုဘဏ်သို့ စာဖြင့်အကြောင်းကြားရန်ဖြစ်ပြီး အဆိုပါရယူသည့်နေ့မှစ၍ နှစ်နှစ်အတွင်းရောင်းချရမည်။

(ဂ) ဤပုဒ်မအရ အစုရှယ်ယာများကို ရယူသော သို့မဟုတ် လက်ဝယ်ထားရှိသော ဘဏ်တစ်ခုခုသည် သက်ဆိုင်ရာတို့က အချိန်မရွေးစစ်ဆေးနိုင်ရန် အဆိုပါရယူထားသော သို့မဟုတ် လက်ဝယ်ထားရှိသော ရှယ်ယာများကိုသီးခြားမှတ်တမ်းဖြင့် ထိန်းသိမ်းရမည်။

(ဃ) ဤပုဒ်မအလို့ငှာ ဗဟိုဘဏ်သည် အောက်ပါတို့အတွက် စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည် -

(၁) ဘဏ်က စီးပွားရေးလုပ်ငန်းတစ်ခုတွင် အစုရှယ်ယာပါဝင်ခြင်း၊ ရယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊

(၂) အဆိုပါဘဏ်တစ်ခုက ရယူထားသော၊ လက်ဝယ်ရှိသော စုစုပေါင်းအစုရှယ်ယာများ၏ တန်ဖိုးပမာဏနှင့် ပုဂ္ဂိုလ်တစ်ဦးဦးထံမှရယူပိုင်ဆိုင်နိုင်သော သဘောသဘာဝနှင့် အများဆုံးတန်ဖိုးပမာဏ။

(င) ဤပုဒ်မ၏ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ စည်းမျဉ်းများကိုဖြစ်စေ ဘဏ်တစ်ခုခုက ဖောက်ဖျက်လျှင် ဗဟိုဘဏ်သည် အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်-

(၁) အဆိုပါ ဘဏ်အား ကုမ္ပဏီတစ်ခုတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖြစ်စေ အစုရှယ်ယာများ ပမာဏတိုးမြှင့်မှုကို တားမြစ်ခြင်း၊

(၂) ဘဏ်အား ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုလက်ဝယ်ရှိသည့် အစုရှယ်ယာများ ပမာဏကို သတ်မှတ်ထားသည့် အချိန်အတွင်းလျှော့ချရန် သို့မဟုတ် သတ်မှတ်ထားသည့် ကန့်သတ်ချက်ပမာဏအထိထားရှိရန် ညွှန်ကြားခြင်း။

၆၂။ ပုဒ်မ ၆၀ နှင့် ၆၁ ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်များ၊ ယင်းတို့၏ နိုင်ငံခြားဘဏ်ခွဲများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၆၃။ (က) မည်သည့်ဘဏ်မျှ မိမိဘဏ်က ပိုင်ဆိုင်သော ရှယ်ယာများရယူခြင်း ဆောင်ရွက်ရန် သို့မဟုတ် စည်းကမ်းချက်သတ်မှတ်မထားသော သို့မဟုတ် အရေးပေါ်ပေးရန်တာဝန် ပေါ်ပေါက်နေသော ဘဏ်က ထုတ်ဝေသည့် ကြွေးမြီဆိုင်ရာသက်သေခံလက်မှတ်များ၊ စာချုပ်များကို ဝယ်ယူခြင်းဆောင်ရွက်ရန် ချေးငွေထုတ်ချေးခြင်းမပြုရ။

(ခ) မည်သည့်ဘဏ်မျှ မိမိပိုင်အစုရှယ်ယာများကို အာမခံထား၍ လည်းကောင်း၊ မိမိဘဏ်တွင် အကျိုးစီးပွားများစွာရှိသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို အာမခံထား၍ လည်းကောင်း ချေးငွေထုတ်ချေးခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာဘဏ်ဝန်ထမ်းများက ဘဏ်၏ အစုရှယ်ယာများအား ပိုင်ဆိုင်နိုင်သည့်အစီအစဉ်အတွက် ကိုယ်ပိုင်အစုရှယ်ယာများကို အာမခံထား၍ ချေးငွေပေးခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ယင်းသို့ ချေးငွေပေးခြင်းသည် ဘဏ်၏ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းထက် မပိုရ။

**ဆက်နွှယ်နေသူများအား ချေးငွေပေးခြင်း**

၆၄။ (က) မည်သည့်ဘဏ်မျှ ၎င်း၏ဒါရိုက်တာများ၊ မန်နေဂျာများ သို့မဟုတ် ဘဏ်၏ ငါးရာခိုင်နှုန်းထက်ပိုသည့် မဲပေးနိုင်သော အစုရှယ်ယာများကို ကိုင်ဆောင်ထားသူ အစုရှယ်ယာဝင်များအား ချေးငွေထုတ်ချေးခြင်းမပြုရ။

(ခ) မည်သည့်ဘဏ်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်နွှယ်နေသူနှင့် ဈေးကွက်စည်းကမ်းသတ်မှတ်ချက်များထက် လျော့နည်းသော စည်းကမ်းချက်များဖြင့် မည်သည့်လွှဲပြောင်းဆောင်ရွက်ခြင်းကိုမျှ မပြုလုပ်ရ။

(ဂ) အောက်ပါအခြေအနေများရှိမှသာ ဘဏ်သည် ဆက်နွှယ်နေသူများနှင့် ဆောင်ရွက်ချက်များ ပြုလုပ်နိုင်သည် -

(၁) ဘဏ်၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် အဆိုပါကိစ္စနှင့် ပတ်သက်သည့် ဒါရိုက်တာမှအပ ကျန်ဒါရိုက်တာအဖွဲ့ဝင် သုံးပုံနှစ်ပုံအောက်မနည်းသည့် ဆန္ဒမဲအရ ဒါရိုက်တာအဖွဲ့ အစည်းအဝေးက အတည်ပြုထားပြီးဖြစ်ခြင်း၊

(၂) အဆိုပါ ဆောင်ရွက်ချက်အတွက် အာမခံပစ္စည်းတင်သွင်းထားခြင်း။

(ဃ) မည်သည့်ဘဏ်မျှ ဆက်နွှယ်နေသူအား ဗဟိုဘဏ်က သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်၍ ချေးငွေတစ်ရပ်ရပ်ကို ထုတ်ချေးခြင်းမပြုရ။

(င) ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည်-

(၁) ချေးငွေ၏ အရင်းပမာဏ၊

(၂) ချေးငွေအားလုံးအတွက် စုစုပေါင်းအရင်းငွေ ပမာဏ လက်ကျန် သို့မဟုတ် ဘဏ်တစ်ခုက ဆက်နွှယ်နေသော စီးပွားရေးလုပ်ငန်းအုပ်စုကိုဖြစ်စေ၊ ယင်းအုပ်စု၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ထုတ်ချေးသည့် ချေးငွေအမျိုးအစား တစ်ရပ်ရပ်။

(စ) ဆက်နွှယ်နေသူနှင့် ပတ်သက်နေသည့် ပေးရန်ရှိသည့် ချေးငွေများအားလုံးကို ချေးငွေအပြည့်အဝပေးပြီးသည့်အချိန်အထိ ဘဏ်၏ လက်ရှိဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ်များအတွက် ရေးဆွဲသော ငွေရေးကြေးရေးစာရင်းများတွင် ဖော်ပြရမည်။

(ဆ) ဘဏ်သည် ၎င်းတို့နှင့်ဆက်နွှယ်နေသူများက ဤပုဒ်မတွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကြောင်း တွေ့ရှိပါက ဗဟိုဘဏ်သို့ ဖောက်ဖျက်သူများကို ဖော်ပြ၍ ချက်ချင်းသတင်းပို့ရမည်။

(ဇ) ဘဏ်သည် ဤပုဒ်မပါစည်းကမ်းချက်များအား ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်းမပြုပါက ဗဟိုဘဏ်သည် ချေးငွေများ ပြန်လည်ရရှိရေးအတွက် ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားချက်ထုတ်ခြင်း သို့မဟုတ် လိုအပ်သလို သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဈ) ဤပုဒ်မပါပြဋ္ဌာန်းသည့် ချေးငွေထုတ်ချေးခြင်းသည် အဆိုပါဘဏ်၏ ဝန်ထမ်းများသို့ ထုတ်ချေးသည့် ချေးငွေအစီအစဉ်တစ်ရပ်ဖြစ်ပါက ဘဏ်၏ဝန်ထမ်းတစ်ဦးဖြစ်သော ဒါရိုက်တာတစ်ဦး သို့မဟုတ် အရာရှိတစ်ဦးနှင့် အကျုံးဝင်သက်ဆိုင်ခြင်းမရှိစေရ။

၆၅။ ဗဟိုဘဏ်သည် ဘဏ်များအတွက် နိုင်ငံခြားငွေဖြင့် ချေးငွေအမြင့်ဆုံးကန့်သတ်ချက်များကို နိုင်ငံခြားငွေကြေးတစ်မျိုးဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေအမျိုးမျိုးဖြင့်ဖြစ်စေ စည်းမျဉ်းထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၆၆။ (က) ဗဟိုဘဏ်သည် ကြပ်မတ်ကွပ်ကဲရေးနှင့်စပ်လျဉ်း၍ ဘဏ်များ လိုက်နာရမည့် လိုအပ်ချက်များကို သတ်မှတ်ရန် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းမျဉ်းများကို အသေးစိတ်သတ်မှတ်ထုတ်ပြန်ရမည်။

(ခ) ယင်းသို့ ထုတ်ပြန်ရာတွင် ဘဏ်အားလုံးအတွက်ဖြစ်စေ၊ အမျိုးအစားကွဲပြားသည့် ဘဏ်များအတွက်ဖြစ်စေ ထုတ်ပြန်သော စည်းမျဉ်းများသည် အဆိုပါဘဏ်၏ မတူညီသော ရည်ရွယ်ချက်၊ သဘောသဘာဝ၊ လုပ်ငန်းပမာဏနှင့် အဆိုပါဘဏ်၏ ငွေကြေးရရှိရာ ရင်းမြစ်တို့အပေါ်တွင်မူတည်၍ သတ်မှတ်နိုင်သည်။

(ဂ) ဗဟိုဘဏ်က ဤပုဒ်မအရ သတ်မှတ်ထားသည့် လိုအပ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် ဘဏ်တစ်ခုခုသည် ဗဟိုဘဏ်က သတ်မှတ်သည့်အချိန်ကာလအတွင်း ဗဟိုဘဏ်၏ စည်းမျဉ်းတွင် သတ်မှတ်သည့်နှုန်းထားဖြင့် ဗဟိုဘဏ်သို့ ဒဏ်ငွေပေးဆောင်ရမည်။

**လုပ်ငန်းဆောင်ရွက်ချက်နှင့် ကတိကဝတ်များအတွက်မှတ်တမ်းများ**

၆၇။ (က) ဘဏ်သည် ၎င်း၏ ဆက်သွယ်ဆောင်ရွက်ချက်နှင့် ကတိကဝတ်များ အသီးသီးအတွက် သက်ဆိုင်သော စာရွက်စာတမ်းများကို စာတွဲပြုစုထားရှိရမည်။ အဆိုပါစာတွဲသည် တရားရုံးတွင် သက်သေခံဝင်သော စာတမ်းအမှတ်အသားများဖြစ်စေရမည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါတို့အပါအဝင် မှတ်တမ်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ သတ်မှတ်ချက်များကို စည်းမျဉ်းထုတ်ပြန်သတ်မှတ်နိုင်သည်-

(၁) စာတမ်းအမှတ်အသား အမျိုးအစားများ၊

(၂) ထိန်းသိမ်းထားရှိသည့်ပုံစံ၊ နည်းစနစ်၊

(၃) ထိန်းသိမ်းထားရှိရမည့် သက်တမ်းကာလ၊

(၄) ဤပုဒ်မနှင့်သက်ဆိုင်သော အခြားလိုအပ်သည့် စာတမ်းအမှတ်အသားများ။

**ငွေကြေးခဝါချမှုနှင့် သံသယရှိသောငွေလွှဲပြောင်းပေးပို့မှု သတင်းပေးပို့ခြင်းများ**

၆၈။ ဗဟိုဘဏ်သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ ကိစ္စရပ်များနှင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများအရ သက်ဆိုင်ရာသို့ သတင်းပို့ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ငွေရေးကြေးရေးအဖွဲ့အစည်းများက လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများကို သီးခြားသတ်မှတ်ထားရှိရမည်။

**လက်အောက်ခံအဖွဲ့အစည်းများတည်ထောင်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်းအား ထိန်းချုပ်ကွပ်ကဲခြင်း**

၆၉။ ဘဏ်တစ်ခုသည် အောက်ပါကိစ္စရပ်များအတွက် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပတွင် လက်အောက်ခံအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်း၊

(ခ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ၎င်း၏ရုံးတစ်ခုခု ဖွင့်လှစ်ခြင်း။

**အဆက်အသွယ်ဘဏ်လုပ်ငန်း တည်ထောင်ခြင်း**

၇၀။ (က) ဘဏ်သည် ပြည်ပရှိ မည်သည့်ဘဏ်နှင့်မဆို အဆက်အသွယ်ဘဏ်လုပ်ငန်းအား ထူထောင်ခွင့်ရှိသည်။

(ခ) ဗဟိုဘဏ်သည် မြန်မာနိုင်ငံပြင်ပရှိ ငွေရေးကြေးရေး အဖွဲ့အစည်းနှင့် အဆက်အသွယ် ဘဏ်လုပ်ငန်းကို ထူထောင်ခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်ချက်များကို ထုတ်ပြန်သတ်မှတ်နိုင်သည်။

**ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်း**

၇၁။ (က) ဗဟိုဘဏ်သည် ဘဏ်များ၏ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရန် တာဝန်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) နိုင်ငံတော်တွင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို ကာကွယ်ရေးအတွက် မဟာဗျူဟာ အစီအစဉ်ကို စီမံချက်ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်၊

(၂) အခြားငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများနှင့် ပူးပေါင်း၍ ဝန်ဆောင်မှု ရယူသူများကို အကာအကွယ်ပေးရေး အစီအမံများ ညှိနှိုင်းဆောင်ရွက်ရန်၊

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

(၃) အခြားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများထံမှ လိုအပ်သည့် သတင်းအချက်အလက်များရယူရန်၊

(၄) အခြားသော ငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများက ကြီးကြပ်ကွပ်ကဲခြင်းမပြုသည့်ကဏ္ဍများ၊ လစ်လပ်နေသော ကဏ္ဍများအတွက် ညွှန်ကြားချက်များထုတ်ပြန်ရန်၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ၎င်းနှင့်ဆက်ဆံသူများအကြားတွင် ပေါ်ပေါက်သည့်အငြင်းပွားမှုများကို တရားရုံးပြင်ပတွင် ဖြေရှင်းသော စနစ်တစ်ရပ်အား တိုးမြှင့်ဆောင်ရွက်ရန်၊

(၆) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို သုတေသနပြုခြင်းနှင့် ကိန်းဂဏန်းစုဆောင်းခြင်းကိစ္စများကို အားကောင်းစေရေးအတွက် ဆောင်ရွက်ရန်၊

(၇) အဓိကပါဝင်သူများ၏ ငွေရေးကြေးရေး အသိပညာဆိုင်ရာ စာပေကွန်ရက်ကို တည်ထောင်ရန်၊

(၈) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကိုကာကွယ်ရေး နယ်ပယ်နှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဿနာရပ်များကို အစိုးရနှင့် အများပြည်သူတို့ သိရှိစေရန် အစဉ်တစိုက် အသိပေးဖော်ပြရန်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) နှင့် (ခ) အား အကျိုးသက်ရောက်စေရန်အလို့ငှာ လိုအပ်သည့်စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

**မမျှတသည့်ယှဉ်ပြိုင်လုပ်ကိုင်မှုများအား တိုက်ဖျက်ရေး**

၇၂။ ဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ-

(က) ငွေရေးကြေးရေးဈေးကွက်များတွင် ထိန်းချုပ်လွှမ်းမိုးနိုင်သည့် အနေအထားကို ရရှိစေမည့် ပဋိညာဉ်စာချုပ်များ သို့မဟုတ် သဘောတူညီချက်များကို ချုပ်ဆိုခြင်း သို့မဟုတ် လုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်း၊

(ခ) မိမိအတွက်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များအတွက် လည်းကောင်း မမျှတသည့် အခွင့်အလမ်းရရှိစေမည့် မမှန်ကန်သော လုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း။

## အခန်း (၁၀)

## ဘဏ်များ၏ဒါရိုက်တာအဖွဲ့၊ အမှုဆောင်အရာရှိချုပ်

၇၃။ (က) ဘဏ်သည် အစုရှယ်ယာရှင်များ သင်းလုံးကျွတ်အထွေထွေအစည်းအဝေးမှ ရွေးချယ်ခြင်းခံရသူ ဒါရိုက်တာငါးဦးအောက်မနည်းသော ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းထားရှိရမည်။

(ခ) ဘဏ်၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် အဖွဲ့ဝင်ဒါရိုက်တာဦးရေပြည့်မီစွာ တက်ရောက်သော်လည်း အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ အနည်းဆုံးတစ်ဦးတက်ရောက်မှသာ ထိုအစည်းအဝေး အထမြောက်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် နိုင်ငံခြားဘဏ်ခွဲများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၇၄။ (က) အစုရှယ်ယာဝင်များ၏ သင်းလုံးကျွတ်အထွေထွေအစည်းအဝေးမှ ဆောင်ရွက်ရန် ပေးအပ်သည့် လုပ်ငန်းတာဝန်များအပြင် ဘဏ်က ဆောင်ရွက်ရမည့် လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များအားလုံးကို ဤဥပဒေအရ ဒါရိုက်တာအဖွဲ့သည် ကျင့်သုံးဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်ရန်အလို့ငှာ ဒါရိုက်တာအဖွဲ့သည် လိုအပ်သောစည်းကမ်းများကို ချမှတ်ထားရမည်။

(ဂ) ဒါရိုက်တာအဖွဲ့၏တာဝန်များတွင် စီမံခန့်ခွဲရေးကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်းအပြင် အောက်ပါတို့ပါဝင်သည်-

(၁) ပြည့်စုံသောဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၂) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး၊ ထိန်းချုပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၃) လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုပေးအပ်ရန် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များအတွက် မူဝါဒများချမှတ်ခြင်း၊

(၄) ကျင့်ဝတ်နှင့်ကျွမ်းကျင်မှုစံများ မြှင့်တင်ပေးမည့် အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(၅) ဘဏ်၏ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်ကို ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၆) ဘဏ်၏ ဥပဒေနှင့်ထုတ်ပြန်သည့် နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များလိုက်နာမှုကို သေချာစေခြင်း။

၇၅။ (က) ဒါရိုက်တာအဖွဲ့သည် အောက်ဖော်ပြပါ ကော်မတီများအပါအဝင် သီးသန့်ရည်ရွယ်ချက်များဖြင့် ကော်မတီနှင့် ဆပ်ကော်မတီများကို တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်-

(၁) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ၊

(၂) ချေးငွေကော်မတီ၊

(၃) လစာချီးမြှင့်ရေးကော်မတီ၊

(၄) စာရင်းစစ်ကော်မတီ၊

(၅) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စီမံခန့်ခွဲရေးကော်မတီ။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကော်မတီနှင့်ဆပ်ကော်မတီတို့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများသည်လည်းကောင်း၊ ၎င်းတို့ အဖွဲ့ဝင်များကို ပေးရမည့်လစာနှင့်ချီးမြှင့်ငွေများသည်လည်းကောင်း ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၇၆။ (က) ရာထူးတာဝန်ယူရန် သင့်မြတ်လျော်ကန်မှုရှိခြင်းနှင့် ဤဥပဒေအရ ရာထူးတာဝန်ထမ်းဆောင်ရန် တားမြစ်ပိတ်ပင်ခြင်းမရှိပါက မည်သူမဆို ဘဏ်တစ်ခု၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ခန့်အပ်ပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် သို့မဟုတ် အမည်စာရင်း တင်သွင်းခွင့်ရှိသည်။

(ခ) ဤဥပဒေအရ ရာထူးတာဝန်နှင့် သင့်မြတ်လျော်ကန်သူ ဟုတ်မဟုတ် ဆုံးဖြတ်ရာတွင် ဗဟိုဘဏ်က သတ်မှတ်နိုင်သည့် အခြားကိစ္စရပ်များအပြင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာ ကဏ္ဍတစ်ခုခုတွင် ပညာအရည်အချင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အရည်အချင်းများ သို့မဟုတ် ထိရောက်သည့်အတွေ့အကြုံများ၊

(၂) အဆိုပါပုဂ္ဂိုလ်သည် လိမ်လည်လှည့်ဖြားမှု၊ မရိုးမဖြောင့်မှု သို့မဟုတ် အခြားမလျော်မကန်ပြုမူကြောင်း ကြပ်မတ်ကွပ်ကဲသည့်အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်းပြည်ပတွင် ဖွဲ့စည်းထားသည့် အသက်မွေးဝမ်းကျောင်းအသင်းအဖွဲ့ သို့မဟုတ် ဥပဒေအရဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းခြင်းခံရခြင်း၊

(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရခြင်း ရှိ မရှိ၊

(၄) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လူမွဲစာရင်းခံယူသူအဖြစ် ကြေညာခံရခြင်းရှိ မရှိ၊

(၅) အဆိုပါပုဂ္ဂိုလ်သည် ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခု၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ ဟုတ် မဟုတ်၊

(၆) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခုက သော်လည်းကောင်း၊ နိုင်ငံတော်တွင် အစိုးရဆေးဘုတ်အဖွဲ့ကသော်လည်းကောင်း စိတ်မနှံ့သူဖြစ်သည်ဟု ကြေညာထားခြင်းခံရသူ ဟုတ် မဟုတ်၊

(၇) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲခြင်းစည်းမျဉ်းအရ အရေးယူခြင်းကြောင့် သော်လည်းကောင်း၊ ဗဟိုဘဏ်က သော်လည်းကောင်း ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးရပ်ဆိုင်းခြင်းခံရသူ ဟုတ် မဟုတ်၊

(၈) အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတော်တွင်ဖြစ်စေ၊ အရပ်ဒေသတစ်ခုခုတွင်ဖြစ်စေ လိုင်စင်အား ခေတ္တရပ်စဲခြင်း သို့မဟုတ် ရပ်စဲခြင်းခံထားရသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ အဓိကအစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်တစ်ဦး ဟုတ် မဟုတ်။

(ဂ) ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာသည် ယင်းဘဏ်လက်အောက်ခံ အခြားအဖွဲ့အစည်း သို့မဟုတ် ဦးပိုင်ကုမ္ပဏီမှအပ အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် တစ်ချိန်တည်း တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) မည်သူ့ကိုမျှ ၎င်း၏ဒါရိုက်တာအဖြစ် ခန့်အပ်ရန် ရည်ရွယ်ကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း ၃၀ မပြည့်မီ ဒါရိုက်တာအဖြစ် အမည်စာရင်းတင်သွင်းခြင်း၊ ခန့်အပ်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းမပြုရ။

(င) အကြောင်းကြားစာကို ဗဟိုဘဏ်၏သတ်မှတ်သည့်ပုံစံဖြင့်ပေးပို့ရမည်ဖြစ်ပြီး ဗဟိုဘဏ်ကတောင်းခံသည့် သက်ဆိုင်သောစာတမ်းအမှတ်အသားများနှင့်သတင်းအချက်အလက်များပူးတွဲပါရှိရမည်။

(စ) ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့တွင် ရည်ညွှန်းဖော်ပြသော ကိစ္စတစ်ရပ်ရပ်ကို သေချာစေရန် လိုအပ်သလို စဉ်းစားချင့်ချိန်ပြီး နောက်ကြောင်းစုံစမ်းစစ်ဆေးခြင်းတစ်ရပ်ရပ် ဆောင်ရွက်ရန် ဗဟိုဘဏ်သည် ဤဥပဒေအရ အခွင့်အာဏာရှိသည်။

**အမှုဆောင်အရာရှိချုပ်ခန့်ထားခြင်းနှင့် ဝန်ဆောင်မှုစည်းကမ်းချက်များ**

၇၇။ (က) ဒါရိုက်တာအဖွဲ့သည် ဤဥပဒေနှင့် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ဘဏ်၏အမှုဆောင်အရာရှိချုပ်ကို ခန့်အပ်ရမည်။

(ခ) ဘဏ်က ပုဒ်မ ၇၆၊ ပုဒ်မခွဲ (ဃ) ကို လိုက်နာမှုမရှိဘဲ မည်သူ့ကိုမျှ အမှုဆောင်အရာရှိချုပ်အဖြစ် အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းမပြုရ။

(ဂ) ဗဟိုဘဏ်သည် ဘဏ်ကအမှုဆောင်အရာရှိချုပ်ခန့်အပ်ရန် ရည်ရွယ်ကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဘဏ်၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် အတည်ပြုရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဗဟိုဘဏ်၏ အတည်ပြုရန် ငြင်းပယ်ကြောင်း အကြောင်းကြားချက်ကို မကျေနပ်သူတစ်ဦးဦးသည် ထိုအကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ဗဟိုဘဏ်သို့အယူခံနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ အယူခံမှုကို လက်ခံရရှိသည့်အခါ ဗဟိုဘဏ်သည် လက်ခံရရှိသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းကို အတည်ပြုခြင်း သို့မဟုတ် အယူခံကိုပယ်ချခြင်း ပြုနိုင်သည်။

(စ) ဗဟိုဘဏ်၏ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

**ဒါရိုက်တာများနှင့် အရာရှိများ အရည်အချင်းပျက်ယွင်းခြင်းနှင့် ရာထူးတာဝန်မှထုတ်ပယ်ခြင်း**

၇၈။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် အရည်အချင်းမရှိစေရ-

(၁) ရာထူးတာဝန်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် သင့်မြတ်လျော်ကန်မှု မရှိသူဖြစ်ခြင်း၊

(၂) ပုဒ်မ ၇၆၊ ပုဒ်မခွဲ (ဃ) အရ ဗဟိုဘဏ်သို့ နည်းလမ်းတကျ အကြောင်းကြားခြင်းမရှိဘဲ ခန့်အပ်ထားသူ၊ ရွေးချယ်တင်မြှောက်ထားသူ သို့မဟုတ် အမည်စာရင်းတင်သွင်းထားသူဖြစ်ခြင်း၊

(၃) ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းတင်သွင်းခြင်းအား ဗဟိုဘဏ်က ပုဒ်မ ၇၇၊ ပုဒ်မခွဲ(ဂ) အရ အတည်ပြုရန် ငြင်းပယ်ခြင်းခံရသူဖြစ်ခြင်း၊

(၄) ဘဏ်၏လုပ်ငန်းတာဝန်များဆောင်ရွက်ရန် အရည်အချင်းမပြည့်သူ၊ အမြဲတမ်း မစွမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(၅) ဘဏ်၏ရည်ရွယ်ချက်များနှင့် ငွေအပ်နှံသူများ၏ အကျိုးစီးပွားကို တစ်နည်းနည်းဖြင့် သိသာထင်ရှားစွာ ဆန့်ကျင်မှုများ ပြုလုပ်လာသူဖြစ်ခြင်း။

(ခ) ဘဏ်သည် ၎င်း၏ဒါရိုက်တာများ သို့မဟုတ် အမှုဆောင်အရာရှိချုပ်က ရာထူးတာဝန်ထမ်းဆောင်ရန် အရည်အချင်းပျက်ယွင်းလာကြောင်း သိရှိသည့်နေ့မှ ၁၅ ရက်အတွင်း ထိုဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အား ထုတ်ပယ်ရမည်ဖြစ်ပြီး ဗဟိုဘဏ်သို့လည်း အကြောင်းကြားစာပေးပို့ရမည်။

(ဂ) ဗဟိုဘဏ်သည် ဘဏ်၏ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် တစ်ဦးဦးက ပုဒ်မခွဲ (က) အရ ရာထူးတာဝန် ဆက်လက်ထမ်းဆောင်ရန် အရည်အချင်းပျက်ယွင်းကြောင်း တွေ့ရှိသည့်အခါ ဗဟိုဘဏ်သည်-

(၁) အဆိုပါပုဂ္ဂိုလ်အား သတ်မှတ်ပေးသည့်ရက်အတွင်း ရာထူးမှ ထုတ်ပယ်ရန်စာဖြင့် ညွှန်ကြားနိုင်သည်။ ထို့ပြင်

(၂) ထိုသို့ညွှန်ကြားချက်မိတ္တူပူးတွဲ၍ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်းခံရသူထံ စာဖြင့်အကြောင်းကြားရမည်။

(ဃ) ဘဏ်သည် ညွှန်ကြားချက်ပါ သတ်မှတ်ပေးသည့်အချိန်အတွင်း အဆိုပါပုဂ္ဂိုလ်အား ရာထူးတာဝန်မှ ထုတ်ပယ်ကြောင်းကို အကြောင်းကြားပြီး ဘဏ်၏အစုရှယ်ယာဝင်များထံ လိုအပ်သလို အကြောင်းကြားရမည်။ ထို့ပြင် ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံသို့ ထုတ်ပယ်ခြင်းကိစ္စကို အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားချက်နှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိအားထုတ်ပယ်ခြင်းသည် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွင်ဖြစ်စေ၊ ဘဏ်၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ အဆိုပါရာထူးတာဝန်မှ ထုတ်ပယ်ကြောင်း ထုတ်ပြန်ကြေညာချက်ကို လက်ခံရရှိသည့်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(စ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) အရ ပေးသည့်ညွှန်ကြားချက်ကို သတ်မှတ်အချိန်ကာလအတွင်း လိုက်နာရန်ပျက်ကွက်သောဘဏ်ဖြစ်ပြီး ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာချမှတ်ခြင်းခံရသော ၎င်း၏တာဝန်ဆက်လက်ထမ်းဆောင်သော ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ဆ) ဘဏ်တစ်ခုခုက ပုဒ်မခွဲ (ဂ) အရ ထိုဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အရာရှိရာထူးတာဝန်မှထုတ်ပယ်ခြင်းကို ကျေနပ်မှုမရှိလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်က ဗဟိုဘဏ်သို့ အယူခံနိုင်သည်။ ထိုကိစ္စတွင် ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ဃ) နှင့် (င) တို့အရ ပြဋ္ဌာန်းသည့် လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်စေရမည်။

**အကျိုးစီးပွားများ ထုတ်ဖော်အသိပေးခြင်း**

၇၉။ (က) ဒါရိုက်တာနှင့် အရာရှိတိုင်းသည် ၎င်းဖြစ်စေ၊ ၎င်း၏ဆွေမျိုးများဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သည့် အရေးကြီးသော ငွေရေးကြေးရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အကျိုးစီးပွားအပြည့်အစုံကို ဒါရိုက်တာအဖွဲ့သို့ ထုတ်ဖော်တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) ပါထုတ်ဖော်တင်ပြခြင်းကို ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ခန့်အပ်တာဝန်ပေးသည်နှင့် ပထမဦးစွာပြုလုပ်ရမည်ဖြစ်ပြီး နှစ်စဉ် ထုတ်ဖော်တင်ပြခြင်းကိုလည်း ပြုလုပ်ရမည်။

(ဂ) ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ယင်းကဲ့သို့ အကျိုးစီးပွားတစ်ရပ် ထပ်မံတိုးပွားရရှိသည့်အခါတွင်လည်း ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ထိုအကျိုးစီးပွားကို ထုတ်ဖော်တင်ပြရမည်။ သို့ရာတွင် ထိုကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရန် အကျေအလည်ဆွေးနွေးခြင်း သို့မဟုတ် မဲပေးခြင်းပြုရာ၌ တက်ရောက်ခြင်းမပြုရ။

**ဒါရိုက်တာများနှင့် အရာရှိများ၏ ပေးရန်တာဝန်**

၈၀။ (က) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းသတ်မှတ်သည့် ပေးရန်တာဝန်များအပြင် ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ၎င်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန် ပြုလုပ်မှုကြောင့်ဖြစ်စေ ဘဏ်တွင်သော်လည်းကောင်း၊ ဘဏ်၌ ငွေအပ်နှံသူ အခြားပုဂ္ဂိုလ်တွင် သော်လည်းကောင်း ဖြစ်ပေါ်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ပေးလျော်ရန် တာဝန်ရှိသည်။

(ခ) ဤပုဒ်မပါ ပုဂ္ဂိုလ်က လုပ်ပိုင်ခွင့်လွှဲအပ်ထားသူ၏ အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန် ပြုလုပ်မှုကြောင့်ဖြစ်စေ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် အဆိုပါ လွှဲအပ်တာဝန်ပေးသူနှင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူတို့သည် တစ်ဦးချင်းသော်လည်းကောင်း၊ တွဲဖက်၍သော်လည်းကောင်း ပေးလျော်ရန် တာဝန်ရှိစေရမည်။

(ဂ) ဤပုဒ်မအရ ဒါရိုက်တာ သို့မဟုတ် အရာရှိထံမှ ဆုံးရှုံးနစ်နာမှုကို ပြန်လည်ပေးလျော်ရန် ဆောင်ရွက်ချက်များကို ပေါ့ဆမှု သို့မဟုတ် မလျော်မကန်ပြုလုပ်မှု ဖြစ်ပေါ်ပြီး သုံးနှစ်အတွင်း စတင်ပြုလုပ်ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

